# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကောင်းမှုပြည့်၏**

အနည်းငယ်သောကောင်းမှုသည် (ငါ့အား) အကျိုးသက်ရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ-၁၂၂)


၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၆ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၁၁ ရက်၊ စနေနေ့ | အတွဲ (၅၅)၊ အမှတ် (၂၅၀)


## အင်းစိန်ဂျီတီအိုင်မြေပေါ်ရှိ အဆောက်အအုံများအား ပညာရေးဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းနိုင်ရန် ဆောင်ရွက်လျက်ရှိ

ပြည်သူ့လွှတ်တော်၊ စာ-၇

## လူငယ်မူဝါဒကို ၂၀၁၆ ခုနှစ် အောက်တိုဘာလကုန်တွင် မူကြမ်းထွက်ရှိရန် လျာထားဆောင်ရွက်လျက်ရှိ

အမျိုးသားလွှတ်တော်၊ စာ-၇

# ပြည်တွင်းငြိမ်းချမ်းရေးရမှ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်



**နေပြည်တော်  ဇွန်  ၁၀**

ပြည်တွင်းငြိမ်းချမ်းရေးရမှ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယနေ့ မီဒီယာများနှင့် တွေ့ဆုံစဉ်ပြောကြားလိုက်သည်။ **(အပေါ်ပုံ)**

“အခြေခံဥပဒေပြင်ဆင်ရေးဆိုတဲ့ဟာက ကျွန်တော်တို့နိုင်ငံမှာ တရားဥပဒေစိုးမိုးပြီးတော့၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတွေဖြစ်ပြီးတော့၊ ပြည်တွင်းငြိမ်းချမ်းရေးတွေရပြီးတော့ လုပ်မှသာလျှင် ပိုပြီးတော့ အဆင်ပြေနိုင်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်လို့အောင်မြင်မှ ပြည်တွင်းငြိမ်းချမ်းရေးရမှ ဒီဟာကို သွားလိုက်တာက တစ်ယောက်နဲ့တစ်ယောက် ပိုပြီးနားလည်မှု၊ ယုံကြည်မှု၊ အပြန်အလှန်လေးစားမှုနဲ့ ဒီလုပ်ငန်းကို အောင်အောင်မြင်မြင်ဆောင်ရွက်လို့ရမှာ။ ဒါကြောင့် ဒီသက်တမ်းမှာလုပ်မယ်၊ ဖြစ်နိုင်ရန် အတတ်နိုင်ဆုံး အမြန်ဆုံးကြိုးစားပြီးလုပ်မယ်”ဟု လွှတ်တော်ဥက္ကဋ္ဌက ပြောသည်။

“အခု ကျွန်တော်တို့အမျိုးသားရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် လုပ်နေပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးဆိုတာ နိုင်ငံသူ၊ နိုင်ငံသားအားလုံးမပါလို့ မရပါဘူး။ လူမျိုးပေါင်းစုံ မပါလို့ မရပါဘူး။ လူမျိုးတစ်ခု၊ နှစ်ခုနဲ့ လုပ်လို့ရတာ မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံကို ပြည်ထောင်စုနိုင်ငံလို့ ပြောလိုက်တာနဲ့ တိုင်းရင်းသားလူမျိုးများအားလုံးပါမှ ရပါမယ်”ဟု ဆက်လက်ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်၌ မီဒီယာများနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ အစိုးရနှင့်လွှတ်တော်အပြန်အလှန်ထိန်းကျောင်းမှုဆိုင်ရာမေးခွန်းများကို ပြန်လည်ဖြေကြားခဲ့သည်။

လွှတ်တော်အလုပ်များ ဆောင်ရွက်သည့်အချိန်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လွှမ်းမိုးမှု ရှိ၊ မရှိ မေးမြန်းမှုအပေါ် *စာမျက်နှာ ၄ ကော်လံ ၁* ▼

**“အခြေခံဥပဒေ ပြင်ဆင်ရေးဆိုတဲ့ဟာက ကျွန်တော်တို့နိုင်ငံမှာ တရားဥပဒေစိုးမိုးပြီးတော့၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတွေဖြစ်ပြီးတော့၊ ပြည်တွင်းငြိမ်းချမ်းရေးတွေရပြီးတော့ လုပ်မှသာလျှင် ပိုပြီးတော့အဆင်ပြေနိုင်ပါတယ်။”**

## ပလိပ်ချည်မျှင်နှင့်အထည် အချောကိုင်စက်ရုံ ပန်ဒါကုမ္ပဏီပိုင်ရှင်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက တရားစွဲ

စာ-၄

## စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်နှင့် ရှားပူးပေါင်းဆောင်ရွက်မှုများပြုလုပ်

စာ-၁၀




# ဝေဖန်ထိုးနှက်ချက်များနှင့် ပြည်သူ့နှလုံးသားယုံကြည်ချက်များ

စင်ကာပူဝန်ကြီးချုပ် လီရှန်လုံးက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အာဆီယံအဖွဲ့ကိုယ်စား အာဆီယံ၏နိုင်ငံတကာအစည်းအဝေးများ၌ ဦးဆောင်ဆွေးနွေးပေးရန် ကမ်းလှမ်းခဲ့ပါသည်။ အာဆီယံ၏သဘောထားအား နိုင်ငံတကာမှ ပိုမိုအလေးထားအာရုံစိုက်လာစေရန် စင်ကာပူဝန်ကြီးချုပ် လီရှန်လုံးက ထိုကဲ့သို့ ကမ်းလှမ်းခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတကာအသိုင်းအဝိုင်း၌ ဒေါ်အောင်ဆန်းစုကြည်၏ ပုဂ္ဂိုလ်ရေး ဩဇာအရှိန်အဝါကြီးမားပုံကို လှစ်ဟဖော်ပြခဲ့သည့် ဖြစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံကြား ရက် ၃၀ ဗီဇာကင်းလွတ်ခွင့်အား ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့၌ စတင်အကောင်အထည်ဖော်မည့်အပေါ် သုံးသပ်ပါကလည်း ဒေါ်အောင်ဆန်းစုကြည်၏ ပုဂ္ဂိုလ်ရေး ဩဇာက ပိုမိုမြန်ဆန်အောင် ဆောင်ကြဉ်းပေးခဲ့သည့် တွန်းအားတစ်ရပ်ဖြစ်သည်ကို သံသယဖြစ်စရာမရှိပါ။ သို့သော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပေါ် ပြည်တွင်းပြည်ပ၌ ပြင်းပြင်းထန်ထန်ဝေဖန်သည်ကိုလည်းကောင်း၊ ဖေးဖေးမမထောက်ပြသည်ကို လည်းကောင်း မြင်နေဖတ်နေရပါသည်။ ရှုမြင်ယူဆပုံ လုံးဝမတူကွဲပြားခြားနားသောသဘောထားအမြင်များပေါ်၌ မည်ကဲ့သို့ ခံယူသုံးသပ်ကြမည်နည်း။ ရှောင်လွှဲမရနိုင်သော ဓမ္မတာဖြစ်ရပ်များဟူ၍သာ ခံယူရှုမြင်ကြရမည်သာဖြစ်ပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပေါ် အလံနီကွန်မြူနစ်ပါတီက တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲအကြို ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ၌ ဝေဖန်ခဲ့သည်ကို သတိရမိပါသည်။ "တိုင်းရင်းသား မနေရှင်ခေါင်းဆောင် ဖဆပလအောင်ဆန်းနှင့် အခွင့်ထူးခံ မနေရှင်ပေါက်စခေါင်းဆောင် အချောင်သမား သိန်းဖေ၊ သန်းထွန်းတို့သည် ဘုရင်ခံက ညစာအဖြစ် သူတို့အား လာဘ်ထိုးသည့် မစင်ဘင်ဘုတ်နှင့်တူသော ဤရွေးကောက်ပွဲကြီးကို စားမည်ဝါးမည်နှင့် သွားရည်တမျှားမျှားဖြစ်နေ လေသည်" ဆိုသည့် ဝေဖန်ချက်ကို အလံနီကွန်မြူနစ်ပါတီ၏ လွတ်လပ်ရေးတိုက်ပွဲအစဉ် (၈-၁၂-၁၉၄၆) ၌ ဖော်ပြထားခြင်းဖြစ်ပါသည်။ အလံနီကွန်မြူနစ်ပါတီခေါင်းဆောင်များနှင့် ပါတီဝင်များသည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးသမိုင်းတို့၌ တက်တက်ကြွကြွ ဦးဆောင်ပါဝင်ခဲ့သော်လည်း "တိုင်းပြုပြည်ပြုလွှတ်တော်ကို ဘုရင်ခံက မခေါ်နိုင်ဘူး။ သူပုန်အစိုးရကသာ ခေါ်နိုင်တယ်" ဟူသော မူဝါဒအလွဲအမှားအပေါ်အခြေခံ၍ တစ်ဖက်စွန်းရောက်ပြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပေါ် ပြင်းပြင်းထန်ထန် ဝေဖန်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပါသည်။ ဤအတိတ်သမိုင်းကို ပြန်လည်ဖော်ပြခြင်းသည် တိုင်းပြည်ရေးရာကိစ္စရပ်များ၌ သဘောထားကွဲလွဲခြင်းနှင့်အတူ ဝေဖန်ထိုးနှက်မှုများ တွဲပါလေ့ရှိသည်ကို ထောက်ပြလို၍ ဖြစ်ပါသည်။

၁၉၄၇ ခုနှစ် မေလ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကျင်းပခဲ့သော ပြည်သူ့လွတ်လပ်ရေး (ဆိုရှယ်လစ်) ပါတီညီလာခံ၌ အောင်ဆန်း-အက်တလီစာချုပ်အပေါ် ပြင်းပြင်းထန်ထန် ဝေဖန်ဆွေးနွေးမှုများ ရှိခဲ့ပါသည်။ အာဇာနည်ခေါင်းဆောင်ကြီး သခင်မြနှင့် ပါတီခေါင်းဆောင် ဦးကျော်ငြိမ်းတို့က ပါတီဝင်များကြား မကျေလည်မှုများရှိခဲ့ပါက နုတ်ထွက်ပေးပါမည်ဟု ပြောဆိုခဲ့ရသည်အထိ ပြင်းထန်ခဲ့ပါသည်။ သို့သော် အောင်ဆန်း-အက်တလီစာချုပ်ပြင်ဆင်ရေးအတွက် သခင်နုခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လန်ဒန်သို့စေလွှတ်ရာ၌ အောင်ဆန်း-အက်တလီစာချုပ်အပေါ် ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သူများကိုပါ ထည့်သွင်းစေလွှတ်ခဲ့ပါသည်။ ဝေဖန်မှုများကြောင့် မိမိတို့ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်များကို တွန့်ဆုတ်ယိမ်းယိုင်တွေဝေခြင်းမရှိခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများအပေါ် ရိုသေစွာမှတ်တမ်းတင်ဂုဏ်ပြုရပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက ရွေးချယ်တင်မြှောက်ခဲ့သော လူထုအစိုးရသည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒလိုလားချက်များကို အမြဲမပြတ်စောင့်ကြည့်သွားမည်ဟု ယုံကြည်ပါသည်။ ကွမ်းစားသုံးမှုလျှော့ချရေးနှင့် ကွမ်းတံတွေး စည်းကမ်းမဲ့ထွေးမှု ပပျောက်ရေးအပေါ် နိုင်ငံတော်သမ္မတရုံးဝက်ဘ်ဆိုက်၌ လူထုသဘောထားတောင်းခဲ့ခြင်းသည် လူထုဆန္ဒလိုလားချက်များအပေါ် မျက်ခြည်ပြတ်မခံသော လူထုအစိုးရ၏ သဘောထားကို ထင်ဟပ်ပြသနေသည်ဟု ရှုမြင်မိပါသည်။ ဤသို့ လူထုဆန္ဒလိုလားချက်များအပေါ် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူထုအစိုးရသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများ ညွှန်ပြခဲ့သည့် စံနမူနာအတိုင်း ဝေဖန်မှုများအပေါ် တွန့်ဆုတ်ယိမ်းယိုင်တွေဝေခြင်းမရှိ၊ ဒီမိုကရေစီပန်းတိုင်ဆီသို့ ဦးဆောင်ချီတက်မည်ဟု အလေးအနက်ယုံကြည်မိပါသည်။ ။



## ညောင်လေးပင်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

ညောင်လေးပင် ဇွန် ၁၀

ကျေးလက်နေပြည်သူများ အခြေခံလယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု တတ်ကျွမ်းနားလည်စေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၂)စက်မှုလယ်ယာစခန်း၌ ဇွန် ၆ ရက်နံနက်က သင်တန်းဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဆန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်မင်းဦးက သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

## မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ သီပေါ၌ စတင်ထုတ်ချေး

သီပေါ ဇွန် ၁၀

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၌ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၄ စုတို့ကို မိုးသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ ထုတ်ချေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စပါးတစ်ကေလျှင် ငွေကျပ်တစ်သိန်းငါးသောင်းနှုန်း၊ ပြောင်း၊ ပဲပုပ်၊ မြေပဲနှင့် အခြားသီးနှံများအတွက် တစ်ကေလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ရွာသစ်နှင့် ပန်စောက်မိန်း ကျေးရွာအုပ်စုများမှ တောင်သူ ၈၅ ဦး တို့အတွက် ငွေကျပ် ၃၄၆ သိန်းကျော်ကို ဇွန် ၆ ရက်က ထုတ်ချေးပေးခဲ့သည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေများကို ဇွန်လကုန်အထိ ထုတ်ချေးပေးမည်ဖြစ်၍ သီးနှံပေါ်ချိန် ဇန်နဝါရီ ၃၁ ရက်မှ စတင်ပေးဆပ်နိုင်ပြီး ၂၀၁၇ ခုနှစ် ဧပြီ ၁၅ ရက် နောက်ဆုံးထားကာ ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

## ကသာမြို့ အထက(၂) ကျောင်းလမ်းပေါ်ရှိ တံတားပျက်စီးမှု ပြုပြင်ပြီးစီး

ကသာ ဇွန် ၁၀

ဇွန် ၆ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာပါ ထင်သာမြင်သာပြုပြင်စရာကဏ္ဍ၌ ကသာမြို့ အထက(၂) ကျောင်းသို့သွားရာ လမ်းပေါ်ရှိ တံတားအား ပြုပြင်ပေးရန် တင်ပြထားရာ သက်ဆိုင်ရာမှ ဇွန် ၈ ရက်တွင် ပုံပါအတိုင်း ယာယီအားဖြင့် ပြုပြင်ထားပြီးဖြစ်ကြောင်း သိရသည်။

လှအောင်(ကသာ)



## ဘီးလင်း၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

ဘီးလင်း ဇွန် ၁၀

သထုံခရိုင် ဘီးလင်းမြို့နယ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၉ ရက်က ဘီးလင်း-ဖာပွန်ကားလမ်းဘေး မိုင်တိုင်အမှတ် (၆/၁)အနီးရှိ ဘုရားရွာ၌ ကျင်းပသည်။

အဆိုပါစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးညီညီစိုးနှင့် ဝန်ထမ်းများ၊ NGO အဖွဲ့များနှင့် ဒေသခံပြည်သူများက ပျိုးပင်ပေါင်း ၄၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန် /ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၀-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၉၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၆.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၃.၄၁ |
| ထိုင်း | တစ်ဘတ် | ၃၃.၈၉၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၈၉၀ |
| တရုတ် | တစ်ယွမ် | ၁၈၁.၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄.၉၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်အများဆုံး(၁၀)ဦးစာရင်း (သိပ္ပံဘာသာတွဲ)

| စဉ် | အမည် | ခုံအမှတ် | ကျောင်း | မြို့နယ် | တိုင်းဒေသကြီး/ပြည်နယ် | ရမှတ်ပေါင်း | ဂုဏ်ထူး အရေအတွက် | ဂုဏ်ထူးရဘာသာရပ် |
|---|---|---|---|---|---|---|---|---|
| ၁ | မထက်ယမင်းအောင် | ဆဗဟ ၄၃၅ | အထက(၂)ဗဟန်း | ဗဟန်း | ရန်ကုန်တိုင်းဒေသကြီး | ၅၆၂ | ၆ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |
| ၂ | မောင်မင်းသွင်ခန့် | ဆဒဂ ၁၁၉ | အထက(၁)ဒဂုံ | ဒဂုံ | ရန်ကုန်တိုင်းဒေသကြီး | ၅၆၁ | ၆ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |
| ၃ | မကဗျာချို | ဆကရ ၁၃၄ | အထက၊ လေ့ကျင့်ရေး၊ ကမာရွတ် | ကမာရွတ် | ရန်ကုန်တိုင်းဒေသကြီး | ၅၆၁ | ၆ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |
| ၄ | မစောကေခိုင်ဦး | ဆဒဂ ၁၀၄၅ | ကောင်းစုံ(ကပက) | ဒဂုံ | ရန်ကုန်တိုင်းဒေသကြီး | ၅၆၀ | ၆ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |
| ၅ | မအိနေခြည်အောင် | ဆဗဟ ၄၃၂ | အထက(၂)ဗဟန်း | ဗဟန်း | ရန်ကုန်တိုင်းဒေသကြီး | ၅၅၈ | ၆ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |
| ၆ | မသည်းမြတ်အောင် | ဆစခ ၂၃၃ | အထက(၂)စမ်းချောင်း | စမ်းချောင်း | ရန်ကုန်တိုင်းဒေသကြီး | ၅၅၈ | ၆ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |
| ၇ | မခင်နေခြည် | ဆဒဂ ၁၄၅ | အထက(၁)ဒဂုံ | ဒဂုံ | ရန်ကုန်တိုင်းဒေသကြီး | ၅၅၇ | ၆ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |
| ၈ | မောင်လွင်ဖြိုးအောင် | ဆကရ ၈၆၄ | အထက(၂)ကမာရွတ် | ကမာရွတ် | ရန်ကုန်တိုင်းဒေသကြီး | ၅၅၆ | ၆ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |
| ၉ | မောင်ချစ်ထွန်းနိုင် | မနတ ၇၁၀ | ကပက၊ CAE | ချမ်းအေးသာစံ | မန္တလေးတိုင်းဒေသကြီး | ၅၅၅ | ၆ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |
| ၁၀ | မအိန္ဒြေဗိုလ်ဗိုလ် | ဆကရ ၃၄၀ | အထက၊လေ့ကျင့်ရေး၊ ကမာရွတ် | ကမာရွတ် | ရန်ကုန်တိုင်းဒေသကြီး | ၅၅၅ | ၆ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |

## ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်အများဆုံး(၁၁)ဦး စာရင်း (ဝိပ္ပံဘာသာတွဲ)

| စဉ် | အမည် | ခုံအမှတ် | ကျောင်း | မြို့နယ် | တိုင်းဒေသကြီး/ပြည်နယ် | ရမှတ်ပေါင်း | ဂုဏ်ထူး အရေအတွက် | ဂုဏ်ထူးရဘာသာရပ် |
|---|---|---|---|---|---|---|---|---|
| ၁ | မောင်သက်ပိုင်စိုး | ဆကရ ၂၀၀၂ | အထက(၅)ကမာရွတ် | ကမာရွတ် | ရန်ကုန်တိုင်းဒေသကြီး | ၅၄၇ | ၆ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ |
| ၂ | မပန်စုသော် | ဆစခ ၇၇၄ | အထက(၂)စမ်းချောင်း | စမ်းချောင်း | ရန်ကုန်တိုင်းဒေသကြီး | ၅၂၆ | ၆ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ |
| ၃ | မအိန္ဒြေမိုးသုံသန်း | ဆကရ ၁၉၄၄ | အထက(၄)ကမာရွတ် | ကမာရွတ် | ရန်ကုန်တိုင်းဒေသကြီး | ၅၂၃ | ၅ | အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ |
| ၄ | မောင်မင်းခန့်မောင် | စက ၃၀၇၂ | အထက(၃)ကလေး | ကလေး | စစ်ကိုင်းတိုင်းဒေသကြီး | ၅၂၀ | ၅ | အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ |
| ၅ | မမေဇင်ဦး | ဆကရ ၂၁၂၇ | အထက(၅)ကမာရွတ် | ကမာရွတ် | ရန်ကုန်တိုင်းဒေသကြီး | ၅၁၇ | ၅ | မြန်မာစာ၊ သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ |
| ၆ | မောင်ထွန်းမင်းအောင် | ပကဒ ၃၅၇ | အထက၊ ကတုတ် | ပဲခူး | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၅၁၂ | ၅ | အင်္ဂလိပ်၊သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ |
| ၇ | မောင်ရဲဖုန်းအောင် | မထ ၁၃၀၀ | အထက(၁)မိတ္ထီလာ | မိတ္ထီလာ | မန္တလေးတိုင်း | ၅၀၈ | ၄ | သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ |
| ၈ | မောင်ပြည့်စုံအောင် | နပန ၁၅၅၉ | ကပက၊ပညာပန်းတိုင် | ပျဉ်းမနား | နေပြည်တော်ကောင်စီနယ်မြေ | ၅၀၇ | ၅ | အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ |
| ၉ | မခိုင်မြတ်မွန် | စက ၃၁၀၂ | အထက(၃)ကလေး | ကလေး | စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ |
| ၁၀ | မဆုမွန်မွန်ဇင် | ပအ ၃၄၀ | အထက၊ ကဝ | ကဝ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၅၀၅ | ၅ | မြန်မာစာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ |
| ၁၁ | မောင်ဟန်ထိုက်စိုး | ဆဒမ ၂၅၉၅ | အထက(၅)ဒဂုံမြို့သစ်(မြောက်ပိုင်း) | ဒဂုံမြို့သစ် | ရန်ကုန်တိုင်းဒေသကြီး (မြောက်ပိုင်း) | ၅၀၅ | ၅ | မြန်မာစာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ |

## ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်အများဆုံး(၁၂)ဦး စာရင်း (ဝိဇ္ဇာဘာသာတွဲ)

| စဉ် | အမည် | ခုံအမှတ် | ကျောင်း | မြို့နယ် | တိုင်းဒေသကြီး/ပြည်နယ် | ရမှတ်ပေါင်း | ဂုဏ်ထူးအရေအတွက် | ဂုဏ်ထူးရဘာသာရပ် |
|---|---|---|---|---|---|---|---|---|
| ၁ | မဟန်နီလွင် | ဖဂ ၁၂၃၃ | အထက၊ ဂန့်ဂေါ | ဂန့်ဂေါ | မကွေးတိုင်းဒေသကြီး | ၄၉၁ | ၄ | မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ |
| ၂ | မသိန်းသန်းနေခြည်စိုး | အဃ ၁၀၁၉ | အထက၊ အိမ်မဲ | အိမ်မဲ | ဧရာဝတီတိုင်းဒေသကြီး | ၄၈၈ | ၄ | သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ |
| ၃ | မမေမြတ်ကို | ညစ ၁၂၀၄ | အထက၊ တောင်စွန်း | ဘီးလင်း | မွန်ပြည်နယ် | ၄၈၅ | ၄ | သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ |
| ၄ | မောင်စည်သူဟိန်း | အဃဆ ၇၈၅ | အထက၊ တကူဆိပ် | အိမ်မဲ | ဧရာဝတီတိုင်းဒေသကြီး | ၄၈၄ | ၄ | မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ |
| ၅ | မောင်ရဲထွဋ် | ဖရရ ၇၂၈ | အထက၊ ရှုံးရှီ | ဂန့်ဂေါ | မကွေးတိုင်းဒေသကြီး | ၄၈၂ | ၃ | ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ |
| ၆ | မောင်စိုင်းကိုအောင် | ဖဟ ၂၀၄၈ | ကပက၊ ရွှေ | ဆော | မကွေးတိုင်းဒေသကြီး | ၄၇၈ | ၄ | အင်္ဂလိပ်၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ |
| ၇ | မောင်စောမြင့်ဦး | စဋ ၁၉၄၃ | အထက၊ ပင်လည်ဘူး | ပင်လည်ဘူး | စစ်ကိုင်းတိုင်းဒေသကြီး | ၄၇၆ | ၄ | မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ |
| ၈ | မသဲနန္ဒာထွန်း | စမလ ၉၆၄ | အထက၊ မော်လူး | အင်းတော် | စစ်ကိုင်းတိုင်းဒေသကြီး | ၄၇၆ | ၃ | ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ |
| ၉ | မသင်းသင်းအောင် | အဗ ၉၇၃ | အထက၊ အိုင်သပြူ | လေးမျက်နှာ | ဧရာဝတီတိုင်းဒေသကြီး | ၄၇၃ | ၃ | ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ |
| ၁၀ | မစုလှိုင်အေး | စဂ ၁၄၃၁ | အထက၊ ကနီ | ကနီ | စစ်ကိုင်းတိုင်းဒေသကြီး | ၄၇၂ | ၃ | ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ |
| ၁၁ | မထက်ဝေကျော်ဇင် | အမဗ ၇၃၁ | အထက၊ မဲဇလီကုန်း | အင်္ဂပူ | ဧရာဝတီတိုင်းဒေသကြီး | ၄၇၂ | ၄ | မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ |
| ၁၂ | စောမျိုးကိုကိုအောင် | အတလ ၉၀၅ | အထက၊ တလုတ္တော် | ဟင်္သာတ | ဧရာဝတီတိုင်းဒေသကြီး | ၄၇၂ | ၃ | ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ |

## ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အောင်ချက်ဇယားနှိုင်းယှဉ်ချက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲ | | | ၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲ | | |
|---|---|---|---|---|---|---|---|
| | | ဖြေဆိုသူ ဦးရေ | အောင်မြင်သူ | | ဖြေဆိုသူ ဦးရေ | အောင်မြင်သူ | |
| | | | ဦးရေ | ရာခိုင်နှုန်း | | ဦးရေ | ရာခိုင်နှုန်း |
| ၁။ | ကချင်ပြည်နယ် | ၂၅၇၈၈ | ၈၁၃၈ | ၃၁.၅၆ % | ၂၇၁၉၁ | ၈၀၈၈ | ၂၉.၇၅ % |
| ၂။ | ကယားပြည်နယ် | ၄၂၈၀ | ၁၃၇၂ | ၃၂.၀၆ % | ၄၆၃၂ | ၁၁၆၆ | ၂၅.၁၇ % |
| ၃။ | ကရင်ပြည်နယ် | ၁၂၀၈၄ | ၃၅၇၀ | ၂၉.၅၄ % | ၁၃၆၃၉ | ၃၇၀၃ | ၂၇.၁၅ % |
| ၄။ | ချင်းပြည်နယ် | ၉၆၃၈ | ၁၇၂၀ | ၁၇.၈၅ % | ၉၈၄၆ | ၁၄၁၄ | ၁၄.၃၆ % |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၇၆၆၇၁ | ၃၀၀၅၂ | ၃၉.၂၀ % | ၈၁၈၀၈ | ၂၇၀၅၀ | ၃၃.၀၇ % |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | ၁၂၉၄၄ | ၄၅၁၆ | ၃၄.၈၉ % | ၁၅၇၆၇ | ၄၆၀၅ | ၂၉.၂၀ % |
| ၇။ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၂၉၉၅၆ | ၁၀၄၄၀ | ၃၄.၈၅ % | ၃၂၁၄၄ | ၉၆၄၁ | ၂၉.၉၉ % |
| ၈။ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၁၈၇၇၃ | ၇၃၀၃ | ၃၈.၉၀ % | ၁၉၅၀၄ | ၆၄၃၉ | ၃၃.၀၁ % |
| ၉။ | မွန်ပြည်နယ် | ၁၈၁၇၀ | ၇၈၈၆ | ၄၃.၄၀ % | ၁၉၆၈၁ | ၇၇၄၉ | ၃၉.၃၇ % |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၅၆၈၇၂ | ၂၃၂၃၉ | ၄၀.၈၆ % | ၆၀၄၃၇ | ၁၈၅၀၃ | ၃၀.၆၂ % |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | ၈၇၂၀၁ | ၃၃၆၅၃ | ၃၈.၅၉ % | ၉၁၆၈၈ | ၃၂၅၅၁ | ၃၅.၅၀% |
| ၁၂။ | နေပြည်တော် | ၁၆၃၅၉ | ၅၀၀၄ | ၃၀.၅၉ % | ၁၇၄၈၉ | ၅၂၂၃ | ၂၉.၈၆ % |
| ၁၃။ | ရခိုင်ပြည်နယ် | ၂၉၄၈၀ | ၆၈၁၉ | ၂၃.၁၃ % | ၃၄၈၂၂ | ၇၃၈၀ | ၂၁.၁၉ % |
| ၁၄။ | ရန်ကုန်တိုင်းဒေသကြီး | ၉၉၀၅၃ | ၃၅၆၆၃ | ၃၆.၀၀ % | ၁၀၁၇၆၇ | ၃၃၈၀၀ | ၃၃.၂၁% |
| ၁၅။ | ရှမ်းပြည်နယ်(တောင်) | ၂၀၉၆၅ | ၇၅၇၈ | ၃၆.၁၅ % | ၂၂၉၆၂ | ၆၅၆၉ | ၂၈.၆၁ % |
| ၁၆။ | ရှမ်းပြည်နယ်(မြောက်) | ၁၄၁၁၂ | ၄၈၅၇ | ၃၄.၄၂ % | ၁၄၄၈၉ | ၄၂၅၄ | ၂၉.၃၆ % |
| ၁၇။ | ရှမ်းပြည်နယ်(အရှေ့) | ၃၆၅၀ | ၉၂၃ | ၂၅.၂၉ % | ၃၈၈၃ | ၈၂၅ | ၂၁.၂၅ % |
| ၁၈။ | ဧရာဝတီတိုင်းဒေသကြီး | ၆၁၈၅၁ | ၃၂၀၂၆ | ၅၁.၇၈ % | ၆၄၃၉၈ | ၁၁၃၄၅ | ၁၇.၆၂ % |
| ၁၉။ | နိုင်ငံခြား | ၉၉ | ၈၈ | ၈၈.၈၉ % | ၉၀ | ၈၃ | ၉၂.၂၂ % |
| | စုစုပေါင်း | ၅၉၇၉၄၆ | ၂၂၄၈၄၇ | ၃၇.၆၀ % | ၆၃၆၂၃၇ | ၁၉၀၃၈၈ | ၂၉.၉၂ % |

## မွန်ဂိုလီးယားနိုင်ငံ သမ္မတ ချစ်ကြည်ရေးခရီး လာရောက်မည်

**နေပြည်တော် ဇွန် ၁၁**

မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ် အယ်လ်ဘတ်ခ်ဒေါ်ဂျ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မကြာမီကာလအတွင်း မြန်မာနိုင်ငံသို့ အလုပ်သဘော ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

## MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၃) ရန်ကုန်နှင့် ရတနာပုံတွေ့ဆုံ

**ရန်ကုန် ဇွန် ၁၀**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို မြန်မာ့လက်ရွေးစင်အသင်း၏ နိုင်ငံတကာပြိုင်ပွဲများကြောင့် ခေတ္တရပ်နားထားရာမှ ဇွန် ၁၁ ရက်တွင် ပြန်လည်ကျင်းပတော့မည်ဖြစ်သည်။ ယခုတစ်ပတ်ပွဲစဉ်တွင် အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်နေသည့် ရတနာပုံအသင်းနှင့် ရန်ကုန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသည်။

ပွဲစဉ်(၁၃)အဖြစ် ဇွန် ၁၁ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်း၊ တောင်ငူကွင်း၌ ဟံသာဝတီအသင်းနှင့် မကွေးအသင်း၊ ဇွန် ၁၂ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ရတနာပုံအသင်း၊ သုဝဏ္ဏကွင်း၌ Southern အသင်းနှင့် Horizon အသင်း၊ မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ ကျောက်တိုင်ကွင်း၌ ဧရာဝတီအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဟံသာဝတီအသင်းမှာ ဒုတိယအကျော့ပွဲစဉ်များအနက် အိမ်ကွင်းပွဲစဉ်များကို တောင်ငူကွင်း၌ လက်ခံကျင်းပမည်ဖြစ်ရာ MNL ကလပ်အသင်းများတွင် အိမ်ကွင်းလက်ခံကျင်းပနိုင်သည့် အသင်းတစ်သင်း ထပ်တိုးလာမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

စာပေမြင့်မှ လူမျိုးတင့်မည်



ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်ရှိ သုတဘောဂစာကြည့်တိုက်၌ ပြည်သူများ သုတ၊ ရသစာအုပ်ပေါင်း ၆၀၀၀ ကျော် အခမဲ့ဖတ်ရှုနိုင်ရန်အတွက် Public Digital Library Service (P.D.L.S) စက်တစ်လုံးကို ဇွန်၉ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ဌေးနှင့်အဖွဲ့က လာရောက်တပ်ဆင်ပေးရာ စိတ်ပါဝင်စားသူများ ဝိုင်းဝန်းကြည့်ရှုကြစဉ်

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်အား NCA စာချုပ်ဘောင်အတွင်းမှနေ၍ ပြန်လည်ပြင်ဆင်ရန်ဆွေးနွေး

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**



**ရန်ကုန် ဇွန် ၁၀**

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစု ပင်လုံအကြိုပြင်ဆင်ရေး ဆပ်ကော်မတီ(၁)၏ ဒုတိယနေ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးခွဲ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

ဆွေးနွေးပွဲသည် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (Framework for Political Dialogue)ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး NCA စာချုပ် မူဘောင်အတွင်းနေ၍ ပြန်လည်ပြင်ဆင်ရန်အတွက် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ယနေ့ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေး ဆပ်ကော်မတီ(၂) ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံအတွက် ပထမအဆင့်အနေဖြင့် မူဘောင်ပြန်လည်သုံးသပ်ခြင်း ဆွေးနွေးပွဲများတွင် NCA စာချုပ်လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တက်ရောက်နိုင်ရန်အတွက် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ဇွန်လဆန်းက ဆွေးနွေးခဲ့သည်များကို ရှင်းလင်းခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မှာကြားသည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေး ဆပ်ကော်မတီ(၁)၏ အတွင်းရေးမှူး(၁) ဖြစ်သူ ဒေါက်တာ ဆလိုင်းလျန်းမှုန်းဆာခေါင်းက "ကျွန်တော်တို့က နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကနေပြီးတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ဆွေးနွေးမယ့်ကဏ္ဍနဲ့ Civil Society Forum မှာ ဆွေးနွေးမယ့် ကဏ္ဍဆိုပြီး နှစ်ခုခွဲမှ ငြိမ်းချမ်းရေးဖြစ်စဉ်က ပိုမြန်မယ်ဆိုပြီးတော့ ကျွန်တော်တို့ မှတ်ချက်ပေးတယ်။ ကျွန်တော်တို့ ငြိမ်းချမ်းရေးအတွက် မရှိမဖြစ်လိုအပ်နေတဲ့ ဆွေးနွေးရမယ့် ကိစ္စတွေ ရှိနေတယ်။ ဒါတွေကိုတော့ ကျွန်တော်တို့အနေနဲ့ နိုင်ငံရေးကို ပို့ဖို့လိုအပ်တယ်။ နောက်စီးပွားရေးထဲမှာလည်း သယံဇာတခွဲဝေမှု (Resource Sharing) ဆိုတာတွေရှိတယ်။ နောက် ဘဏ္ဍာငွေ ခွဲဝေခြင်းလို အရာမျိုးတွေက ဖက်ဒရယ်ကိစ္စနဲ့ ပတ်သက်နေတယ်။ အဲ့ဒါတွေကို ကျွန်တော်တို့အနေနဲ့ အဲ့ဒီလို ထားဖြစ်ခဲ့လို့မရဘူး။ ဒါတွေကိုတော့ နိုင်ငံရေးထဲပို့မှ ဖြစ်မယ်။ အရေးကြီးတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ပို့မှဖြစ်မယ်ဆိုပြီး ပြန်သုံးသပ်ထားတယ်။ အဲ့ဒါကြောင့် အခုဆွေးနွေးမယ့်အကြောင်းအရာတွေက ဘယ်အရာတွေကတော့ ငြိမ်းချမ်းရေးညီလာခံမှာ တိုက်ရိုက်ဆွေးနွေးသင့်သလဲ၊ ဘယ်အရာတွေက Civil Society Forum ကို ချပေးရင် ပိုကောင်းမလဲဆိုတဲ့ အရာမျိုး ကျွန်တော်တို့က သုံးသပ်တယ်။ ဆုံးဖြတ်တာတော့ မဟုတ်သေးဘူး။ သုံးသပ်ဆွေးနွေးတဲ့ အဆင့်ပဲ ရှိပါတယ်"ဟု ပြောသည်။

ယနေ့ဆွေးနွေးပွဲသို့ NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် ရှစ်ဖွဲ့မှ ကိုယ်စားလှယ် ခုနစ်ဦးနှင့် အလုပ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။ အစိုးရကိုယ်စားလှယ်အနေဖြင့် ဆပ်ကော်မတီ(၁)မှ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်၍ ကိုယ်စားလှယ်ရှစ်ဦး တက်ရောက်ခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေး ကော်မတီအတွင်းရေးမှူး ဦးလှမောင်ရွှေက "အခိုကကတော့လာမယ့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ် ဇူလိုင်လကုန် ဒါမှမဟုတ် ဩဂုတ်လကုန်မှာ လုပ်ဖို့ရည်မှန်းပြီးတော့ ပြင်ဆင်နေပါတယ်။ ဒီလိုပြင်ဆင်နေတဲ့ အချိန်မှာပဲ ညီလာခံကျင်းပဖို့အတွက် မူဘောင်ကို ကျွန်တော်တို့ ပြင်ဆင်နေရတာ ရှိတယ်။ ပြင်ဆင်နေတာက ညီလာခံကျင်းပခါနီးမှာ ပြင်ဆင်ရမယ်။ အဲ့ဒီလို မပြင်ဆင်ခင်မှာ ညီလာခံကို ကျွန်တော်တို့ အကြိုပြန်လည်သုံးသပ်ချက်တွေ လုပ်ရမယ်။ အဲ့ဒီသုံးသပ်ချက်တွေကို ၂၀၁၆ ဇွန်လကုန် ဒါမှမဟုတ် ဇူလိုင်လဆန်းလောက် လုပ်နိုင်ဖို့ ရည်မှန်းပြီး ပြင်နေတယ်။ အခုဆွေးနွေးနေတာတွေက အကြိုပြန်လည်သုံးသပ်ချက် (Review) မလုပ်ခင် ကြိုတင်ပြီး ဆွေးနွေးတာပါ"ဟု ပြောသည်။

ယခုနှစ်ရက်တာ ဆွေးနွေးပွဲတွင် ယခင် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ အားသာချက် အားနည်းချက်များအပြင် အနာဂတ်တွင် ငြိမ်းချမ်းရေးကဏ္ဍကို မည်ကဲ့သို့ ဆောင်ရွက်မည်ဆိုသည့် အချက်များအား ဆွေးနွေးခဲ့ပြီး NCA လက်မှတ်မထိုးနိုင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့် ပါဝင်လာနိုင်စေရန် ရည်ရွယ်ထားကြောင်း သိရသည်။

---

# ဥရုချောင်းလက်တက်တွေ ရှင်းလင်းခြင်းလုပ်ငန်းကို ကျောက်စိမ်းတူးဖော်တဲ့ကုမ္ပဏီတွေက နှစ်စဉ်ဆောင်ရွက်ပေးနေပါတယ်

## ရတနာနယ်မြေအတွင်း စိမ်းလန်းစိုပြည်စေဖို့အတွက် ကျောက်စိမ်းတူးဖော်တဲ့ ကုမ္ပဏီတွေမှာ ပျိုးခြံ ၁၂ ခြံ၊ ပျိုးပင်ပေါင်း ၅၀၁၂၆ ပင်ကို စိုက်ပျိုးထားပြီးဖြစ်



ကျောက်စိမ်းထုတ်လုပ်သည့်ကုမ္ပဏီများက ဥရုချောင်းအတွင်း စက်ယန္တရားများဖြင့် ရှင်းလင်းနေသည်ကို တွေ့ရစဉ်

တွေ့ဆုံမေးမြန်း-တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မောင်မွေး

**( မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်စိမ်းတူးဖော်ရေးဌာန (ဖားကန့်)ရုံးမှ ညွှန်ကြားရေးမှူး ဦးတင်စန်းအောင်နှင့် တွေ့ဆုံခြင်း)**

ကျောက်စိမ်းကို ရှေးဟောင်းသုတေသနအထောက်အထားများအရ ပျူခေတ်ကပင် စတင်၍ လက်ဝတ်အဆင်တန်ဆာအဖြစ် အသုံးပြုခဲ့ကြသည်။ ရှေးမြန်မာဘုရင်ခေတ်မှ အင်္ဂလိပ်အစိုးရအုပ်ချုပ်ရေးမတိုင်မီခေတ်၊ အင်္ဂလိပ်နှင့် ဂျပန်အစိုးရခေတ်နှင့် ၁၉၆၂ ခုနှစ်အထိ ကာလများတွင် သံတိုင်နှင့် ဂေါ်တောင်းများ အသုံးပြုပြီး လက်ကျင်းများအဖြစ် တူးဖော်ကြသည်။ ဥရုချောင်းအတွင်းရှိ ရေဆောင်သိုက်များကို ရေငုပ်ကျင်းအဖြစ် တူးဖော်ခဲ့ကြသည်။

တော်လှန်ရေးကောင်စီ လက်ထက် ၁၉၆၄ ခုနှစ် ဧပြီ ၁၁ ရက်တွင် ကျောက်စိမ်းတူးဖော်ခြင်း လုပ်ငန်းများကို ပြည်သူပိုင်သိမ်းယူပြီး ကျောက်စိမ်းတူးဖော် ထုတ်လုပ်ရောင်းဝယ်မှုကို အစိုးရက တာဝန်ယူဆောင်ရွက်ခဲ့သည်။

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

---

▼ *ရှေ့ဖုံးမှ*

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က "နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ အင်မတန်စည်းကမ်းကြီးတယ်။ အင်မတန်ဥပဒေကို လေးစားလိုက်နာတယ်။ လေ့လာစောင့်ကြည့်ကြည့်ပါ။ ဥပဒေနဲ့မညီတာ၊ စည်းကမ်းမရှိတာကို ဘယ်တော့မှမလုပ်ဘူး။ ဘာကိစ္စမှ မလုပ်ဘူး၊ ကိစ္စရှိလို့၊ လုပ်ငန်းရှိလို့ လွှတ်တော်ထဲ လာဖို့ဆိုရင်တောင် ခွင့်တောင်းတယ်။ ဘယ်တော့မှ စွတ်ပြီး ကားနဲ့ ဝင်မလာဘူး။ ခွင့်တောင်းလို့ ကျွန်တော်ခွင့်ပြုရင်လာတယ်။ ခွင့်မပြုရင်မလာဘူး။ အဲ့လောက်ဆိုရင်တော့ အတိမ်အနက်သဘောပေါက်မယ်လို့ ထင်ပါတယ်"ဟု ဖြေကြားသည်။

"အပြန်အလှန်ထိန်းကျောင်းမှု လုပ်လို့ရတဲ့ နည်းလမ်းတွေ လွှတ်တော်မှာ ဖန်တီးထားပါတယ်။ ကော်မတီအခု ၂၀ ရှိတယ်။ ကော်မတီတစ်ခုချင်းကို ဝန်ကြီးဌာနတစ်ခုစီ တာဝန်ပေးထားပါတယ်။ အပြန်အလှန်ထိန်းကျောင်းမှုအနေနဲ့ သူတို့ခေါ်တွေ့နေတာတွေ၊ ကြားနာနေတာတွေ ရှိတယ်။ တိုင်စာရောက်လာပြီဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားနိုင်တဲ့ ပုဂ္ဂိုလ်နဲ့ ဖြေကြားတာတွေလုပ်တယ်။ ခေါ်ဆွေးနွေးတယ်"ဟု လွှတ်တော်ဥက္ကဋ္ဌက ပြောသည်။

ထို့ပြင် လွှတ်တော်ဥက္ကဋ္ဌက "ကျွန်တော်အစိုးရဘက်က ကာကွယ်တယ်၊ မကာကွယ်ဘူးဆိုတာ မေးခွန်းတွေ၊ အဆိုတွေကို ကြည့်လိုက်ပါ။ ကျွန်တော်တင်ပေးတဲ့ မေးခွန်းတွေ၊ အဆိုတွေ အပေါ်မှာ ကာကွယ်လား၊ မကာကွယ်လား။ ကျွန်တော်ကိုယ်၌က သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ အားနည်းမှုတွေကို ဝေဖန်ထောက်ပြတာတွေကို ကြားမှာပါ" ဟုလည်း မီဒီယာများကို ပြောကြားခဲ့သည်။

**ကျော်သူထက်**

---

# ပလိပ်ချည်မျှင်နှင့်အထည်အချောကိုင်စက်ရုံ ပန်ဒါကုမ္ပဏီပိုင်ရှင်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက တရားစွဲ

**စဉ့်ကိုင် ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပလိပ်ပန်ဒါချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ၌ အလုပ်ရှင်နှင့် ဆန္ဒပြအလုပ်သမားများသည် EC စာချုပ်အရ လစာဖြတ်တောက်မှုများကြောင့် ပန်ဒါကုမ္ပဏီစက်ရုံဝင်းအတွင်း ဇွန် ၃ ရက်ကစ၍ ထိုင်သပိတ်ပြုလုပ်နေမှုအပေါ် ပြေလည်မှုရရှိစေရန်အတွက် စဉ့်ကိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ၊ ပန်ဒါကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဆန္ဒပြအအလုပ်သမားအဖွဲ့မှ အလုပ်သမားခေါင်းဆောင်၊ သမဂ္ဂဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဇွန် ၄ ရက်မှ ၈ ရက်အထိ ငါးကြိမ်တိုင် အလုပ်ရှင်နှင့် ဆန္ဒပြအလုပ်သမားများ ပြေလည်မှုရရှိစေရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသော်လည်း ပြေလည်မှုမရှိသဖြင့် ဆန္ဒပြအလုပ်သမားများသည် ဇွန် ၁၀ ရက် နံနက် ၇ နာရီတွင် ထိုင်သပိတ်ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပလိပ်ချည်မျှင်နှင့် အထည်အချောကိုင်စက်ရုံ ပန်ဒါကုမ္ပဏီပိုင်ရှင်အား တိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမင်းဝင်းက အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၃၉ အရ တရားစွဲဆိုခဲ့ရာ စဉ့်ကိုင်မြို့နယ်တရားရုံး၌ အမှုအမှတ် ၃၃၂/၂၀၁၆ဖြင့် တရားစွဲဆိုထားကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# နော်ဝေ၌ ဒေါ်အောင်ဆန်းစုကြည် ပုံတူကြေးရုပ်တု ထုလုပ်ပြီးစီး

နော်ဝေနိုင်ငံ ဖရိုလန်းမြို့ ဒေါ်အောင်ဆန်းစုကြည်ပန်းခြံ၌ ထားရှိမည့် ဒေါ်အောင်ဆန်းစုကြည်ပုံတူကြေးရုပ်အား ထုလုပ်သူ ဗိသုကာပညာရှင် Magnar Kjeldsmo (မာန့်နားရှဲစမိုး) ကိုယ်တိုင် ပန်းခြံဖြစ်မြောက်ရေးကော်မတီထံ ၂၀၁၆ ခုနှစ် ဇွန် ၅ ရက်မှာ လွှဲပြောင်းအပ်နှံခဲ့ပြီး လာမည့်ဇွန် ၁၉ ရက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်မြောက် မွေးနေ့တွင် ဖွင့်လှစ်မည့် ဒေါ်အောင်ဆန်းစုကြည်ပန်းခြံတွင် ထားရှိရန် ပဏာမပြင်ဆင်မှုများ ဆောင်ရွက်နေကြောင်း သိရသည်။

ကြေးအချိန် ၂ ဒသမ ၆ ကီလိုဂရမ်ရှိပြီး အလျား ၂၀ စင်တီမီတာ၊ အနံ ၁၅ စင်တီမီတာနှင့် အမြင့် ၄၀ စင်တီမီတာရှိသော အဆိုပါကြေးရုပ်အား ဒေါ်အောင်ဆန်းစုကြည်ပန်းခြံအလယ်၌ နော်ဝေ-မြန်မာ နှစ်ဘာသာဖြင့် ကိုယ်ရေးအကျဉ်းချုပ်ကမ္ပည်းမှတ်တမ်းထိုး၍ ထားရှိမည်ဟု သိရသည်။

"ပန်းခြံအလယ်မှာ ဒေါ်အောင်ဆန်းစုကြည်အမှတ်တရ သစ်ပင်အနေနဲ့ နှစ်တစ်ထောင်သက်တမ်းခံ သစ်အယ်ပင်တစ်ပင်နဲ့အတူ ကြေးရုပ်ကိုထားမှာဖြစ်တယ်၊ ပန်းခြံအဝင်ဝမှာလည်း မြန်မာပန်းပုဆရာ ကိုငယ်ဇော်ရဲ့ ဒေါ်အောင်ဆန်းစုကြည် ဖယောင်းရုပ်တုလက်ရာကိုလည်း ဧည့်မှတ်တမ်းစာအုပ်နဲ့အတူ ထားဖို့ အစီအစဉ်ရှိပါတယ်၊ လွန်ခဲ့တဲ့ သတင်းပတ်တွေကစပြီး ဖရိုလန်းအပါအဝင် အနီးအနားက မြန်မာတွေလာရောက်ပြီး ပန်းခြံသန့်ရှင်းရေးအတွက် လုပ်အားပေးပြင်ဆင်မှုတွေကို စတင်လုပ်နေကြပါပြီ"ဟု ပန်းခြံဖြစ်မြောက်ရေးကော်မတီ အကြီးအကဲ ဆလိုင်းဂျွန်မန်းက ဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ပုံတူကြေးရုပ်တုကိုထုလုပ်ခဲ့သည့် နော်ဝေပန်းပုဆရာ မာန့်နားရှဲစမိုးက ၎င်းအနေဖြင့် ယခုရုပ်တုအား နော်ဝေနိုင်ငံ နိုဘယ်ငြိမ်းချမ်းရေးစင်တာတွင် ပြသထားရှိသည့် ဒေါ်အောင်ဆန်းစုကြည်ရုပ်တု၏ ပုံတူအား ပြန်လည်ကူးယူထုလုပ်ခြင်းဖြစ်ပြီး အချိန်သုံးပတ်ပေး၍ နေ့ရောညပါ ထုလုပ်ခဲ့ ရကြောင်း ပြောသည်။

"ဒီကြေးရုပ်တုဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာ



ပြည်သူတွေအတွက် ကျွန်တော်ပေးနိုင်တဲ့ အမြင့်ဆုံးလက်ဆောင်တစ်ခုဖြစ်တယ်၊ အောင်ဆန်းစုကြည်ပန်းခြံကို အခြေခံပြီး နော်ဝေ-မြန်မာ ချစ်ကြည်ရေးပိုမိုအားကောင်းလာပြီး နော်ဝေအစိုးရနဲ့ ပြည်သူတွေထံက မြန်မာနိုင်ငံရဲ့ အပြောင်းအလဲအပေါ် လက်ရှိအနေအထားထက် ပိုမိုအာရုံစူးစိုက်ပံ့ပိုးလာမယ်လို့ ယုံကြည်ပါတယ်"ဟု မာန့်နားရှဲစမိုးက ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်ရုပ်တုနှင့်ပတ်သက်၍လည်း ၎င်းက ဒေါ်အောင်ဆန်းစုကြည်ကို လူကိုယ်တိုင်အပြင်မှာမတွေ့ဖူးတာကလည်း ရုပ်တုထုလုပ်ရာမှာ ခက်ခဲတဲ့စိန်ခေါ်မှုတွေပါ၊ သူ့ရုပ်တုကို သုံးကြိမ်တိတိထုလုပ်ခဲ့ရတယ်၊ ဓာတ်ပုံနဲ့ မှတ်တမ်းဗီဒီယိုတွေကို အချိန်ပေးကြည့်ရှုရတယ်၊ ဥရောပနိုင်ငံသားတွေရဲ့ ခန္ဓာကိုယ်အရိုးတည်ဆောက်ပုံနဲ့ အာရှနိုင်ငံသားတွေရဲ့ အရိုးတည်ဆောက်ပုံမတူညီတာကလည်း ရုပ်တုထုလုပ်ရာမှာ စိန်ခေါ်မှုတစ်ခုဖြစ်စေတယ်၊ အခက်ခဲဆုံးကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြင်ပသဏ္ဌာန်နဲ့ အတွင်းစိတ်ပိုင်းကိုပါ ရုပ်တုမှာ ပေါ်လွင်လာအောင်ထုလုပ်နိုင်ဖို့ပါပဲ၊ ရုပ်တုကို ညာဘက်ကကြည့်ရင် ဇွဲနပဲကြီးကာ ခိုင်မာတည်ကြည်တဲ့ ရုပ်မျိုးဖြစ်ပြီး ဘယ်ဘက်ကကြည့်ရင်တော့ နူးညံ့ချိုမြိန်တဲ့ အပြုံးမျိုးကို မြင်ရမှာပါ"ဟု ပြောသွားသည်။

အဆိုပါ ရုပ်တုပေးအပ်ပွဲ အခမ်းအနားတွင် ပန်းခြံဖြစ်မြောက်ရေး တက်ကြွလှုပ်ရှားသူနော်ဝေနိုင်ငံသား Øystein Åsen (အွေစတိုင်း အောဆင်) က "တကယ့်ကိုအံ့သြစရာပါဗျာ။ ဒီနေရာရဲ့ကြီးကျယ်တဲ့အပြောင်းအလဲက တကယ်ပဲထူးခြားပါတယ်။ ဒီနေရာကိုမြင်နေကျ ကျွန်တော်တို့အတွက် အရင်က ဒီနေရာနဲ့ အခုပြောင်းလဲလာပုံက လုံးဝကွာခြားသွားပြီလေ။ ဒီထက်ပိုပြီး အံ့သြစရာကောင်းတာတွေလည်း ထပ်မြင်တွေ့ရဦးမှာပါ"လို့ မှတ်ချက်ပြုသွားသည်။

ပန်းခြံဖြစ်မြောက်ရေးအတွက် စတင်ဦးဆောင်လှုပ်ရှားခဲ့သူ ဆလိုင်းဂျွန်မန်းက မြေကြီးပေါ်မှာရှိသော ပန်းခြံနှင့်စိတ်နှလုံးထဲကပန်းခြံဟူ၍ နှစ်မျိုးရှိကြောင်း၊ မြေကြီးပေါ်က ပန်းခြံတွင် အမှိုက်သရိုက်ရှုပ်ပွနေလျှင် ဒေသဆိုင်ရာစည်ပင်သာယာရေးက ကူညီသန့်ရှင်းရေးလုပ်ပေး၍ရသော်လည်း မိမိတို့စိတ်နှလုံးထဲက အမှိုက်တွေကိုတော့ မည်သည့်စည်ပင်သာယာရေးကမှ ကူညီသန့်ရှင်းပေးနိုင်မည်မဟုတ်ကြောင်း၊ စိတ်နှလုံးထဲမှ ပန်းခြံ၏ ပုံရိပ်တစ်ခုဖြစ်သောကြောင့် အစဉ်သန့်ရှင်းလှပဖို့ မိမိတို့ တစ်ဦးချင်းစီ တာဝန်ဝတ္တရားဖြစ်ကြောင်း ကြေးရုပ်လွှဲပြောင်းပွဲတွင် ကျေးဇူးတင်စကားပြောကြားခဲ့သည်။

လာမည့်ဇွန် ၁၉ ရက်တွင် စတင်ဖွင့်လှစ်မည့် အခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည်အားနော်ဝေနိုင်ငံသို့ အလည်အပတ်လာရောက်၍ ဖွင့်လှစ်ပေးရန် ပန်းခြံဖြစ်မြောက်ရေးကော်မတီအဖွဲ့က ဖိတ်ကြားခဲ့သော်လည်း လုပ်ငန်းတာဝန်များနှင့် မအားလပ်သဖြင့် ၎င်း၏သဘောထားအား မြန်မာနိုင်ငံသံအမတ်ကြီးထံမှတစ်ဆင့် အသိပေးနိုင်ရန် အော်စလိုသံရုံးသို့ သဝဏ်လွှာတစ်စောင်ရေးပို့ပေးထားကြောင်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည်ပန်းခြံ တရားဝင်ဖွင့်ပွဲအခမ်းအနားတွင် အော်စလိုအခြေစိုက် မြန်မာသံရုံးအမှုထမ်းများနှင့်အတူ မြန်မာပြည်ဒီမိုကရေစီအရေးကို တစိုက်မတ်မတ် ကူညီအားပေးခဲ့သူ ယခင် နော်ဝေဝန်ကြီးချုပ်ဟောင်း ရှဲလ်မတ်နဲ ဘွန်ဒယ်ဗစ် (Kjell Magne Bondevik) နှင့် နော်ဝေးနိုင်ငံ အစိုးရအဖွဲ့ လွှတ်တော်ကိုယ်စားလှယ် ရှဲလ်အင်ဂူးလ်ဖ် ရော့ပ်စတက်ဖ် ( Kjell Ingolf Ropstad)အပါအဝင် ဖရိုလန်းမြို့တော်ဝန်နှင့် သံတမန်အချို့၊ ဒေသတွင်းအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ နော်ဝေနှင့် အိမ်နီးချင်းနိုင်ငံများမှ မြန်မာပြည်ဖွားများလည်း ပါဝင်ကြမည်ဟုသိရသည်။

**Tuitha Khuishing**

## ခိုလမ်မြို့၌ ဒုတိယမြောက်စက်ရေတွင်း တူးဖော်မှု အောင်မြင်

**ခိုလမ် ဇွန် ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ခိုလမ်မြို့၌ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက တူးဖော်နေသည့် စက်ရေတွင်းသည် ဇွန်၁၀ ရက်က အနက်ပေ ၂၉၀ ၌ တစ်နာရီ ရေဂါလန် ၂၀၀၀ နှုန်းဖြင့် အောင်မြင်စွာ တူးဖော်နိုင်ခဲ့သည်။



အဆိုပါ ရေအောင်တွင်းသည် ခိုလမ်မြို့နယ်တွင် ဒုတိယမြောက် ရေအောင် စက်ရေတွင်းဖြစ်ပြီး မေ ၃၁ ရက်က ပထမဆုံးရေအောင်စက်ရေတွင်းကို တူးဖော်နိုင်ခဲ့သည်။

အလားတူ ဖောင်ဒေးရှင်းသည် ရေသယ်ယာဉ်များဖြင့် နေရာအနှံ့သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဒေါက်တာ ကျော်ဇင်ဦး၊ ဦးနေနိုင်ဦး၊ စိတ္တသုခ ကုသိုလ်ပြုပရဟိတအဖွဲ့များ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (စီးပွားရေးစီမံခန့်ခွဲမှုမဟာတွဲ)သင်တန်းသားများနှင့် ပူးပေါင်း၍ ဧပြီ ၄ ရက်မှ ယနေ့အထိ ရေဂါလန် ၂၈၀၀ ဆံ့ ရေသယ်ယာဉ်ကြီးဖြင့် လည်းကောင်း၊ တောင်ကြီးမြို့ ညောင်ရွှေမြို့ မကွေးမြို့ ချင်းပြည်နယ်၊ ဟားခါးမြို့နှင့် ဖလမ်းမြို့ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ ကူမဲမြို့ နွားထိုးကြီးမြို့ ကျောက်ဆည်မြို့တို့တွင် ဒေသခံပရဟိတအဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ယင်းမြို့များအနီးတစ်ဝိုက်ရှိ ရေရှားပါးသော ကျေးရွာများသို့ ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်ကြီးများဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့တွင် မြသပိတ်ဘုံဆွမ်းလောင်းအသင်း ပရဟိတအဖွဲ့နှင့် ပူးပေါင်း၍ စစ်ကိုင်းမြို့အနီးရှိ ရေရှားပါးသော ဒေသများသို့ ရေဂါလန် ၄၈၀၀ ဆံ့ ရေသယ်ယာဉ်ကြီးဖြင့် ဧပြီ ၇ ရက်မှ ယနေ့အထိ လှူဒါန်းခဲ့သည်။

ထို့အပြင် ဖောင်ဒေးရှင်းသည် အဝီစိစက်ရေတွင်းတူးရန် အလွန်ခက်ခဲသည့် မြန်မာနိုင်ငံ အနှံ့အပြားဒေသများတွင် ရေတူးစက်ကြီးခုနစ်စီးဖြင့် အဝီစိစက်ရေတွင်း ၁၁၉ တွင်းကို တူးဖော်ခဲ့ရာအဝီစိစက်ရေတွင်းပေါင်း ၇၈ တွင်း အောင်မြင်စွာ တူးဖော်နိုင်ခဲ့ပြီး ဒေသခံပြည်သူများကို သန့်ရှင်းသော သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**သူရလွင်**

## မန္တလေး-ကောလင်း RBE ရထားပြေးဆွဲနိုင်ရေးအတွက် ဒေသခံခရီးသွားပြည်သူများထံမှ သဘောထားတောင်းခံ

**ကောလင်း ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး မန္တလေးမှ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့သို့ မြန်မာ့မီးရထား တိုင်းအမှတ် (၂)တွင် ၁၅၅ မိုင်ကွာခရီးကို RBE ရထားတွဲဆိုင်းသစ်များဖြင့် မန္တလေး-ကောလင်း၊ ကောလင်း-မန္တလေးခရီးစဉ်ကို အထူးရထားပြေးဆွဲနိုင်ရေးအတွက် ဒေသဆိုင်ရာ ပြည်သူလူထုသဘောထားတောင်းခံလွှာကို ဇွန် ၁၀ ရက်က မြန်မာ့မီးရထား(ကောလင်း) ဘူတာရုံပိုင်ကြီး(အထူး) ဦးဌေးဝင်းအောင်၊ ဒုရုံပိုင် ဦးမြင့်ထွန်းနိုင်၊ ဒုရုံပိုင် ဦးကိုကိုအောင်နှင့် အဖွဲ့ကကွင်းဆင်း၍ ဆန္ဒသဘောထားတောင်းခံလွှာများ ခံယူလျက်ရှိကြသည်။

အဆိုပါ RBE ရထားတွဲဆိုင်းအသစ်များသည် ကောလင်းမြို့ မြန်မာ့မီးရထားစက်ခေါင်းရုံသို့ ဇွန် ၈ ရက်က ရောက်ရှိလာကြပြီး တွဲဆိုင်းများတွင် မျက်နှာချင်းဆိုင်ထိုင်ခုံ၊ အဲကွန်း၊ ပန်ကာ၊ ခေတ်မီသန့်စင်ခန်းများ ပါရှိသည်။

တွဲဆိုင်းများမှာ ခေတ်မီတွဲဆိုင်းများဖြစ်ပြီး ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေရန် စီစဉ်ထားသည်။ ကောလင်း-မန္တလေးတွင် ရွှေလုပ်ငန်း၊ ဆန်စပါးလုပ်ငန်း၊ ရာသီလိုက်သီးနှံစုံထွက်ရှိပြီး အထက်မြန်မာပြည် မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၌ ခရီးသည်နှင့် ကုန်သည်များ အများဆုံးသွားလာနေသော ဘူတာတစ်ခုဖြစ်သည်။

ယခုအခါ မော်တော်ယာဉ်လိုင်းများတွင် အောင်ရတနာ၊ အာကာမန်း၊ ရွှေနိုင်ငံ၊ ရွှေကြယ်စင်၊ ရွှေစံအိမ်၊ ရွှေတောင်တန်းတို့က ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၈၀၀၀-၁၀၀၀၀ နှုန်းဖြင့် ပြေးဆွဲနေကြပြီး ပင်လည်ဘူး၊ ဝန်းသိုမြို့နယ်များမှ ခရီးသည်များလည်း လိုက်ပါနေကြသည်။ နေ့စဉ်ပြေးဆွဲနေသော မြန်မာ့မီးရထား အစုန်၊ အဆန်ရထားများတွင်လည်း ခရီးသည်များ နေ့စဉ်ပြည့်ကျပ်လျက်ရှိရာ RBE ရထားပြေးဆွဲခြင်းကို ကြိုက်နှစ် သက်မှုရှိ/မရှိ၊ မန္တလေးဘူတာမှ ညနေ ၃ နာရီ မိနစ် ၃၀ တွင် ထွက်ခွာပြီး ကောလင်းဘူတာသို့ ည ၁၀ နာရီ မိနစ် ၃၀ တွင် ရောက်ရှိမည့် အချိန်စာရင်းကို ကြိုက်နှစ်သက်မှုရှိ/မရှိ၊ ကောလင်းဘူတာမှ ည ၁၀ နာရီခွဲတွင် ထွက်ခွာပြီး မန္တလေးဘူတာသို့ နံနက် ၅ နာရီ မိနစ် ၂၀ တွင် ရောက်ရှိမည့်အချိန်စာရင်းကို ကြိုက်နှစ်သက်မှုရှိ/မရှိတို့ကိုလည်းကောင်း အကြံပြုကြသည်။

လမ်းခရီးရပ်တန့်မည့် မြို့ဟောင်း၊ အမရပူရ၊ ရွာထောင်၊ ဝက်လက်၊ ရွှေဘို၊ ခင်ဦး၊ ထန်းတစ်ပင်၊ ကန့်ဘလူ၊ ကျွန်းလှ၊ ချပ်သင်းတို့တွင် ရပ်နားမည်ကို ကြိုက်နှစ်သက် မှုရှိ/မရှိ၊ မန္တလေး-ကောလင်း အသွားအပြန်ခရီးစဉ်၏ လက်မှတ်ခနှုန်းထားကို ငွေကျပ်လေးထောင်၊ ငါးထောင်၊ ခြောက်ထောင်၊ ခုနှစ်ထောင်နှုန်းထားကိုလည်းကောင်း အကြံပြုတင်ပြရန်၊ သဘောထားမှတ်ချက်ရေး၍ အကြံပြုချက်များ ပေးရန် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများ စိတ်ပါဝင်စားစွာဖြင့် အကြံပြုနေကြကြောင်း သိရသည်။

**ကိုကိုညိမ်း(ကောလင်း)**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရက် ၁၀၀ စီမံကိန်းဆောင်ရွက်ပြီးစီးမှု သတင်းစာရှင်းလင်း

**မန္တလေး ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရက် ၁၀၀ စီမံကိန်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်မည့် လုပ်ငန်းများနှင့် တိုးတက်မှုဖြစ်စဉ်များကို မီဒီယာများနှင့် ဌာနဆိုင်ရာများတွေ့ဆုံရှင်းလင်းပွဲကို ဇွန် ၉ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ ခြောက်ထပ်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ရက် ၁၀၀ စီမံကိန်းတွင် ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ တိုးတက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သက်ဆိုင်ရာဌာနများမှတာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် လုပ်ဆောင်နိုင်မှု၊ တိုးတက်မှုများ၊ ဌာနတစ်ခုချင်းစီ ရှင်းလင်းတင်ပြပြီး ပရိုဂျက်တာဖြင့် လုပ်ဆောင်ခဲ့သည့်လုပ်ငန်းများကို စာရင်းဇယားများဖြင့် ရှင်းလင်းသည်။

ထို့နောက် တက်ရောက်လာသည့်မီဒီယာများက သိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ အခမ်းအနားသို့ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာန တာဝန်ရှိသူများ၊ မီဒီယာများ စုံလင်စွာတက်ရောက်ကြသည်။

ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က မီဒီယာများနှင့် ရင်းရင်းနှီးနှီးပြောဆိုဖြေကြားကာ သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများကလည်း ကဏ္ဍအလိုက် မေးမြန်းသည်များနှင့် ဆက်လက်လုပ်ဆောင်မည့်ကဏ္ဍများကို ရှင်းနှီးပွင့်လင်းစွာ ဖြေကြားခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အလုပ်ရှင် အလုပ်သမားဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီလှမ်းချီ

## ဒေါက်တာ သန်းဝင်း (ချယ်ရီမြေ)

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (International Labour Organization-ILO) သည်၊ ကုလသမဂ္ဂ (United Nations ) ၏ အထူးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် မေလ ၂၈ ရက်နေ့တွင် အိုင်အယ်လ်အို (ILO ) သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် ILO ၏ အလုပ်သမားရေးရာ ပြဋ္ဌာန်းချက်များ (Conventions) အနက် ပြဋ္ဌာန်းချက် (၂၁) ခု ကို လက်မှတ်ရေးထိုး အတည်ပြုခဲ့ပါသည်။

ထိုသို့ အတည်ပြုခဲ့ခြင်းကြောင့် ILO ပြဋ္ဌာန်းချက်ပါ အချက်များအား သက်ဆိုင်ရာ ပြည်တွင်းဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းရန် တာဝန်ရှိသဖြင့်လည်းကောင်း၊ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၂၄)ပါ၊ "နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်။"ဟု ပါရှိသဖြင့် လည်းကောင်း၊ တည်ဆဲအလုပ်သမားရေးရာ ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းများ ဆောင်ရွက် ခဲ့ရာ၊ ၂၀၁၁ ခုနှစ်တွင် အလုပ်သမားအဖွဲ့အစည်း ဥပဒေနှင့် ၂၀၁၂ ခုနှစ်တွင် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေတို့အား ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပါသည်။

**ခုံသမာဓိကောင်စီ၏ စီရင်ပိုင်ခွင့်**

များမကြာမီက စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်၊ မြန်မာ-ဗာနီယာ သစ်အချောထည် စက်ရုံအလုပ်သမားရေးရာ အငြင်းပွားမှုတွင်၊ ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ အရ ဖွဲ့စည်းထားသည့် ခုံသမာဓိကောင်စီက အလုပ်သမားများ တောင်းဆိုချက်များမှ အချို့ကိုသာ ဆုံးဖြတ်ပေးခဲ့ပြီး အခြားသောတောင်းဆိုမှုများမှာ ခုံသမာဓိကောင်စီ၏ စီရင်ပိုင်ခွင့် ပြင်ပတွင်ရောက်ရှိနေသဖြင့် ဆုံးဖြတ်ချက်အဖြစ် ချမှတ်ပေးခဲ့ခြင်းမရှိကြောင်း သိရှိရပါသည်။

အလုပ်ရှင် အလုပ်သမားအငြင်းပွားမှုပေါ်ပေါက် တိုင်ကြား လာပါက ဖြေရှင်းရန်ယန္တရားအဆင့်ဆင့်အား အဆိုပါ ဥပဒေတွင် အောက်ပါအတိုင်း ထည့်သွင်းပြဋ္ဌာန်းခဲ့ပါသည်-

(က) အလုပ်သမား ၃၀ နှင့်အထက် အလုပ်လုပ်ကိုင်နေသောစက်ရုံ၊ လုပ်ငန်းဌာနများတွင် ဖွဲ့စည်းထားသည့် အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များပါဝင်သည့်၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ သို့မဟုတ် အလုပ်ရှင်က တောင်းဆိုချက်အား ဆွေးနွေးညှိနှိုင်း ဖြေရှင်းပေးခြင်း။

(ခ) မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ရှေ့မှောက်တွင် ညှိနှိုင်းဖျန်ဖြေခြင်းနှင့် နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုခြင်းနှင့် စာချုပ်ပါအတိုင်း ဆောင်ရွက်ခြင်း။

(ဂ) ညှိနှိုင်းရာတွင် သဘောတူညီမှုမရရှိပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ခုံသမာဓိအဖွဲ့၏ အဆုံးအဖြတ်ကိုရယူခြင်းနှင့် ကျေနပ်မှုရှိပါက ဆုံးဖြတ်ချက်အား ဆက်လက်ဆောင်ရွက်ခြင်း။

(ဃ) ဆုံးဖြတ်ချက်အား ကျေနပ်မှုမရှိသည့် ဘက်က ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်ရယူရန် လျှောက်ထားခြင်းနှင့် ဆုံးဖြတ်ချက်အား လိုက်နာဆောင်ရွက်ခြင်း။

**အလုပ်သမားအခွင့်အရေး**

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေအား လေ့လာရာတွင် အနှစ်သာရအားဖြင့် အလုပ်ရှင် အလုပ်သမား ဆက်ဆံရေးကောင်းမွန်စေရန် ဖြစ်ပေါ်လာသည့် အလုပ်သမားရေးရာ အငြင်းပွားမှုများအား တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများ၏ ရပိုင်ခွင့်များကို မျှတမှန်ကန်စွာ၊ မြန်ဆန်စွာ ရရှိခံစားနိုင်စေရန် ရည်ရွယ်ပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရှိရပါသည်။ အလုပ်သမားများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အထူးသဖြင့် အလုပ်သမားရေးရာ တက်ကြွလှုပ်ရှားသူများ အကြား ရေပန်းစားလာသည့် စကားရပ်မှာ "အလုပ်သမားအခွင့်အရေး" (Labour Rights ) ပင် ဖြစ်ပါသည်။

အဆိုပါစကားရပ်အား မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုမည်၊ မည်သည့် ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းမည်၊ လောလောဆယ် ဥပဒေ မပြဋ္ဌာန်းနိုင်မီ မည်သို့သဘောတူညီထားမည်နည်းဟု တစ်စုံတစ်ဦးက မေးမြန်းလာက မည်သို့ဖြေကြားမည်နည်း။

**အလုပ်ရှင်ဘက်က ကျိုးကြောင်းဆီလျော်သည့် သဘောမတူမှုအား၊ အလုပ်သမားများဘက်က ကုန်ထုတ်လုပ်မှုရပ်ဆိုင်းစေခြင်းဖြင့် အတင်းအကျပ် တစ်ဖက်သတ်တောင်းဆိုလာပါက အလုပ်ရှင်ဘက်တွင်လည်း အခက်အခဲများဖြစ်ပေါ်စေပြီး အလုပ်ပိတ်သိမ်းသည်အထိ ရောက်ရှိသွားနိုင်သည်ကို သတိပြုရန်လို**

အခြေခံအားဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့က သတ်မှတ်သည့် ပြဋ္ဌာန်းချက်များသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအခွင့်အရေးများ ဖြစ်သော်လည်း၊ မြန်မာနိုင်ငံအတွင်းရှိ အလုပ်သမားများ အဆိုပါအခွင့်အရေးများ အပြည့်အဝရရှိနိုင်သေးမည် မဟုတ်ပါ။ သို့ရာတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးအတည်ပြုထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီ၊ တည်ဆဲအလုပ်သမားရေးရာ ဥပဒေပါ အခွင့်အရေးများကို သက်ဆိုင်သူများ ရရှိရေးမှာ အရေးကြီးပါသည်။

Labour Rights ဆိုရာတွင် အလုပ်သမားများအတွက် အခွင့်အရေးကိုသာဆိုလိုခြင်း မဟုတ်ကြောင်း၊ အလုပ်ရှင်အတွက် အခွင့်အရေး ( Rights for Employers) လည်း ပါဝင်ကြောင်း၊ အလုပ်သမားများနှင့် အလုပ်ရှင်အတွက် အခွင့်အရေးများ မျှတစွာပါဝင်ပြီး နှစ်ဖက်စလုံးက ဥပဒေပါ ပြဋ္ဌာန်းချက်များ လိုက်နာနိုင်မှသာ၊ ကောင်းမွန်သည့် အလုပ်သမားရေးရာ ဥပဒေတစ်ရပ်ဟု သတ်မှတ်နိုင်မည်ဖြစ်ပါသည်။

**တောင်းဆိုမှုအမျိုးအစားနှစ်မျိုး**

အလုပ်ရှင် အလုပ်သမားအငြင်းပွားမှု အများဆုံးဖြစ်ပွားလေ့ရှိသည့် ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များအတွင်း ဖြစ်ပေါ်ခဲ့သည့် အငြင်းပွားမှုများအပေါ် ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီတို့၏ ဆုံးဖြတ်ချက်များအား လေ့လာကြည့်ရာတွင် တောင်းဆိုမှုအမျိုးအစား နှစ်မျိုးအားတွေ့ရှိရပါသည်-

(က) တည်ဆဲအလုပ်သမားရေးရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များပါ ရပိုင်ခွင့် (အခွင့်အရေးများ) များရရှိရန်တောင်းဆိုခြင်း။ (ဥပမာ- တစ်ရက် အလုပ်ချိန် (၈) နာရီ ကျော်လွန်လုပ်ကိုင်ရသည့် အလုပ်ချိန်များအတွက် အချိန်ပိုကြေး တောင်းခံခြင်း၊ ရက်သတ္တတစ်ပတ်အတွက် အလုပ်ပိတ်ရက် တစ်ရက်ရရှိလိုခြင်း၊ အနည်းဆုံး အခကြေးငွေ ဥပဒေအရ တစ်နေ့ အနည်းဆုံးအခကြေးငွေ ၃၆၀၀ ရရှိလိုခြင်း စသည်၊)

(ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသည့်၊ မရှိသေးသည့်၊ လုပ်ငန်းခွင်ဆိုင်ရာ၊ အလုပ်သမားရေးရာ သို့မဟုတ် ငွေကြေးအကျိုးခံစားခွင့်ဆိုင်ရာ တောင်းဆိုမှုများ။ (ဥပမာ- နှစ်ပတ်လည်ဆုကြေးငွေခံစားခွင့် အများနည်းတူရရှိလိုခြင်း၊ ရက်မှန်ကြေး၊ အချိန်ပိုဆုကြေး၊ လစာမဲ့ခွင့်နှင့် လုပ်သက်နှစ်ကြေးရရှိလိုခြင်း၊ စက်ရုံအတွင်း ဌာနပြောင်းရွှေ့ခြင်း စသည်။ )

ပထမအမျိုးအစားဖြစ်သည့် အလုပ်သမားရေးရာ ဥပဒေပါအခွင့်အရေး ရရှိရန်တောင်းဆိုလာမှုအား အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်ကိုယ်စားလှယ်( မန်နေဂျာ/စက်ရုံမှူး) က သတ်မှတ်အချိန်ကာလအတွင်းဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။ ဥပဒေပါ အခွင့်အရေး၊ ဆုံးရှုံးပါက နစ်နာသူက အလုပ်ရုံနှင့် အလုပ်သမားစစ်ဆေးရေးဦးစီးဌာနသို့ဖြစ်စေ၊ ဥပဒေအား စည်းကြပ်ဆောင်ရွက်ရသည့် သက်ဆိုင်ရာ ဌာနသို့ဖြစ်စေ၊ တိုင်ကြားပါက အဆိုပါ တိုင်ကြားမှုအား သက်ဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ဥပဒေ၊ နည်းဥပဒေများတွင် သတ်မှတ်ဖော်ပြထားခြင်း မရှိသည့် တောင်းဆိုမှုများအား ဖြေရှင်းဆောင်ရွက်ရာတွင် ပထမဦးစွာ အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဖက်စုပေါင်း တောင်းဆိုခြင်း( Collective Bargaining ) ပြုရပါသည်။ ထိုသို့တောင်းဆိုရာတွင် အလုပ်ရှင်က ဆောင်ရွက်ပေးရန် သဘောတူသော အချက်များအား၊ အချိန်ကာလ သတ်မှတ်ချက်ပါဝင်သည့် (Collective Bargaining Agreement-CBA ) အဖြစ် နှစ်ဖက်သဘောတူ ချုပ်ဆိုရမည်ဖြစ်ပါသည်။

သို့ရာတွင် အလုပ်ရှင်ဘက်က ကျိုးကြောင်းဆီလျော်သည့် သဘောမတူမှုအား၊ အလုပ်သမားများဘက်က ကုန်ထုတ်လုပ်မှု ရပ်ဆိုင်းစေခြင်းဖြင့် အတင်းအကျပ် တစ်ဖက်သတ် တောင်းဆိုလာပါက အလုပ်ရှင်ဘက်တွင်လည်း အခက်အခဲများ ဖြစ်ပေါ်စေပြီး အလုပ်ပိတ်သိမ်းသည်အထိ ရောက်ရှိသွားနိုင်သည်ကို သတိပြုရန်လိုပါသည်။

ဒုတိယအမျိုးအစား တောင်းဆိုမှုကြောင့် လုပ်သားအင်အား လျှော့ချခြင်း၊ အလုပ်ပိတ်သိမ်းခြင်းများကြောင့် အလုပ်သမားများ အလုပ်လက်မဲ့မဖြစ်စေရေး သတိပြုရန် လိုအပ်ပါသည်။ ထို့ပြင် အချို့သောတောင်းဆိုမှုများမှာ အလုပ်ရှင်၏ စီမံခန့်ခွဲပိုင်ခွင့်အား ထိပါးစွက်ဖက်သည့် သဘောမျိုးဖြစ်သဖြင့် အလုပ်ရှင်များဘက်က ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည်ကိုလည်း တွေ့ရှိရပါသည်။ (ဥပမာ- မန်နေဂျာ ဆက်ဆံရေးမကောင်းသဖြင့် မန်နေဂျာသစ်အစားထိုး ခန့်အပ်ပေးရန်တောင်းဆိုမှု။ )

ဒုတိယအမျိုးအစား တောင်းဆိုမှုပါဝင်သည့် အချို့သော အငြင်းပွားမှုများအား ခုံသမာဓိများက လူမှုရေးတရားမျှတမှုဖြင့် ဆုံးဖြတ်သည့်တိုင် အဆိုပါ အမျိုးအစား အငြင်းပွားမှု အများစုအား အလုပ်ရှင်၏စီမံခန့်ခွဲမှု လုပ်ပိုင်ခွင့်အတွင်း ဝင်ရောက်စွက်ဖက်သည့်သဘော မသက်ရောက်စေရန် ဆုံးဖြတ်ခြင်း မပြုသည်ကို သတိပြုမိပါသည်။

**တရားစွဲဆိုနိုင်သည့်အခွင့်အရေးများ**

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပြဋ္ဌာန်းချက်ပါ အငြင်းပွားမှုဖြေရှင်းရေးစနစ်၏ အဓိကသော့ချက်မှာ အလုပ်ရှင်နှင့် အလုပ်သမားများညှိနှိုင်းဆောင်ရွက်စေခြင်း၊ အစိုးရ၊အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များပါဝင်သည့် သုံးပွင့်ဆိုင်အဖွဲ့ဖြင့် ဖြေရှင်းစေခြင်း၊ အချိန်နှင့် ငွေကြေး အကုန်အကျ သက်သာစေခြင်းတို့ ဖြစ်ပါသည်။

သို့ရာတွင် အချို့သော အလုပ်သမားများ၏ လုပ်ငန်းခွင်အကျိုးဖျက်ဆီးမှုများကြောင့် ထိခိုက်နစ်နာစေမှုဖြင့် အလုပ်ရှင်က တရားစွဲဆို ဆောင်ရွက်နိုင်သကဲ့သို့ အချို့သော အလုပ်ရှင်/မန်နေဂျာတို့၏ ဥပဒေမလိုက်နာမှု၊ ပေါ့ဆမှုကြောင့် အလုပ်သမားများ ထိခိုက်နစ်နာမှုများအတွက်၊ တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်သည့် အခွင့်အရေးများ ပေးအပ်ထားကြောင်း တွေ့ရှိရပါသည်။

**စာရေးသူအနေဖြင့် အောက်ပါအတိုင်းအကြံပြုအပ်ပါသည်-**

* အလုပ်ရှင်နှင့် အလုပ်သမားများ တည်ဆဲအလုပ်သမားရေးရာ ဥပဒေများအား လိုက်နာစေရေးအတွက်၊ အလုပ်သမားရေးရာ ဥပဒေများ၏ အကျိုးသက်ရောက်မှု( Law Enforcement ) ရှိစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက အစိုးရ၊ အလုပ်ရှင်၊အလုပ်သမား သုံးပွင့်ဆိုင်ဆွေးနွေးပွဲများဖြင့် နည်းလမ်းပေါင်းစုံ အသုံးပြုရှာဖွေ ဆောင်ရွက်သွားရန်၊
* အရေးကြီးသော ILO ပြဋ္ဌာန်းချက်များ လက်မှတ်ရေးထိုး အတည်ပြုနိုင်ရေး ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း၊ အတည်မပြုနိုင်မီကာလအတွင်း အလုပ်သမားရေးရာ ဥပဒေများရေးဆွဲရာတွင် အဆိုပါ ILO ပြဋ္ဌာန်းချက်များအား ထည့်သွင်း ရေးဆွဲသွားရန်၊
* အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေအရ တောင်းဆိုမှုပြုရာတွင် ကုန်ထုတ်လုပ်မှု မရပ်ဆိုင်းစေရေးအား သတိပြုဆောင်ရွက်ကြရန်နှင့် တောင်းဆိုမှုပြုရာတွင် ဆန္ဒပြခြင်း၊ သပိတ်မှောက်ခြင်းများအား၊ တည်ဆဲအလုပ်သမားရေးရာ ဥပဒေများနှင့်အညီသာ ကျင့်သုံးဆောင်ရွက်ရန်။

ထိုသို့ ဆောင်ရွက်နိုင်ခြင်းကြောင့် အလုပ်ရှင်နှင့် အလုပ်သမားများ ဆက်ဆံရေးကောင်းမွန်ပြီး ကုန်ထုတ်လုပ်ငန်းများတိုးတက်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်ဖြင့် စီးဝင်လာစေခြင်းဖြင့် ဒီမိုကရေစီလမ်းကြောင်းသို့ ချီတက်နေသည့် နိုင်ငံတော်၏ စီးပွားရေးမျက်နှာစာ သာယာလှပစေရန် ဆုမွန်ကောင်းတောင်းလျက် (၁၀၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ ညီလာခံကြီးအား ဂုဏ်ပြု ရေးသားလိုက်ရပါသည်။

**(ဖော်ပြပါ ဆောင်းပါးသည် ၂၀၁၆ ခုနှစ် မေလ ၃၀ ရက်မှ ဇွန်လ ၁၀ ရက်ထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပခဲ့သည့် (၁၀၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံကို ဂုဏ်ပြုသည့်အနေဖြင့် ဖော်ပြခြင်းဖြစ်ပါသည်။)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၁၀**

နေပြည်တော်နှင့် ရန်ကုန်မြို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာပြီး မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# အင်းစိန်ဂျီတီအိုင်မြေပေါ်ရှိ အဆောက်အအုံများအား ပညာရေးဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းနိုင်ရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၀**
အင်းစိန်ဂျီတီအိုင်တွင် မူလအတိုင်း နည်းပညာနှင့် အသက်မွေးပညာ သင်တန်းများ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောသည်။

ယနေ့ ပြည်သူ့လွှတ်တော်၌ အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး၏ အင်းစိန်မြို့နယ်ရှိ စက်မှုလက်မှုသိပ္ပံ(GTI) ကျောင်း ပြန်လည်အကောင်အထည်ဖော်ရန် ရှိ၊ မရှိ မေးမြန်းမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ဖြေကြားခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ အင်းစိန်ဂျီတီအိုင်သည် ၁၉၉၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော သမိုင်းဝင်ကျောင်းဖြစ်ပြီး အလယ်အလတ်ကျွမ်းကျင် A.G.T.I ဒီပလိုမာလက်မှတ်ရ အရည်အချင်းပြည့်ဝသည့် အင်ဂျင်နီယာများကို အဓိကထား လေ့ကျင့်ပေးခဲ့သော ကျောင်းတစ်ကျောင်းဖြစ်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် အင်းစိန်ဂျီတီအိုင်အား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး

အင်းစိန်ဂျီတီအိုင်မြေဧက ၄၁ ဒသမ ၉၉၇ ဧကနှင့် မြေပေါ်ရှိ အဆောက်အအုံများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ပညာရေးဝန်ကြီးဌာနသို့ အဆင့်လိုက် ပြန်လည်လွှဲပြောင်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆက်လက်ရှင်းလင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဒေါပုံမဲဆန္ဒနယ်မှ ဦးပြုံးချို၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းအား စာသင်ကျောင်းများနှင့် အခြားပညာရေးအဖွဲ့အစည်းများတွင် အသိပညာပေးရေးနှင့် နိုင်ငံပိုင်မီဒီယာများတွင် ထည့်သွင်းပေးရန် ရှိ၊ မရှိ မေးမြန်းချက်အပေါ် ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်များ၏ ဥပဒေကျောင်းသားကျောင်းသူများအတွက် လက်ရှိပညာသင်နှစ် တတိယနှစ်၌ Human Rights Law ကို သင်ကြားနေပြီး မဟာဥပဒေတန်းတွင်လည်း Human Rights Law ကို အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းသင်ကြားလျက်ရှိကြောင်း၊ ထို့ပြင် တတိယနှစ် ကျောင်းသား ကျောင်းသူများ အတွက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ ထည့်သွင်းသင်ကြားသွားမည်ဖြစ်ကြောင်း၊ အခြေခံပညာကဏ္ဍတွင်လည်း ၂၀၀၄-၂၀၀၅ ပညာသင်နှစ်မှစ၍ အလယ်တန်းနှင့် အထက်တန်း အဆင့်တို့တွင် တွဲဖက်သင်ရိုးအဖြစ် သင်ကြားပေးလျက်ရှိပြီး ကလေးသူငယ်အခွင့်အရေးလေးမျိုးကို တတိယတန်းနှင့် စတုတ္ထတန်း၌ ထည့်သွင်းသင်ကြားလျက်ရှိကြောင်း။


ဦးမောင်မောင်ဦး
အင်းစိန်မဲဆန္ဒနယ်

ထို့ပြင် လူ့အခွင့်အရေးကြေညာစာတမ်းဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကို မြန်မာဘာသာသို့ ပြန်ဆိုပြီး ထုတ်လွှင့်ခဲ့ပါကြောင်း၊ လူ့အခွင့်အရေးနှင့် ပတ်သက်၍ သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ သတင်း၊ ခတ်ပုံ၊ ဆောင်းပါး၊ အင်တာဗျူးများ ပေးပို့ပါက ဦးစားပေးဖော်ပြသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၏ စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများအနေဖြင့် စိုက်ပျိုးချိန်အမီ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက တစ်နိုင်ငံလုံးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ခန့်မှန်းခြေစာရင်းအရ ချေးငွေရယူမည့် စုစုပေါင်းစိုက်ဧကမှာ ၁၆ ဒသမ ၇၅ သန်းခန့်ဖြစ်ကြောင်း၊ နှစ်စဉ်နှစ်တိုင်း ချေးငွေရန်ပုံငွေကိစ္စအတွက် အချိန်မီကြိုတင် တင်ပြဆောင်ရွက်ပြီး ခွင့်ပြုချက်ရရှိသည်နှင့် ချေးငွေရန်ပုံငွေခွင့်ပြုခြင်း၊ ချေးငွေ ညွှန်ကြားစာထုတ်ပြန်ခြင်း၊ မြန်မာ့စီးပွားရေးဘဏ် မြို့နယ်ဘဏ်ခွဲများသို့ ငွေထုတ်ကန့်သတ်ချက်ပေးပို့ခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုဘဏ္ဍာနှစ် မေလ ဒုတိယပတ်တွင် ချေးငွေစတင်ထုတ်ချေးခဲ့ပါကြောင်း၊ စိုက်ပျိုးစရိတ်များကို တောင်သူများ အချိန်မီရရှိရေးအတွက် နှစ်စဉ်လုံ့လစိုက် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ခဲ့ပြီး ယနေ့ ဇွန် ၁၀ ရက်တွင် ပြီးဆုံးခဲ့သည်။
**(သတင်းစဉ်)**

# လူငယ်မူဝါဒကို ၂၀၁၆ ခုနှစ် အောက်တိုဘာလကုန်တွင် မူကြမ်းထွက်ရှိရန် လျာထားဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၀**
မြန်မာနိုင်ငံလူငယ်မူဝါဒရေးဆွဲရေးဗဟိုကော်မတီနှင့် မြန်မာနိုင်ငံလူငယ်မူဝါဒမူကြမ်း ရေးဆွဲရေးအဖွဲ့များဖွဲ့စည်း၍ လူငယ်များကိုယ်တိုင် ပါဝင်ရေးဆွဲနိုင်ရေးအတွက်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့အစည်းအဝေးတွင် ဖြေကြားခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၏ **ပြည်ထောင်စု အစိုးရအနေဖြင့် လူငယ်ရေးရာမူဝါဒတစ်ရပ်ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၁၇ ဒသမ ၈၁ ရာခိုင်နှုန်းသည် အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်းရှိ လူငယ်များဖြစ်ပါကြောင်း၊ လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးခြားသည့် အင်အားစု တစ်ရပ်ဖြစ်သည့်အပြင် အနာဂတ်ခေါင်းဆောင်များလည်း ဖြစ်ပါကြောင်း။

ယနေ့ခေတ်တွင် အရည်အသွေးပြည့်ဝသည့် လူငယ်အဖွဲ့အစည်းများကို ပိုင်ဆိုင်သည့် နိုင်ငံများသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်မည့် အလားအလာကောင်းများကိုလည်း တွေ့မြင်နေရပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် လူငယ်များကို မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ရောက်ရှိစေပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းများအဖြစ်သို့ ရောက်ရှိစေရန် စနစ်တကျ ပြုစုပျိုးထောင်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။


ပြည်ထောင်စုဝန်ကြီး
ဦးဝင်းမြတ်အေး

ကမ္ဘာပေါ်တွင် လူငယ်မူဝါဒရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသည့် နိုင်ငံပေါင်း ၃၀ ကျော်အနက် မြန်မာနိုင်ငံသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း၊ လူငယ်မူဝါဒရေးဆွဲနိုင်ခြင်းမရှိသည့် နိုင်ငံများတွင် လူငယ်များ၏ လိုအပ်ချက်များ၊ တောင်းဆိုချက်များ၊ အမြင်များ အပေါ်အခြေခံ၍ လုံလောက်သည့် တုံ့ပြန်မှုများ ဆောင်ရွက်ပေးမှု အားနည်းသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့နိုင်ငံတွင် လူငယ်မူဝါဒရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံ အဆောက်အအုံကောင်းများနှင့် အထောက်အကူပေးမည့် ဝန်းကျင်တစ်ခုကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် နိုင်ငံ၏ အမျိုးသားရေး ရည်မှန်းချက်များ၊ ဦးစားပေးအစီအစဉ်များနှင့် ဒီမိုကရေစီလမ်းစဉ် ဖော်ဆောင်ရေးတို့တွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

လူငယ်မူဝါဒကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံကိန်းတွင် ဦးစားပေးလုပ်ငန်းအဖြစ် ဧပြီ ၂၁ ရက်မှစတင် အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလကုန်တွင် မူကြမ်းထွက်ရှိရန် လျာထားကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။


ဦးဥက္ကာမင်း တနင်္သာရီတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၈)

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်းက **ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ကျင်းပမည့် မြန်မာလူငယ်ဖိုရမ်နှင့် စပ်လျဉ်းပြီး ဝန်ကြီးဌာနမှ လူငယ်ထုနှင့် မည်သို့ ချိတ်ဆက်ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း** ဆက်လက်မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူမှုဝန်ထမ်း ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရက် ၁၀၀ စီမံကိန်း၏ ဦးစားပေး အစီအစဉ်အနေဖြင့် မူဝါဒရေးဆွဲရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မုံရွာမြို့၌ကျင်းပမည့် လူငယ်ဖိုရမ်ကိုလည်း ဝန်ကြီးဌာန သုံးခုမှ ကိုယ်စားလှယ်တက်ရောက်၍ ဆွေးနွေးပွဲမှ ရရှိသည့် အချက်အလက်များအပေါ် မူတည်ပြီး လူငယ်မူဝါဒရေးဆွဲရေး အတွက် ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများနှင့် ကော်မတီများက ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များကို လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီး အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။
**(သတင်းစဉ်)**

# မြစ်ကြီးနား၌ လေဆိပ်အဆောက်အအုံသစ်ဖွင့်

**ရန်ကုန် ဇွန် ၁၀**

ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံဒေသအသီးသီးသို့ လေကြောင်းခရီးသွားလာမှုလွယ်ကူချောမွေ့စေရေး ရည်ရွယ်ပြီး တည်ဆောက်ပေးခဲ့သည့် မြစ်ကြီးနားလေဆိပ် အဆောက်အအုံသစ်ကြီးကို ယနေ့နံနက်ပိုင်းက အောင်မြင်စွာ ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါအခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က “မြစ်ကြီးနားလေယာဉ်ကွင်းသည် ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်တပ်များ တည်ဆောက်ခဲ့သည့် လေယာဉ်ကွင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဆက်လက်ပြီး F-28 ဂျက်လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာဆင်းသက်နိုင်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ တိုးချဲ့ပြင်ဆင်မှုများအနေဖြင့် သက်တမ်းကုန်နေသည့် ပြေးလမ်းမျက်နှာပြင်ကို ကျောက်ကတ္တရာရေပိတ်လွှာတင်ခြင်း၊ မူလလေဆိပ်အဆောက်အအုံ (၁၁၇× ၄၅)ပေတွင် အရေးကြီးပုဂ္ဂိုလ်ဆောင် တိုးချဲ့ဆောင်ရွက်ခြင်း၊ မူလလေဆိပ်အဆောက်အအုံအကြီးစားပြင်ဆင်ခြင်း၊ လေကြောင်းထိန်းမျှော်စင်မြှင့်တင်ခြင်းနှင့် လေဆိပ်ဆိုင်ရာ ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထပ်မံ၍ လုံလောက်သောလေယာဉ်ပြေးလမ်းအလျားရရှိစေရန် လက်ရှိပြေးလမ်း၏မြောက်ဘက်သို့ အလျားပေ (၁၀၀၀×၁၅၀) ကျောက်ကတ္တရာခင်းတိုးချဲ့ခြင်းကိုဆောင်ရွက်ပေးခဲ့ကြောင်း၊ လေယာဉ်ပြေးလမ်း လေယာဉ်သွားလမ်းနှင့် လေယာဉ်ရပ်နား နေရာအားလုံးကို လေးပေထု နိုင်လွန်ကတ္တရာခင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ မြစ်ကြီးနားလေဆိပ်၏ လေကြောင်းခရီးစဉ်လက်ခံပျံသန်းဆောက်ရွက်ပေးနိုင်မှုအပိုင်းတွင် ၂၀၁၄ ခုနှစ်အတွင်း ပြည်တွင်း လေကြောင်းလိုင်းခုနစ်လိုင်း မြစ်ကြီးနားလေဆိပ်သို့ ဆင်းသက်ပျံသန်းပြေးဆွဲခဲ့ရာမှ ၂၀၁၅ နှစ်တွင် တိုးချဲ့ပျံသန်းပြေးဆွဲလာမှုကြောင့် ခရီးသည်အဝင်၊ အထွက်တိုးတက်မှု ရာခိုင်နှုန်းအရ ၁၆ ဒသမ ၃၆ ရာခိုင်နှုန်း တိုးတက်လာသည့်အတွက် မူလခရီးသည် လေဆိပ်အဆောက်အအုံနှင့် အဆင်ပြေလုံလောက်မှုမရှိတော့၍ နိုင်ငံတော်၏ခွင့်ပြုရန်ပုံငွေများဖြင့် ဝန်ကြီးဌာနလုပ်ငန်းအပ်နှံမှုအရ ခိုင်မာသောပန်းတိုင်ကုမ္ပဏီမှအလျားပေ ၂၀၀၊ ကျယ်ပေ ၈၀ နှစ်ထပ်ကွန်ကရစ် အဆောက်အအုံသစ်ကို တည်ဆောက်ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ ယင်းလေဆိပ်ကို ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးဝင်းညွန့်၊ လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် ခိုင်မာသောပန်းတိုင်ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်ပေးခဲ့သည်။
**မြင့်မောင်စိုး**

❐ *ကျောဖုံးမှ*

“ပထမအကြိမ်မှာ ဆုရတဲ့လူငယ်တွေအတွက် ဆုကြေးငွေအပြင် နိုင်ငံခြားမှာ အလုပ်ရုံ ဆွေးနွေးပွဲခရီးစဉ်လည်း ပါပါတယ်။ ဘဝအတွက်တန်ဖိုးရှိတဲ့ အတွေ့အကြုံတစ်ခု၊ ဗဟုသုတတွေ၊ အဆက်အသွယ်တွေရစေမယ့် ခရီးစဉ်အဖြစ် ဆောင်ရွက်ထားပါတယ်။ ဆုရတဲ့သူတွေက ဆုရပြီးတာနဲ့ အနာဂတ်လမ်းကြောင်း ပြီးဆုံးသွားမှာ မဟုတ်ပါဘူး။ သူတို့ရဲ့ဆက်လက်ဖန်တီးနိုင်ခွင့်ကို ပံ့ပိုးသွားနိုင်အောင်လည်း ဆောင်ရွက်ထားပါတယ်။ ပြိုင်ပွဲဝင်ဒါရိုက်တာတွေကို ရုပ်ရှင်ရိုက်နိုင်အောင် ကူညီပံ့ပိုးပေးတယ်။ ဆုရတဲ့ ဒါရိုက်တာတွေကိုလည်း ရုပ်ရှင်လောကထဲ ဝင်လာစေချင်တယ်။ ရပ်တည်ခွင့်၊ အခွင့်အရေးတွေရလာအောင် ဖန်တီးပေးချင်တယ်။ အဓိကကတော့ ဒီပြိုင်ပွဲကို ကျင်းပတာကအနာဂတ် ရုပ်ရှင်လောကအတွက် မျိုးဆက်သစ်လူငယ်တွေ ပေါ်ထွက်လာဖို့ ရည်ရွယ်တာပါ”ဟု ဦးလူမင်းက ပြောသည်။

ဒုတိယအကြိမ်ပြိုင်ပွဲကို ဇာတ်ကားလက်ခံချိန် ဇွန်လမှ ဩဂုတ် ၃၁ ရက်အထိ သတ်မှတ်ထားပြီး ဆန်ခါတင်နှင့် နောက်ဆုံးပြိုင်ပွဲကို စက်တင်ဘာလတွင် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ သိရှိလိုပါက ဖုန်း-၀၁-၂၅၅၁၆၅၊ ၀၉-၂၆၄၃၈၂၇၄၀ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

❖ *စာမျက်နှာ ၄ မှ*

၁၉၆၆ ခုနှစ် ဖေဖော်ဝါရီလမှစ၍ လုံးခင်း၊ ဖားကန့်ဒေသရှိ ကျောက်စိမ်းတွင်းနယ်မြေများတွင် ပုဂ္ဂလိကများကို တူးဖော်ခွင့် မပြုတော့ဘဲ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဓာတ်သတ္တု တိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းလက်ထက် ကျောက်စိမ်းတွင်းစီမံကိန်းအမည်ဖြင့် နိုင်ငံတော်ပိုင်ကျင်းများအဖြစ် ဖွင့်လှစ်ပြီး ဖားကန့်ကြီးမှော်၊ ကြက်တကောင်ကုန်းမှော်၊ မှော်တောင်းမှော်တို့တွင် စက်ကျင်း၊ လက်ကျင်းများအဖြစ် ၁၉၇၄ ခုနှစ်အထိ တူးဖော်ခဲ့သည်။

၁၉၇၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစပြီး ကုန်သွယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ်(၁၉)(ကျောက်မျက်ရတနာ)နှင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဓာတ်သတ္တု တိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း၏ ကျောက်မျက်ရတနာစီမံကိန်းနှင့် ကျောက်စိမ်းတွင်းစီမံကိန်းတို့ပူးပေါင်းကာ မြန်မာ့ကျောက်မျက်ရတနာကော်ပိုရေးရှင်းအဖြစ် ဖွဲ့စည်းခဲ့သည်။

ထိုကာလက လုံးခင်း၊ ဖားကန့်ဒေသ၌ နိုင်ငံတော်ပိုင် ကျောက်စိမ်းတူးဖော်ရေးစခန်းအဖြစ် ခြောက်ဦးစခန်း တစ်ခုသာ ဖွင့်လှစ်ပြီး ကျောက်စိမ်းရိုင်းများ တူးဖော်လုပ်ကိုင်ခဲ့သည်။ ထို့နောက် တောမှော်၊ ဆမား၊ ခိုင်ဆူး၊ ခိုင်ကျင်၊ မရမ်းဂမ်၊ ဝါကဲ မှော်တို့တွင်လည်း တူးဖော်ရေးစခန်းများဖွင့်လှစ်ပြီး စက်အား၊ လူအားဖြင့် တူးဖော်လုပ်ကိုင်ခဲ့ကြောင်း သိရှိရသည်။

ယခုအခါ ကျောက်စိမ်းတူးဖော်ထုတ်လုပ်သည့် လုံးခင်း၊ ဖားကန့်ရတနာမြေ၊ ခန္တီးရတနာမြေနှင့် မော်လူး-မော်ဟန် ရတနာ (မိုးညှင်းဒေသ)မြေဟု နေရာသုံးနေရာ သတ်မှတ်ထားသည်။

လုံးခင်း၊ ဖားကန့်ရတနာမြေသည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဖားကန့်ဒေသတွင် တည်ရှိပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် (၁၈-၁၀-၂၀၀၁) ရက်စွဲပါ အမိန့် ကြေညာစာ အမှတ် (၈၈/၂၀၀၁)ကို ထုတ်ပြန်ကာ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေအဖြစ် သတ်မှတ်ခဲ့ကြောင်း၊ အကျယ်အဝန်းမှာ ၂၇၃၇ ဒသမ ၆ စတုရန်းမိုင်၊ ဧက အနေဖြင့် ၁၇၅၂၀၆၄ ဧကရှိကြောင်း လေ့လာသိရှိရသည်။

လုံးခင်း၊ ဖားကန့်ရတနာနယ်မြေ၏ လက်ရှိ ကျောက်စိမ်း လုပ်ငန်းအခြေ အနေကို သိရှိနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်စိမ်းတူးဖော်ရေးဌာန (ဖားကန့်)ရုံးတွင် ညွှန်ကြားရေးမှူး ဦးတင်စန်းအောင်အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ ဖားကန့်ဒေသမှာ လက်ရှိ ကျောက်စိမ်းတူးဖော်ထုတ်လုပ်နေမှုနဲ့ ပတ်သက်ပြီး ပြောပြပေးပါခင်ဗျာ။**

ဖြေ။ တရားမဝင်တူးဖော်သူတွေ တရားဝင်တူးဖော်လုပ်ကိုင်နိုင်ဖို့ ကျောက်မျက်ရတနာ ဖက်စပ်လုပ်ငန်းတွေကို ၂၁-၃-၁၉၉၀ ရက်နေ့မှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီအချိန်က ဥရုချောင်းတစ်လျှောက် ရေဆောင်သိုက်ရှိတဲ့ ဖားကန့်ကြီး၊ ဆန်းကြွယ်၊ မမုံ၊ မက်လင်ချောင်၊ ဘန်ဂို့၊ ရှင်တစ်ထောင်မှော်တို့မှာ ချောင်းထဲ ပိတ်တန်းပြုလုပ်ပြီး တူးဖော်တဲ့နည်းနဲ့ ဟင်းလင်းဖွင့်တူးဖော်တဲ့ နည်းစနစ်တွေနဲ့ တူးဖော်လုပ်ကိုင်ခဲ့ပါတယ်။ အဲ့ဒီနောက် နိုင်ငံတော်အစိုးရက ၂၉-၅-၁၉၉၅ ရက်နေ့မှာ ကျောက်မျက်ရတနာဥပဒေနဲ့ ၄-၁၀-၁၉၉၅ ရက်နေ့မှာ မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ကျောက်မျက်ဥပဒေ၊ နည်းဥပဒေတွေပြဋ္ဌာန်းပြီးတဲ့နောက် နိုင်ငံသား ပုဂ္ဂလိက/ကုမ္ပဏီတွေကို တူးဖော်လုပ်ကိုင်ခွင့်ပြုခဲ့တာ ဒီကနေ့အထိ ဖြစ်ပါတယ်။

လက်ရှိတူးဖော်နေတာကတော့ မြေပေါ်ဟင်းလင်းဖွင့် တူးဖော်စနစ်နဲ့ မြေအောက်ဥမင်လိုဏ်ဖွင့် ခေါင်းစားထိုး တူးဖော်စနစ်တွေနဲ့ တူးဖော်ကြပါတယ်။ ဟင်းလင်းဖွင့်တူးဖော်တဲ့ နည်းစနစ်ကတော့ တူးဖော်တဲ့အခါ လူ၊ ယန္တရား၊ ယာဉ်အင်အားတို့ကို အဓိကအသုံးပြုတူးဖော်ရတဲ့အတွက် ကုန်ကျစရိတ်များပေမယ့် ကျောက်ကြောလွှာအားလုံးကို တူးဖော်ပြီး ကျောက်စိမ်းရိုင်းရှာဖွေနိုင်ပါတယ်။ မြေအောက်ဥမင်လိုဏ်ဖွင့် ခေါင်းစားထိုး တူးဖော်နည်းစနစ်ကတော့ ယန္တရား၊ ယာဉ်အင်အားကို အဓိကထားပြီး အသုံးမပြုရပေမယ့် ကျောက်ကြောလွှာအားလုံးကို ကုန်အောင်မတူးနိုင်ဘဲ ကျောက်ကြောတွေ ကျန်ရှိနိုင်တဲ့အပြင် လုပ်ငန်းခွင်အန္တရာယ်ကိုလည်း အထူးဂရုစိုက် ဆောင်ရွက်ရပါတယ်။ ဒါကြောင့်မို့ ယခုလက်ရှိအခြေအနေမှာ တူးဖော်နေတဲ့ စနစ်ကတော့ ဟင်းလင်းဖွင့်နည်းစနစ်ကိုပဲ အသုံးပြုကြပါတယ်။

**မေး။ လက်ရှိဖားကန့်ဒေသမှာ ကျောက်စိမ်းတူးဖော်ခွင့်ပြုထားတဲ့ ကုမ္ပဏီအရေအတွက်နဲ့ ခွင့်ပြုထားတဲ့ လုပ်ကွက်ပေါင်း ဘယ်လောက်အထိရှိတယ်ဆိုတာလည်း သိချင်ပါတယ်။**

ဖြေ။ ကုမ္ပဏီ ၂၃၀ က အကျိုးတူလုပ်ကွက် ၃၀၅ ကွက် ဧကအားဖြင့် ၁၄၃၉၂ ဒသမ ၈၅ ဧက၊ နောက်ပြီး ကုမ္ပဏီ ၅၉၁ ခုက ပုဂ္ဂလိကလုပ်ကွက် ၇၃၄၄ ကွက် ဧကအားဖြင့် ၇၃၄၄ ဧကရှိပါတယ်။ လက်ရှိတူးဖော်လုပ်ကိုင်နေတဲ့ ကုမ္ပဏီအကျိုးတူ ၁၂၅ ကွက် ဧက ၉၁၉၃ ဒသမ ၈၀၊ လက်ရှိတူးဖော်လုပ်ကိုင်နေတဲ့ ကုမ္ပဏီ/ပုဂ္ဂလိကလုပ်ကွက် ၂၁၂၈ ကွက် ၂၁၂၈ ဧကရှိပါတယ်။

**မေး။ ကျောက်စိမ်းတူးဖော်မှုလုပ်ကွက်တွေ သတ်မှတ်ခွင့်ပြုပေးတဲ့နေရာမှာ ဘယ်လိုပုံစံမျိုးတွေနဲ့ ခွင့်ပြုပေးတာပါလဲ။ ပြည်ထောင်စုအစိုးရက ခွင့်ပြုတာလား။ ပြည်နယ်အစိုးရက ခွင့်ပြုတာလား ရှင်းပြပေးပါခင်ဗျာ ။**

ဖြေ။ ကျောက်မျက်ဥပဒေ ဒုတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေကို ၂၉-၁-၂၀၁၆ ရက်နေ့က ပြဋ္ဌာန်းအတည်ပြုပြီးပြီ။ အရင်တုန်းကချခဲ့တာကတော့ ပြည်ထောင်စုအစိုးရကပဲ ချပေးခဲ့တာပါ။ လုပ်ကွက်တွေချပေးတဲ့နေရာမှာ အမျိုးအစားသုံးမျိုး ရှိပါတယ်။ သတ်မှတ်လုပ်ကွက်၊ ဖော်ထုတ်လုပ်ကွက်၊ အကျိုးတူလုပ်ကွက်ဆိုပြီး ရှိပါတယ်။ သတ်မှတ်လုပ်ကွက်ဆိုတာက ဌာနကပဲ ကျောက်ထွက်ရှိမှု အလားအလာရှိတဲ့နေရာတွေမှာ သတ်မှတ်ပေးပြီး ရိုက်ထားတဲ့ တစ်ဧက အကျယ်ရှိတဲ့ လုပ်ကွက်တွေဖြစ်ပါတယ်။

ဖော်ထုတ်လုပ်ကွက်နဲ့ အကျိုးတူလုပ်ကွက်တွေကို တူးဖော်တဲ့ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေက လျှောက်ထားလာရင် ကန့်သတ်ချက်တွေနဲ့ လွတ်ကင်းမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးပြီးမှ လုပ်ကိုင်ခွင့်ပြုတာဖြစ်ပါတယ်။ ဖော်ထုတ်လုပ်ကွက် အကျယ်အဝန်းက တစ်ဧကဖြစ်ပြီး အကျိုးတူလုပ်ကွက်က အကျယ် ဧက ၅၀ ရှိပါတယ်။ ဖော်ထုတ် လုပ်ကွက်ပဲဖြစ်ဖြစ်၊ သတ်မှတ်လုပ်ကွက်ပဲဖြစ်ဖြစ်၊ အကျိုးတူလုပ်ကွက်ပဲဖြစ်ဖြစ် လျှောက်ထားလိုရင် ကျွန်တော်တို့က သတင်းစာတွေမှာကြေညာပြီး ခေါ်ယူပါတယ်။ လျှောက်ထားတဲ့အခါ ဈေးပြိုင်ခေါ်ပြီး အဆိုပြုငွေ အများဆုံး သူတွေကို ချထားပေးတာ ဖြစ်ပါတယ်။

ဖော်ထုတ်လုပ်ကွက်တွေ စတင်လုပ်ကိုင်ဖို့အတွက် တစ်ကွက်ကို အဆိုပြုငွေကျပ် ၁၀ သိန်းနဲ့အထက် သတ်မှတ်ပြီး ဦးစီး ကော်မတီက လုပ်ကိုင်ခွင့်ချပေးတာဖြစ်ပါတယ်။ အကျိုးတူလုပ်ကွက်တွေရဲ့လုပ်ကိုင်ခွင့်ကိုတော့ လုပ်ကွက်အကျယ်အဝန်း တစ်ဧက အတွက် အဆိုပြုငွေကျပ် ၁၀ သိန်းပေးသွင်းစေပြီး ပထမသက်တမ်း ငါးနှစ်၊ ဒုတိယသက်တမ်း သုံးနှစ်နှင့် တတိယသက်တမ်းမှစပြီး နှစ်နှစ်စီ ပေးပါတယ်။ ပုဂ္ဂလိကလုပ်ကွက်တွေကတော့ တစ်ဧကကွက်ကို သုံးနှစ်သက်တမ်း တိုးပေးခဲ့တယ်။ အဆိုပြုငွေကျပ်သိန်း ၁၀၀၀ ကျော်ပေးသွင်းရင်တော့ ငါးနှစ်သက်တမ်း သတ်မှတ်ပေးပါတယ်။

**မေး။ ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုလုပ်ငန်းအနေနဲ့ ရတနာနယ်မြေအတွင်း ကုမ္ပဏီမထောင်နိုင်တဲ့သူတွေ၊ အလုပ်အကိုင်မရှိတဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိအောင် ဘယ်လိုမျိုး ဖြည့်ဆည်းဆောင်ရွက်ပေးသွားဖို့ အစီအစဉ်တွေ ရှိပါသလဲ။**

ဖြေ။ ကျောက်စိမ်းတူးဖော်လုပ်ကိုင်ဖို့အတွက် ကုမ္ပဏီရှိရမယ်လို့ သတ်မှတ်ထားတာ ရှိပါတယ်။ ကျောက်စိမ်းတူးဖော်တာက ကုမ္ပဏီတွေများတယ်။ ကုမ္ပဏီမထောင်နိုင်တဲ့ နယ်မြေခံတချို့နဲ့ မြန်မာနိုင်ငံအနှံ့အပြားက လာတဲ့သူတွေကတော့ ကုမ္ပဏီတွေမှာ ဝန်ထမ်းလုပ်နေသလို တချို့လည်း ဝန်ထမ်းမလုပ်ရတဲ့သူတွေ ရှိတယ်။ တရားမဝင်လုပ်တဲ့သူတွေလည်း ရှိနိုင်တာပေါ့။ ဒါပေမယ့် ကုမ္ပဏီဝန်ထမ်းလုပ်နိုင်တဲ့ အနေအထား ရှိပေမယ့် မလုပ်ချင်တဲ့သူတွေ ရှိနိုင်ပါတယ်။ အရင်ကတော့ ကုမ္ပဏီထောင်မှ လုပ်ကွက်ရတယ်ဆိုတော့ မထောင်နိုင်တဲ့ သူတွေ တရားမဝင်တူးဖော်လုပ်ကိုင်နိုင်တဲ့ အနေအထားမျိုးတွေ ဖြစ်နေတာပါ။

အရင် အစိုးရလက်ထက် ၂၉-၁-၂၀၁၆ ရက်နေ့က ဒုတိယအကြိမ် ကျောက်မျက်ဥပဒေကို ပြင်ဆင်လိုက်တဲ့အချိန်မှာ လုပ်ကွက်အနေအထားတွေကိုလည်း ပြောင်းလဲလိုက်တဲ့အတွက် အခုချိန်မှာ အကြီးစားလုပ်ကွက်၊ အလတ်စားလုပ်ကွက်၊ အသေးစားလုပ်ကွက်၊ လက်လုပ်လက်စားလုပ်ကွက်ဆိုပြီး ပြဋ္ဌာန်းချက်မှာ ပါရှိပါတယ်။ ဒါတွေကိုလည်း ဧရိယာတွေ သတ်မှတ်ဖို့ အထက်ကညွှန်ကြားထားပြီဖြစ်လို့ ဆောင်ရွက်ဖို့ စီစဉ်နေပါတယ်။ အကြီးစား၊ အလတ်စားကို ပြည်ထောင်စုအစိုးရအနေနဲ့ ဆောင်ရွက်ပြီး အသေးစားနဲ့ လက်လုပ်လက်စားကတော့ ပြည်ထောင်စုအစိုးရ ရဲ့သဘောတူညီချက်နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေကို လုပ်ကိုင်ခွင့်၊ ကြီးကြပ်ခွင့်ပေးသွားမှာ ဖြစ်ပါတယ်။

အခုဆိုရင် လုပ်ကွက်အမျိုးအစားတွေ ပြောင်းလဲသတ်မှတ်ထားတဲ့အတွက် နောက်ဆိုရင် အကြီးစား၊ အလတ်စားလုပ်ကွက်တွေမှာ စက်ယန္တရားတွေကို ထိန်းချုပ်သုံးစွဲသွားပါမယ်။ ဒီမှာ ကုမ္ပဏီမဖွဲ့နိုင်တဲ့ဒေသခံတွေလည်း လုပ်ငန်းခွင်တွေရရှိအောင် အသေးစား၊ အလတ်စား၊ လက်လုပ်လက်စားလုပ်ကွက်လေးတွေလည်းချထားဖို့ စီစဉ်ဆောင်ရွက်ထားတယ်ဆိုတော့ ကုမ္ပဏီမထောင်နိုင်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိဆောင်ရွက်သွားနိုင်လိမ့်မယ်လို့ ယူဆပါတယ်။

**မေး။ ကျောက်စိမ်းလုပ်ကွက်တချို့ကို ဆက်လက်ချမပေးတော့ဘူးလို့ ကြားရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးလည်း ရှင်းပြပေးပါဦး။**

ဖြေ။ လောလောဆယ် လုပ်ကွက်ချပေးထားတဲ့အထဲက တချို့လုပ်ကွက်တွေဆိုရင်တော့ ၂၀၁၇၊ ၂၀၂၀ အထိ သက်တမ်းရှိသေးတဲ့ လုပ်ကွက်တွေ ရှိသေးတယ်။ သက်တမ်းကုန်သွားတဲ့ လုပ်ကွက်တွေလည်း ရှိပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ညွှန်ကြားချက်အရ ၂၀၁၆ ဇန်နဝါရီလကနေ ဇွန်လအထိ လုပ်ကွက်တွေက သက်တမ်းဆက်တိုးပေးထားတာ မရှိသေးပါဘူး။ အဲဒီလုပ်ကွက်တွေကိုလည်း ရပ်နားထားဖို့နဲ့ ဆက်မလုပ်ဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ သေချာကြပ်မတ်ပြီးလည်း ဆောင်ရွက်နေပါတယ်။ လက်ရှိကာလမှာ မိုးတွင်းကာလဖြစ်တဲ့ အတွက် လုပ်ကွက်တွေကို ရပ်နားထားပြီးပါပြီ။ ၂၀၁၆ ပွင့်လင်းရာသီရောက်လာပြီဆိုရင် စက်တင်ဘာလလောက်မှာ လုပ်ငန်းပြင်ဆင်မှုတွေလုပ်ပြီး နိုဝင်ဘာလကနေ ၂၀၁၇ မေလလောက်အထိကို သူတို့ရဲ့ လုပ်ကွက်တွေထဲမှာ ကျန်တဲ့ကျောက်ကြောတွေကိုရှာဖွေပြီး ပြန်လည်တူးဖော်ကြမှာဖြစ်ပါတယ်။ သက်တမ်းရှိနေတဲ့ လုပ်ကွက်တွေကို ပြန်တူးဖော်မယ့် အချိန်မျိုးမှာလည်း မလိုလားအပ်တဲ့ ဖြစ်စဉ်တွေမဖြစ်စေဖို့ ကျွန်တော်တို့ ကြပ်မတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ဖားကန့်ရတနာမြေမှာရှိတဲ့ ကျောက်စိမ်းတွင်းတွေရဲ့ ထုတ်လုပ်နိုင်မယ့်သက်တမ်းနဲ့ နောက်ထပ်ထုတ်ယူနိုင်မယ့်အခြေအနေကို ရှင်းပြပေးပါဦး။**

ဖြေ။ လုံးခင်း၊ ဖားကန့်ဒေသမှာ ကျောက်စိမ်းရိုင်းသိုက်တွေ အဖြစ် ပင်မသိုက် (Primary Deposited)နဲ့ ကြွင်းစုသိုက် (Residual Deposited) ဆိုပြီး နှစ်ခုရှိတဲ့အနက် လက်ရှိတူးဖော်နေတဲ့ လုပ်ကွက်တွေဟာ ကြွင်းစုသိုက်နေရာမှော်များမှာသာ တူးဖော်မှုများပါတယ်။ ပင်မသိုက်မှော်နေရာတွေမှာ တူးဖော်မှုအနည်းငယ်ပဲရှိသေးပြီး အဲဒီပင်မသိုက်နေရာတွေမှာ တူးဖော်ဖို့နေရာ အမြောက်အမြား ကျန်ရှိနေပါတယ်။ ဒါ့အပြင် လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ ကျောက်စိမ်းရိုင်းထွက်ရှိတဲ့ မှော်သစ်တွေ ထပ်ပြီးပေါ်ပေါက်လာနိုင်ခြေ များစွာရှိတဲ့အတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေအတိုင်းဆောင်ရွက်သွားရင် နောင်နှစ်ပေါင်းများစွာကြာတဲ့အထိ၊ သားစဉ်မြေးဆက် ကျောက်စိမ်းရိုင်းတွေ ဆက်လက်ထုတ်လုပ်သွားနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ကျောက်မျက်ရတနာတူးဖော်တဲ့ ရတနာနယ်မြေအတွင်း သဘာဝပတ်ဝန်းကျင် အနည်းနဲ့အများ ထိခိုက်ပျက်စီးမှုတွေ ဖြစ်ပေါ်တယ်လို့ သိထားပါတယ်။ ဒီအပေါ်မှာ ဆရာတို့အနေနဲ့ ဘယ်လိုကာကွယ်ထိန်းသိမ်းမှုတွေ ပြုလုပ်နေတယ်ဆိုတာလည်း ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ။ ဖားကန့်ဒေသဟာ မိုးသစ်တောဖုံးလွှမ်းတဲ့ ဒေသဖြစ်ပါတယ်။ တစ်နှစ်ပတ်လုံး မိုးရေချိန် လက်မ ၁၂၀ ရွာသွန်းတဲ့ဒေသ ဖြစ်ပါတယ်။ ဒေသတွင်း ပေါက်ရောက်တဲ့ သစ်ပင်တွေကတော့ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်စတဲ့ ပူအိုက်စွတ်စိုတဲ့ ဒေသမှာပေါက်တဲ့ သစ်ပင်တွေအများဆုံး တွေ့ရှိရပါတယ်။ ရတနာနယ်မြေအတွင်းမှာ ဥရုချောင်း ဖြတ်သန်းစီးဆင်းနေပြီး ဥရုချောင်းရဲ့ ဝဲ/ယာမှာ ကျောက်စိမ်းရိုင်းထွက်ရှိတဲ့ ဥရုစရစ်ဖြုန်းလွှာ (Uru Congolmerate) တည်ရှိနေပါတယ်။ အဲ့ဒီ ဥရုစရစ်ဖြုန်းလွှာ (Uru Congolmerate) အတွင်းမှာပဲ ကျောက်စိမ်းထွက်ရှိတဲ့ မှော်တွေရှိပြီး အဲ့ဒီမှော်တွေမှာ ကျောက်စိမ်းတူးဖော် လုပ်ကိုင်ခဲ့ကြပါတယ်။

၁၉၉၅ ခုနှစ်မှာ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြဋ္ဌာန်းပြီး ဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ နိုင်ငံသားပိုင်ကုမ္ပဏီ၊ သမဝါယမအသင်းတို့ကို ကျောက်စိမ်း တူးဖော်လုပ်ကိုင်ခွင့်ပြုပေးခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်ကနေစလို့ ပုဂ္ဂလိက လုပ်ကွက်တွေကို တူးဖော်ခွင့်ပြုခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှာတော့ နိုင်ငံတော်နဲ့ အကျိုးတူ လုပ်ကွက်တွေ လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်ကနေ ၂၀၁၀ ပြည့်နှစ်အတွင်း ကုမ္ပဏီ၊ သမအသင်းတွေက တူးဖော်ထွက်ရှိတဲ့ မြေစာတွေဟာ ဥရုချောင်းနဲ့ ချောင်းလက်တက်တွေနဲ့ ဆက်စပ်နေတဲ့အတွက် မြေစာတွေ မိုးရေတိုက်စားပြီး ချောင်းထဲကျရောက်ပါတယ်။ ဒါကြောင့် ဥရုချောင်းရေမြင့်တက်ပြီး ရတနာနယ်မြေမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

၂၀၁၁ ခုနှစ်မှာ ရတနာနယ်မြေမှာ ရေကြီးရေလျှံမှုတွေ မဖြစ်ပေါ်စေဖို့အတွက် တူးဖော်ထွက်ရှိတဲ့ မြေစာတွေကို စွန့်ပစ်ဖို့ စုပေါင်းမြေစာပုံနေရာတွေကို ဖားကန့်မြို့နယ် ဌာနဆိုင်ရာကိုယ်စားလှယ်တွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊မြို့မိမြို့ဖတွေပါဝင်တဲ့အဖွဲ့က ဥရုချောင်းနဲ့ ဝေးတဲ့နေရာ ၊ လူနေရပ်ကွက်နဲ့ ဝေးတဲ့ သဘာဝပတ်ဝန်းကျင် မထိခိုက်နိုင်တဲ့ နေရာတွေမှာ သတ်မှတ်ပေးခဲ့ပါတယ်။ သတ်မှတ်ထားတဲ့ မြေစာပုံတွေပြိုကျမှု မရှိစေဖို့အတွက် လှေကားထစ်ပုံစံ မြေစာစုပုံစေရေးကို ဌာနဆိုင်ရာ တာဝန်ရှိသူတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေပါဝင်တဲ့ မြေစာပုံထိန်းချုပ်ရေးအဖွဲ့နဲ့ ကြပ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။

ရတနာနယ်မြေအတွင်း ဥရုချောင်း ရေစီးရေလာကောင်းမွန်စေရေးနဲ့ ရေကြီး ရေလျှံမှုမဖြစ်ပေါ်စေဖို့အတွက် တူးဖော်တဲ့ ကုမ္ပဏီတွေကို ချောင်းထဲမြေစာတွေ မစွန့်ပစ်ဖို့နဲ့ ရေပန်းထိုးမျှောစင်အသုံးပြုတဲ့ကုမ္ပဏီတွေကို မုံစစ်ကန်တွေ အသုံးပြုဖို့ ကြီးကြပ်လျက်ရှိပါတယ်။ ဒါ့အပြင် ဥရုချောင်းလက်တက်တွေ ရှင်းလင်းတဲ့လုပ်ငန်းကို ကျောက်စိမ်းတူးဖော်တဲ့ ကုမ္ပဏီတွေက နှစ်စဉ်ဆောင်ရွက်ပေးနေပါတယ်။

၂၀၁၅-၂၀၁၆ ပွင့်လင်းရာသီမှာ ဥရုချောင်းနဲ့ ချောင်းလက်တက်တွေ ရှင်းလင်းတာကို အရင်နှစ်တွေကထက် ပိုပြီးလုပ်ဆောင်ပေးခဲ့ပါတယ်။ ဥရုချောင်းရှင်းလင်းတာကို ကျွန်တော်တို့

*စာမျက်နှာ ၉ သို့*




ဖားကန့်မြို့နယ် လယ်ပြင်ရွာထိပ်တွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်

# မွန်ပြည်နယ် ငါးလုပ်ငန်းမှ ငါးသားပေါက်ကောင်ရေ ၁၆ သိန်း ဖြန့်ဝေမည်

**သထုံ ဇွန် ၁၀**

မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရက် ၁၀၀ စီမံချက်ဖြင့် ငါးသားပေါက်ကောင်ရေ ၁၆ သိန်းကိုထုတ်လုပ် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငါးသားပေါက်ကောင်ရေ ၁၆ သိန်းအနက်မှ ၃၀ ရာခိုင်နှုန်းအား လယ်သမားများထံသို့အခမဲ့ ဖြန့်ဝေပေးပြီး ကျန် ၇၀ ရာခိုင်နှုန်းကို ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများထံသို့စျေးနှုန်းချိုသာစွာဖြင့် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသံချောင်းကပြောသည်။

"တောင်သူတွေအတွက်ဒီနှစ်မှာ လယ်ကြားကန်ဆိုတာကို စီမံချက်နဲ့ လုပ်နေတာရှိတယ်။ ဌာနကဦးဆောင်ပြီး တောင်သူနဲ့ပေါင်းစပ်တူးထားတဲ့ကန် ၁၀ လုံးမှာ တစ်ဧကကို ကောင်ရေ ၃၀၀ နှုန်းလောက် အခမဲ့မျိုးစိုက်ထည့်ပေးမယ်။ နောက်တစ်ခုက တောင်သူတွေရဲ့ လယ်တွေချောင်းတွေကို တိုက်ရိုက်ရောက်သွားနိုင်တဲ့ လယ်ကြားတူးမြောင်းတွေထဲကိုလည်း ဒီကောင်ရေ ၁၆ သိန်းထဲက ၃၀ ရာခိုင်နှုန်း ငါးသားပေါက်တွေကို လိုက်ထည့်မှာပါ"ဟု ၎င်းက ပြောသည်။

ငါးမွေးမြူရေးလုပ်ငန်းရှင်များအား မွန်ပြည်နယ်ငါးလုပ်ငန်းစခန်း (သထုံ) တွင် ငါးအမျိုးအစားနှင့် အရွယ်အစားအလိုက် သင့်တင့်သောစျေးနှုန်းများဖြင့် ရောင်းချပေးနေပြီးစခန်းတွင် တိုက်ရိုက်လာရောက်ဝယ်ယူနိုင်သကဲ့သို့ မြို့နယ်ငါးဦးစီးဌာနများနှင့် ချိတ်ဆက်ဝယ်ယူနိုင်ကြောင်း၊ လက်ရှိအချိန်ထိ စခန်းတွင် ငါးမြစ်ချင်း၊ ငါးခုံမ၊ ရွှေဝါငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငါးကြင်းဖြူ၊ ငါးသိုင်းခေါင်းပွ၊ တီလားပီးယား၊ မြက်စားငါးကြင်းများကို ကောင်ရေ ၁၀ သိန်းကျော် သားဖောက်မွေးမြူထားပြီးဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ငါးလုပ်ငန်းစခန်း(သထုံ)တွင် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ငါးသားပေါက်ကောင်ရေ ၃၈ သိန်းကျော်ခန့် ထုတ်လုပ်နိုင်ခဲ့ပြီး ယခုနှစ်တွင် ပိုမိုထုတ်လုပ်ဖြန့်ဝေပေး နိုင်အောင်လျာထားဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**သက်ဦး(သထုံ)**

# ဒလမြို့နယ် မြစ်တွင်းသွားစက်တပ်သမ္ဗန်များ အန္တရာယ်မဖြစ်ပေါ်စေရေး ဆွေးနွေး

**ဒလ ဇွန် ၁၀**

ဒလမြို့မှ ရန်ကုန်သို့ပြေးဆွဲလျက်ရှိသော စက်တပ်သမ္ဗန်များဖြင့် ခရီးသွားလာလျက်ရှိကြသည့် ပြည်သူများ အသက်အန္တရာယ်ဆုံးရှုံးမှုမရှိစေရေးအတွက် တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် ဒလမြို့နယ်အတွင်းရှိ စက်တပ်ရေယာဉ်ဂိတ်များမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို မြို့နယ်(မထသ)ရုံး၌ ဇွန် ၉ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးမျိုးသန့်က မိုးရာသီတွင် စက်တပ်သမ္ဗန်များဖြင့် ခရီးသွားပြည်သူများ အသက်အန္တရာယ်ကင်းရှင်းစေရေး အဓိကပြုလုပ်ပေးစေလိုကြောင်းနှင့် စက်တပ်သမ္ဗန်များတွင် အသက်ကယ်အင်္ကျီများနှင့် အချက်ပြမီးများထားရှိရန် ပြောကြားသည်။

ဒလမြို့နယ်၌ စက်တပ်ရေယာဉ်ဂိတ် ၁၀ ဂိတ်ရှိပြီး စက်တပ်သမ္ဗန်ပေါင်း ၄၆၉ စင်းရှိကာ စက်တပ်သမ္ဗန်များတွင် တပ်ဆင်ထားသော စက်စွမ်းအားအလိုက် ခရီးသည် ၁၀ ဦးမှ ၁၂ ဦးအထိသာ တင်ဆောင်ခွင့်ပြုထားကြောင်း သိရသည်။ စက်တပ်သမ္ဗန်များအနေဖြင့် ရေယာဉ်ဂိတ်များမှ သတ်မှတ်စည်းကမ်းများအား ပထမအကြိမ်ကျူးလွန်ပါက သုံးရက်ရပ်နား၊ ဒုတိယအကြိမ် ဆက်လက်ကျူးလွန်ပါက ခုနစ်ရက်ရပ်နားနှင့် တတိယအကြိမ်ဆိုပါက မောင်းနှင်ခွင့်ရပ်နားရမည်ဖြစ်ကြောင်း သိရသည်။

ဒလမြို့နယ် စက်တပ်သမ္ဗန်ဆိပ်များ၌ ယာဉ်မတော်တဆနစ်မြုပ်ခြင်း၊ လူအသေအပျောက်ရှိခြင်းများဖြစ်ပေါ်ပါက စက်တပ်သမ္ဗန်ဆိပ်တစ်ခုလုံးကို ရက်အကန့်အသတ်မရှိ ပိတ်ထားတတ်ကြောင်း သမ္ဗန်ဆိပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မောင်ယဉ်ဦး(ဒလ)**

# မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဇွန် ၁၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

# မန္တလေးမြို့မှ မီးဘေးသင့်မင်္ဂလာဈေးကို အသစ်တည်ဆောက်သွားမည်

**မန္တလေး ဇွန် ၁၀**




မန္တလေးမြို့မှ မီးဘေးသင့်မင်္ဂလာဈေးကို အကြီးစားပြင်ဆင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းနှင့် ပတ်သက်ပြီး ဇွန် ၁၀ရက်တွင် နောက်ဆုံးအကြိမ် စျေးသူ စျေးသားကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ အပြီးသတ်ဆုံးဖြတ်ရာတွင် အသစ်တည်ဆောက်သွားမည် ဖြစ်ကြောင်း မြို့တော်ဝန် ဒေါက်တာရဲလွင်က ပြောသည်။ ပြင်ဆင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း ဆန္ဒမဲများကို မေ ၂၈ ရက်ကကြေညာရာတွင် အသစ်တည်ဆောက်သည့်ဘက်မှ မဲများခဲ့ပြီး ယခုနောက်ဆုံးအကြိမ်ထပ်မံတွေ့ဆုံပွဲတွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

"အဆောက်အအုံက ခိုင်မာမှုမရှိတော့ဘူး။ ပွင့်လင်းမြင်သာအောင် လုပ်ပေးတာဖြစ်တယ်။ စျေးသူစျေးသားအကျိုးအတွက် လုပ်ပေးတာပါ။ခေတ်မီမြို့ပြနဲ့ ကိုက်ညီမယ့်အဆောက်အအုံဖြစ်ပြီး ဆိုင်ခန်းရှင်တွေအတွက် ကုန်ကျစရိတ်အနည်းဆုံးဖြစ်စေဖို့ ရှစ်ထပ်(ဒါမှမဟုတ်)၁၀ ထပ်ဆောက်မှ ဖြစ်မယ်။ဒါကြောင့် အသစ်ဆောက်မယ့်သူ ဆန္ဒမဲများလို့ အသစ်တည်ဆောက်မယ်"ဟု ယင်းတွေ့ဆုံပွဲတွင် မြို့တော်ဝန်က ပြောကြားသည်။

အဆိုပါအဆောက်အအုံသစ်တွင် အဆင့်မြင့် မီးဘေးလုံခြုံရေးစနစ်များ၊ ငလျင်ဒဏ်ခံနိုင်သည့် စနစ်များအပြင် ကားပါကင်ထားရှိနိုင်ရေးအတွက် ဆောင်ရွက်ရန် အဆောက်အအုံဒီဇိုင်းများ ရေးဆွဲသွားမည်ဖြစ်ကြောင်း၊ မူလဆိုင်ခန်းပိုင်ရှင်များအား နေရာမပျောက်ပြန်လည်ချထားပေးမည် ဖြစ်ကြောင်း သိရသည်။

"မင်္ဂလာဈေးကို ပညာရှင်များနဲ့ ခေတ်မီကိရိယာများနဲ့ စစ်ဆေးချက်အရ ၈၀ ရာခိုင်နှုန်းကအဆောက်အအုံခံနိုင်ရည်မရှိတော့လို့ အသစ်တည်ဆောက်သင့်တယ်။ ပြင်ဆင်မယ်ဆိုရင် မြန်မာနိုင်ငံမှာ နည်းပညာနဲ့ ပညာရှင်မရှိဘူး။ ကုန်ကျစရိတ်နဲ့ အချိန်ကလည်း အသစ်တည်ဆောက်တာနဲ့ မကွာဘူး။ နောက်မျိုးဆက်သစ်အတွက် စဉ်းစားပြီး အသစ်တည်ဆောက်သင့်ပါတယ်"ဟု မြို့တော်စည်ပင်သာယာမှ အဆောက်အအုံနှင့် ကုန်ရုံဌာနမှူး ဦးဇော်ဝင်းက ပြောသည်။

အကြီးစားပြင်ဆင်ပါက သဘာဝဘေးအန္တရာယ်အတွက် အာမခံချက် မရှိသကဲ့သို့ ခန့်မှန်းကုန်ကျငွေမှာ ၅ ဒသမ ၅ ဘီလီယံရှိနိုင်ပြီး ယခု လေးထပ်ပုံစံအတိုင်း အသစ်တည်ဆောက်လျှင် ၇ ဘီလီယံခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ BOT စနစ်ဖြင့် ရှစ်ထပ်(သို့မဟုတ်)၁၀ ထပ်တည်ဆောက်ပါက လက်ရှိစျေးဆိုင်၊ လူနေတိုက်ခန်းရှင်များအနေဖြင့် ငွေကြေးစိုက်ထုတ်မှုအနည်းဆုံး(သို့မဟုတ်) ငွေကြေးပေးသွင်းရန် မလိုနိုင်ကြောင်း သိရသည်။

"အများဆန္ဒရယ် လုံခြုံစိတ်ချဖို့ဆိုရင် အသစ်တည်ဆောက်ဖို့ ထောက်ခံပါတယ်။ ဒါပေမယ့် အမြန်ဆုံးတည်ဆောက်ပေးဖို့နဲ့ ပေးသွင်းရမယ်ဆိုရင်လည်း အနည်းဆုံးဖြစ်စေချင်တယ်။ ဖြစ်နိုင်ရင်တော့ ငွေကြေးပေးသွင်းဖို့မလိုဘဲ နဂိုအတိုင်း လိုချင်ပါတယ်"ဟု မင်္ဂလာဈေး ဒုတိယထပ်တိုက်ခန်းတွင် နေထိုင်သူ ဒေါက်တာ အောင်သင်းက ပြောသည်။

မြေညီထပ် စျေးသူစျေးသားများကိုယ်စားလှယ် ဦးအေးချိုက "မင်္ဂလာဈေးအသစ်ဆောက်လိုက်ရင် ကုန်စိမ်းရောင်းတဲ့သူတွေက နေရာပျောက်သွားမလား၊ ငွေကြေးပေးသွင်းမှုတွေ များလာမှာလား ဆိုတာစိုးရိမ်နေကြလို့ အကြီးစားပြင်ဆင်မှုကို တောင်းဆိုကြတာပါ။ အန္တရာယ်ရှိတယ်ဆိုရင် အသစ်ဆောက်တာကို ပွင့်လင်းမြင်သာချပြပြီး အမြန်လုပ်ပေးသင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံရှင်းလင်းပွဲတွင် တက်ရောက်လာသူများအား အသစ်တည်ဆောက်ရန် ဆိုင်ခန်းနေရာညှိနှိုင်းခဲ့ကြပြီး ဆောက်လုပ်မည့် အဆောက်အအုံပုံစံများရေးဆွဲပြီးပါက စျေးသူစျေးသားများအား ပွင့်လင်းမြင်သာ ချပြကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရေကြောင်းတရားမဝင်မှတ်ပုံတင်မဲ့ရေယာဉ်များပပျောက်စေရေးအသိပညာပေး

**နေပြည်တော် ဇွန် ၁၀**

ရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ ဆိပ်ကမ်းမြို့နယ် ဝါးတန်းဆိပ်ကမ်း ရေကြောင်းရဲတပ်ဖွဲ့ ရေယာဉ်စုရုံး၌ ဇွန် ၇ ရက်က ရေကြောင်းတရားမဝင်မှတ်ပုံတင်မဲ့ ရေယာဉ်များ ပပျောက်စေရေးနှင့် ရေကြောင်းသွားလာမှု ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေးပွဲများကျင်းပရာ ကမ်းရိုးတန်းသွားရေယာဉ်များ၏ ပဲ့နင်းများ၊ ခရီးသည်တင် ကူးတို့ရေယာဉ်မောင်းနှင်သူများနှင့် ဂိတ်မှူးများ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ရေကြောင်းရဲတပ်ဖွဲ့သည် ရေကြောင်းဆိုင်ရာမှုခင်းများ လျော့နည်းကျဆင်းရေးအတွက် လိုင်စင်မဲ့ရေယာဉ်များ လျော့နည်းပပျောက်စေရေး ညှိနှိုင်းအစည်းအဝေးကို မေလအတွင်းက နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၌ ကျင်းပရာ ရေကြောင်းရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် မြဝင်းက မြန်မာ့ပင်လယ်ပြင်နှင့် မြစ်ချောင်းများအတွင်း ရေကြောင်းသွားလာမှုများတွင် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေမည့် ရေယာဉ်များအပေါ် တက်ရောက်ပြီး ခိုးဆိုးလုယက်မှုများ၊ ခားပြမှုများဖြစ်ပေါ်မှုတို့သည် Illegal, Unreported and Unregulated Vessel (IUU) ရေယာဉ်များနှင့် ပတ်သက်နေမှုများမှာ အခြေခံ အကြောင်းရင်းဖြစ်ကြောင်း၊ ရေကြောင်းဆိုင်ရာ မှုခင်းများလျော့နည်းကျဆင်းစေရန် အထောက်အကူဖြစ်စေမည့် IUU ရေယာဉ်များ လျော့နည်းပပျောက်စေရေးအတွက် လိုင်စင်မဲ့ရေယာဉ်များအား ရေယာဉ်လိုင်စင်ပြုလုပ်ပေးနိုင်မည့် အစီအစဉ်များနှင့် ရေယာဉ်ဝင်/ထွက်/ရပ်နားသွားလာခြင်းများ စနစ်တကျရှိစေရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။




အစည်းအဝေးတွင် တက်ရောက်လာသူများက ရေယာဉ်များ လိုင်စင်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ရေကြောင်းရဲတပ်ဖွဲ့ခွဲ (မန္တလေး)က မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့အတွင်း ရေကြောင်းသွားလာလုပ်ကိုင်နေသူများ ဘေးကင်းလုံခြုံမှုရှိစေရေး၊ ရေယာဉ်များ စနစ်တကျပြေးဆွဲရေး၊ စည်းကမ်းလိုက်နာရေး အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပရာ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၈ မှ*

ဌာနရဲ့စီမံမှုနဲ့ ဖားကန့်မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူတွေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်တွေရဲ့အကြံပြုချက်တွေရယူပြီး ဥရုချောင်း(အပိုင်း-၈)နဲ့ ဆန်ခါချောင်း၊ နမားယန်ချောင်း၊ ရှုရော်ခချောင်း၊ မနချောင်း၊ မလန်းချောင်း၊ မော်ဝမ်းချောင်း၊ မော်မောင်းချောင်း၊ ဂျန်ခပ်ချောင်း၊ နမ့်မော့်ချောင်း၊ ဝေ့ခါချောင်း စတဲ့လက်တက် ၁၀ ခုကို ကျောက်စိမ်းတူးဖော်တဲ့ ကုမ္ပဏီ၊ သမအသင်းတို့ရဲ့စက်ယန္တရား၊ မြေသယ်ယာဉ်တွေနဲ့ ၁-၁-၂၀၁၆ ရက်ကနေ ၁၈-၅-၂၀၁၆ ရက်နေ့အထိ ရှင်းလင်းဆောင်ရွက်ခဲ့ပါတယ်။

ဥရုချောင်း ၁၀ ဒသမ ၅ မိုင်အထိလုပ်ခဲ့ပြီး ချောင်းအတွင်းမှာရှိတဲ့ နုန်းအနည်ကုဗပေ ၃၂ ဒသမ ဝ၂ သန်းလောက် ဆွဲထုတ်ဆယ်တင်နိုင်ခဲ့ပြီး ကုန်ကျငွေကျပ် ၂၃၀၅ ဒသမ ၇၈ ရှိခဲ့ပါတယ်။ ချောင်းလက်တက် ၁၀ ခုကို ၅ ဒသမ ၇မိုင် ကုဗပေ ၅ ဒသမ ၀၆ သန်း ဆယ်ယူရှင်းလင်းနိုင်ခဲ့ပြီး ခန့်မှန်းကုန်ကျငွေကျပ်ပေါင်း ၈၃၅ ဒသမ ၁၈ သန်း ကုန်ကျခံ ရှင်းလင်းခဲ့ပါတယ်။

၂၀၁၅-၂၀၁၆ ပွင့်လင်းရာသီကာလမှာ ဥရုချောင်းနဲ့ ချောင်းလက်တက်တွေ ရှင်းလင်းတဲ့လုပ်ငန်းအတွက် ကျောက်စိမ်းတူးဖော်တဲ့ ကုမ္ပဏီတွေက ငွေကျပ် ၃၁၄၁ ဒသမ ၀၅ သန်း ကျန်ကျခဲ့ပါတယ်။ ချောင်းရှင်းလင်းရာမှာလည်း အရင်ကလို ချောင်းဘေး ဝဲ/ယာမှာ မြေစာတွေ စွန့်ပစ်မှုမပြုဘဲ ချောင်းအတွင်းက မြေစာတွေကို မြေသယ်ယာဉ်တွေနဲ့ သယ်ယူပြီး ချောင်းနဲ့ဝေးရာမှာ စွန့်ပစ်တဲ့စနစ်ကိုသာ အသုံးပြုခဲ့ပါတယ်။ လာမယ့် ပွင့်လင်းရာသီမှာလည်း မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့အကြံပြုချက်ကိုရယူပြီး ချောင်းရှင်းလင်းရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်သွားပါမယ်။

ရတနာနယ်မြေအတွင်း စိမ်းလန်းစိုပြည်စေဖို့အတွက် ကျောက်စိမ်းတူးဖော်တဲ့ကုမ္ပဏီတွေမှာ ပျိုးခြံ ၁၂ ခြံ၊ ပျိုးပင် ပေါင်း ၅၀၁၂၆ ပင်ကို စိုက်ပျိုးထားပြီးဖြစ်ပါတယ်။ အခုနှစ် မိုးဦးကာလမှာ တူးဖော်ပြီး ကျင်းဟောင်း၊ စုပေါင်းမြေစာပုံ၊ ဥရုချောင်းလက်တက်နဲ့ ဥရုချောင်း ဝဲ/ယာမှာရှိတဲ့ အသားသေပြီး မြေစာပုံဟောင်းနေရာတွေမှာ ဘောစကိုင်းပင်တွေ စိုက်ပျိုးဖို့ ကုမ္ပဏီ/သမအသင်း ၄၇ ခုကို ဘောစကိုင်းမျိုးစေ့ နှစ်တင်းခွဲဝေပေးပြီး စိုက်ပျိုးဖို့ ညွှန်ကြားထားပါတယ်။

# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်နှင့် ရုရှားပူးပေါင်းဆောင်ရွက်မှုများပြုလုပ်



**မော်စကို ဇွန် ၁၀**

ဂျပန်စီးပွားရေး လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် ရုရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုတွင် အထောက်အကူပြုနိုင်ရေး စီစဉ်ဆောင်ရွက်ရန် သဘောတူခဲ့သည်။

တာရိုအာဆာဒါဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Alexey Ulyukaev နှင့် ကြာသပတေးနေ့က မော်စကို၌ တွေ့ဆုံခဲ့သည်။ အာဆာဒါသည် ဂျပန်- ရုရှား စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ အကြီးအကဲတစ်ဦးဖြစ်သည်။

ဂျပန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ နိုင်ငံရေးနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် အဆင့်အသစ်တစ်ခုသို့ ချဉ်းကပ်လျက်ရှိကြောင်း၊ နှစ်နိုင်ငံစလုံးအနေဖြင့် အလေးထားဆောင်ရွက်သင့်ကြောင်း ၎င်းကပြောသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ လွန်ခဲ့သောလက တွေ့ဆုံခဲ့စဉ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ရုရှားနိုင်ငံ၏ အရှေ့ဘက်ဒေသများရှိ စွမ်းအင်ဖွံ့ဖြိုးရေးနှင့် စက်မှုလုပ်ငန်းများနှင့်ဆက်စပ်လျက်ရှိသောကိစ္စများနှင့် ပတ်သက်၍ အဆိုပြုချက်များကို ရုရှားအာဏာပိုင်များက စဉ်းစားလျက်ရှိသည်ဟု Ulyuleaev က ပြောသည်။

**(အင်န်အိတ်ချ်ကေ)**

## ဂူဂဲလ်တွဲဖက်တည်ထောင်သူ လယ်ရီပေ့ချ် ကားပျံများဆန်းသစ်တီထွင်နေ

**နယူးယောက် ဇွန် ၁၀**

ဂူဂဲလ်တွဲဖက်တည်ထောင်သူ လယ်ရီပေ့ချ်သည် ပုဂ္ဂလိကလေကြောင်း ကုမ္ပဏီနှစ်ခုကို ဘဏ္ဍာငွေထောက်ပံ့မှုများ ပြုလုပ်လျက်ရှိသည်ဟု တိုင်းမ်သတင်းစာတွင် ဇွန် ၉ ရက်က ဖော်ပြခဲ့သည်။

ဂူဂဲလ်တွဲဖက်တည်ထောင်သူ လယ်ရီပေ့ချ်သည် ငွေကြေးကို ကားပျံများဆန်းသစ်ထုတ်လုပ်ရန်အတွက် ကုမ္ပဏီနှစ်ခုကို လျှို့ဝှက်စွာထောက်ပံ့ထားကြောင်း အစီရင်ခံစာသစ်တစ်ခုတွင် ဖော်ပြထားသည်။

ဂူဂဲလ်လက်ဟောင်းကုမ္ပဏီဖြစ်သော အယ်လ်ဖာဘတ်၏ အမှုဆောင်အရာရှိချုပ် ပေ့ချ်သည် ပုဂ္ဂလိကလေကြောင်းကုမ္ပဏီတစ်ခုဖြစ်သော ဇီးအေရိုကို ဒေါ်လာ သန်း ၁၀၀ လျှို့ဝှက်ထည့်ဝင်ခဲ့ကြောင်း ဘလွန်းဘာ့ဂ်က ဖော်ပြခဲ့ပြီး အခြား အလားတူကုမ္ပဏီဖြစ်သည့် ကစ်တီဟော့ခ်တွင်လည်း လျှို့ဝှက်စွာထည့်ဝင်ခဲ့ကြောင်း ရိုက်ညီနောင်ဆိုက်တွင် ဖော်ပြခဲ့သည်။

ပေ့ချ်သည် ဘလွန်းဘာ့ဂ်၏တောင်းဆိုမှုအပေါ် တစ်စုံတစ်ရာ မှတ်ချက်ပြုခြင်းမရှိသေးပေ။ တစ်နည်းဆိုရသော် တိုင်းမ်၏ တောင်းဆိုမှုအပေါ် ဂူဂဲလ်အနေဖြင့် ချက်ချင်းအကြောင်းပြန်ကြားခြင်း မရှိသေးပေ။

ဆယ်စုနှစ်ပေါင်းများစွာစိတ်ကူးယဉ်ခဲ့သော ကားပျံများ၏ဖြစ်နိုင်ခြေသည် စိတ်ကူးယဉ်ထက် လက်တွေ့ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ထွန်းရန် ပိုမိုနီးကပ်လာပြီဖြစ်သည်။ ဈေးကွက်သို့ အခြားကားကုမ္ပဏီများက ပုံစံသစ်များယူဆောင်လာချိန်တွင် ကုန်ကျစရိတ်များနှင့် ထုတ်လုပ်မှုပိုင်းဆိုင်ရာ ခက်ခဲမှုများကိုလည်း ၎င်းတို့အနေဖြင့် ကျော်လွှားနိုင်မည်လားဆိုသည်မှာ စဉ်းစားစရာအချက်များ ဖြစ်နေသေးသည်။ ကားပိုင်ရှင်များသည် ကားများကို လေယာဉ်များကဲ့သို့ မောင်းနိုင်မည့်စိတ်ကူးသည် အလွန်ကောင်းမွန်သော စိတ်ကူးဖြစ်သော်လည်း တကယ့်လက်တွေ့ဘဝတွင်မှုဖြစ်နိုင်ရန် အတော်ကြိုးစားရဦးမည်ဖြစ်ကြောင်း ပုဂ္ဂလိကလေကြောင်းလိုင်းကုမ္ပဏီက ပြောသည်။

**(တိုင်းမ်)**

## ဩစတြေးလျကမ်းခြေတွင် MH-370 မှဟု ယူဆရသော အပျက်အစီးများတွေ့ရှိ

**ကင်ဘာရာ ဇွန် ၁၀**

ဩစတြေးလျတောင်ပိုင်း ကမ်းခြေ၌ တွေ့ရှိသော အပျက်အစီးအပိုင်းအစများမှာ မလေးရှားလေယာဉ် MH-370 ၏ အပျက်အစီးများ ဟုတ် မဟုတ်ကို ဩစတြေးလျအာဏာပိုင်များက ဆက်လက် စုံစမ်းလျက်ရှိကြောင်း မီဒီယာများက ဇွန် ၁၀ ရက်တွင် ပြောခဲ့သည်။

ကန်ဂရိုးကျွန်းပေါ်တွင် ရေစီးဖြင့် မျောပါလာသောသစ်များကို လူတစ်ဦးက ရှာဖွေနေစဉ် ဖိနပ်သေတ္တာထက် အရွယ်အစားကြီးမားသော အပျက်အစီးအပိုင်းအစတစ်ခုကို တွေ့ရှိခဲ့ကြောင်း ဩစတြေးလျတောင်ပိုင်း ရဲများက ပြောခဲ့သည်။

ဩစတြေးလျပို့ဆောင်ရေးလုံခြုံမှုဗျူရို (ATSB)သည် ယင်းအပိုင်းအစမှာ MH-370 မှ ဖြစ်နိုင် မဖြစ်နိုင်ကို စုံစမ်းလျက်ရှိသည်။

ကန်ဂရိုကျွန်းပေါ်တွင် နေထိုင်သူများက ယင်းအစိတ်အပိုင်းကို တွေ့ရှိခဲ့ပြီး သက်ဆိုင်ရာရဲများကိုခေါ်ခဲ့ခြင်းဖြစ်သည်ဟု ဩစတြေးလျတောင်ပိုင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောခဲ့သည်။ ရဲများသည် ဇွန် ၉ ရက်က ယင်းကျွန်းပေါ်သို့ သွားရောက်ခဲ့ပြီး ယင်းအစိတ်အပိုင်းကို ဩစတြေးလျပို့ဆောင်ရေးလုံခြုံမှုဗျူရို (ATSB)သို့ လွှဲပြောင်းပေးခဲ့သည်။




သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်အတွင်း ပြသထားသည့် အပျက်အစီးအပိုင်းအစတစ်ခုကို ၂၀၁၆ ခုနှစ် မတ် ၃ ရက်က တွေ့ရစဉ်။

သို့သော်လည်း ဩစတြေးလျတောင်ပိုင်းရဲများက မီဒီယာများ၏ မေးမြန်းမှုနှင့်ပတ်သက်၍ မည်သည့် မှတ်ချက်မျှ မပေးခဲ့ပေ။

ယင်းအပိုင်းအစကို တွေ့ရှိခဲ့သူ ဆန်မြူအမ်းစထရောင်းက ယင်းသည် ပျက်ကျသွားသော လေယာဉ်မှ အစိတ်အပိုင်းဖြစ်နိုင်သည်ဟု ယူဆခဲ့ပြီး မည်သည့် နေရာမှ ရောက်ရှိလာသည်ကို လှည့်လည် ရှာဖွေခဲ့ကြောင်း ဇွန် ၉ ရက် ညနေက ဆဲဗင်းနယူးသတင်းဌာနသို့ ပြောခဲ့သည်။

၂၀၁၄ ခုနှစ် မတ် ၈ ရက်က ခရီးသည် ၂၃၉ ဦးနှင့် လေယာဉ်ဝန်ထမ်းများ လိုက်ပါလာသော MH-370 လေယာဉ်သည် ကွာလာလမ်ပူမှ ပေကျင်းသို့ ထွက်ခွာစဉ် ပျောက်ဆုံးသွားခြင်းဖြစ်သည်။

MH-370 ၏ ဘိုရင်း-၇၇၇ တောင်ပံအစိတ်အပိုင်းတစ်ခုကိုလည်း ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် အိန္ဒိယသမုဒ္ဒရာရှိ အာဖရိကအရှေ့ဘက် ကမ်းခြေ၏ ရီယူနီယံကျွန်းတွင် တွေ့ရှိခဲ့သည်။

**(ဆင်ဟွာ)**

## တဲလ်အဗစ်တိုက်ခိုက်မှုဖြစ်ပြီးနောက် ပါလက်စတိုင်းတို့လည်ပတ်ရန်ခွင့်ပြုချက်ကို အစ္စရေးစစ်ဘက် ပြန်လည်ရုပ်သိမ်း

**တဲလ်အဗစ် ဇွန် ၁၀**

တဲလ်အဗစ်တွင် ပါလက်စတိုင်းတိုက်ခိုက်မှုကြောင့် အစ္စရေးလေးဦးသေဆုံးပြီးနောက် အစ္စရေးစစ်ဘက်က ကြာသပတေးနေ့တွင် ပါလက်စတိုင်း ၈၃၀၀၀ အစ္စရေးသို့ လာရောက်လည်ပတ်ရန် ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ပြီး သိမ်းပိုက်ခံ အနောက်ဘက်ကမ်း (West Bank) သို့ စစ်သားရာကျော်စေလွှတ်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

ဗုဒ္ဓဟူးနေ့က အစ္စရေးကာကွယ်ရေးဝန်ကြီးရုံးအနားညနေဈေးတွင် လက်နက်ကိုင်နှစ်ဦး၏ ပစ်ခတ်တိုက်ခိုက်မှုသည် မည်သူ၏လက်ချက်ဖြစ်ကြောင်း ချက်ချင်းမသိရသေးသော်လည်း ဟားမာ့စ်နှင့် အခြားပါလက်စတိုင်း စစ်သွေးကြွအုပ်စုများက ထိုကိစ္စကို ချီးကျူးလိုက်သည်။

လက်နက်ကိုင်တိုက်ခိုက်သူများသည် အစ္စရေးသိမ်းပိုက်ထားသော အနောက်ဘက်ကမ်း (West Bank) ရှိ ဟီးဘရွန်းအနီးမှလာသူများဖြစ်ကြောင်း သိရသည်။ ၎င်းတို့သည် ဝတ်စုံပြည့် ဝတ်ဆင်ထားကြပြီး လက်နက်များဆွဲထုတ်၍ ပစ်ခတ်မှုများမပြုခင် စားသောက်ဆိုင်တစ်ခုတွင် အစားအစာများ မှာကြားနေကြောင်း သိရသည်။

ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားနှစ်ဦးတို့ သေဆုံးခဲ့ပြီး အခြားခြောက်ဦး ဒဏ်ရာရရှိ သွားကြသည်။ လွန်ခဲ့သောရက်များက အစ္စရေးလမ်းများပေါ်တွင် နေ့စဉ်တိုင်းလိုလို ဓားထောက်လုယက်ပစ်ခတ်မှုများဖြစ်ပွားပြီးနောက် ယခုကဲ့သို့ သေနတ်ဖြင့်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော ၂၀၁၄ ခုနှစ် နိုဝင်ဘာလက ဂျေရုဆလင်ရဟူဒီဘုရားရှိခိုးကျောင်းပစ်ခတ်မှုတွင် ငါးဦးသေဆုံးပြီးနောက် ယခုပစ်ခတ်မှုသည် နောက်ထပ်အများဆုံး သေဆုံးသော ပစ်ခတ်တိုက်ခိုက်မှုဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

## မက္ကဆီကို၊ အမေရိကန်နှင့်ကနေဒါသုံးနိုင်ငံပေါင်း၍ ဘိန်းဖြူနှိမ်နင်းရေးဆောင်ရွက်မည်



**မက္ကဆီကိုစီးတီး ဇွန် ၁၀**

မက္ကဆီကို၊ အမေရိကန်နှင့် ကနေဒါသုံးနိုင်ငံသည် ဘိန်းစိုက်ပျိုးမှုနှင့်မြောက်အမေရိကတစ်ဝန်း ဘိန်းဖြူသုံးစွဲမှု နှိမ်နင်းရေးကို ယခုလနှောင်းပိုင်းတွင် အစည်းအဝေးတစ်ခုပြုလုပ်မည်ဟု မက္ကဆီကန်အရာရှိများက ကြာသပတေးနေ့တွင် ပြောသည်။

ယင်းသုံးနိုင်ငံမှ ခေါင်းဆောင်များသည် ဇွန် ၂၉ ရက်တွင် အော့တဝါ၌ တွေ့ဆုံမည်ဖြစ်ပြီး မြောက်အမေရိကသားများ ဘိန်းဖြူသုံးစွဲခြင်းကြောင့် သေနှုန်းမြင့်မားမှုနှင့် ပတ်သက်၍ ဆွေးနွေးမည်ဖြစ်သည်။ ထို့အပြင် ဘိန်းစိုက်ပျိုးမှုမြင့်တက်လာခြင်းနှင့် မက္ကဆီကို၌ မူးယစ်ဂိုဏ်းများ အကြမ်းဖက်သောင်းကျန်းလာမှုတို့ကိုလည်း ဆွေးနွေးမည်ဖြစ်သည်။

အမေရိကန်သမ္မတဘားရက်အိုဘားမားနှင့် မက္ကဆီကန်သမ္မတ Enrique Pena Nieto တို့ နှစ်ဦးစလုံးသည် ဘိန်းဖြူထုတ်လုပ်မှု ဆန့်ကျင်ရေးဆောင်ရွက်ရန် သဘောတူထားပြီးအစိုးရအရာရှိကြီးများက အဆိုပါပြဿနာကို လပေါင်းများစွာကြာအောင် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ရန် လိုအပ်မည်ဟု ပြောသည်။

မြောက်အမေရိကဆိုင်ရာမက္ကဆီကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ပေါလ်လိုကာရီနိုက ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူဒီယူသည် ယခုလနှောင်းပိုင်း၌ ပြုလုပ်မည့် သုံးပွင့်ဆိုင်အစည်းအဝေးသို့တက်ရောက်မည်ဟု ပြောသည်။

ဘိန်းခင်းများကို ဖျက်ဆီးပစ်ရုံမျှမက ဘိန်းစိုက်ပျိုးရန် ဖိအားပေးခံရသည့် ပြည်သူများအတွက်ပါ အဖြေရှာရန်နှင့် ပြဿနာများကို ဖြေရှင်းရန် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုကိုပါ ကြေညာသွားမည်ဟု ၎င်းကပြောသည်။

**(ရိုက်တာ)**

# ယူရို ၂၀၁၆ ပြိုင်ပွဲ၌ လုံခြုံရေးအကောင်းဆုံးဖြစ်အောင်ပြင်ဆင်နေသည့် ပြင်သစ်နိုင်ငံ

**ချူးစန္ဒီနွေး**

**ပြင်သစ်နိုင်ငံ၌ သောကြာနေ့တွင်ပြုလုပ်သည့် ယူရိုချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲကြီးသို့ အနယ်နယ်အရပ်ရပ်မှလူပေါင်း ၂ ဒသမ ၅ သန်း လာရောက်ကြမည်ဖြစ်ရာ ပြင်သစ်အစိုးရသည် ကြောက်မက်ဖွယ်အကြမ်းဖက်တိုက်ခိုက်မှုမှ ကာကွယ်နိုင်ရေး သတိပြုဆောင်ရွက်ရတော့မည်ဖြစ်သည်။**

ပြိုင်ပွဲများ၌ ထိခိုက်မှုပြဿနာလုံးဝမရှိဟူ၍ တော့မရှိပေ။ ပါရီမြို့၌ ရဲများသည် တချို့သောပြိုင်ပွဲ ပွဲစဉ်များ၌ ကြီးမား၍ လူကြိုက်များသောပွဲများကိုလျှော့ချရန် အစိုးရကို တောင်းဆိုခဲ့သည်။ သို့သော် ပြင်သစ်အစိုးရသည် ပြင်သစ်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်ခံရမှု နမူနာများစွာ ရှိသော်လည်း ယင်းကဲ့သို့ တောင်းဆိုမှုကိုမူ လိုက်လျောခြင်းမပြုခဲ့ပေ။

"ကျွန်တော်တို့ ပြင်သစ်ပြည်သူတွေကို လက်တွေ့ကျတဲ့ အမှန်တရားကို ပြောပြချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘာမှကြိုတင်ကာကွယ်မှုတွေ လုပ်မထားဘူးဆိုရင် ထိခိုက်ပျက်စီးမှုကတော့ ၁၀၀ ရာခိုင်နှုန်းပါပဲ။ ကြိုတင်ကာကွယ်မှုတွေ ရာနှုန်းပြည့်လုပ်ထားမယ်ဆိုရင်တောင် ပျက်စီးဆုံးရှုံးမှုရာခိုင်နှုန်းကို လုံးဝမရှိနိုင်ဘူးလို့တော့ မျှော်လင့်ထားလို့မရပါဘူး"ဟု ပြည်ထဲရေးဝန်ကြီး ဘားနတ်ကာဇီးနိ(ဗ်)က မေလနှောင်းပိုင်းတွင် ပြောသည်။

လွန်ခဲ့သော သီတင်းပတ်ကပြုလုပ်ခဲ့သည့်ဖိုရမ်၌လည်း ၎င်းက "အကြမ်းဖက်တိုက်ခိုက်မှုတွေနဲ့ လုံးဝမတွေ့ကြုံနိုင်ဘူးလို့တော့ ကျွန်တော်အာမ မခံနိုင်ပါဘူး" ဟု ရှင်းလင်းပြောကြားခဲ့သည်။ အမေရိကန်နှင့်ဗြိတိန်အစိုးရတို့ကမူ ၎င်းတို့၏ နိုင်ငံသားများကို သယ်ယူပို့ဆောင်ရေးဂိတ်များ၊ လူကြည့်များသည့် အားကစားပွဲများ၊ ပြိုင်ပွဲများကို ရိုက်ကူးအသံလွှင့်ရာနေရာများနှင့် အခြားသောအကြမ်းဖက်သမားများ ပစ်မှတ်ထားတိုက်ခိုက်နိုင်ခြေရှိသည့် နေရာများကို ရှောင်ရှားရန် ထိရောက်သည့် သတိပေးမှုများ ပြုလုပ်ထားသည်။

လုံခြုံရေးတပ်ဖွဲ့များကလည်း ပြစ်သစ်နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများ၌ ဗုံးခွဲတိုက်ခိုက်မှု၊ ဓာတုလက်နက်နှင့်ဒရုန်းများ၏ တိုက်ခိုက်မှုအန္တရာယ်ကို ကာကွယ်နိုင်ရေး လေ့ကျင့်မှု အကြိမ် ၃၀ နီးပါး ပြုလုပ်ခဲ့သည်။ နိုင်ငံတစ်ဝန်းမှရဲတပ်ဖွဲ့ဝင်များကိုလည်း ပါရီမြို့သို့ ခေါ်ယူမည်ဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံး၌ လုံခြုံမှုအပြည့်အဝရရှိစေရေး ပုဂ္ဂလိကမှ လုံခြုံရေးအေးဂျင့် ၁၃၀၀၀ ကို ငှားရမ်းခဲ့သည်။

၂၀၁၆ ယူရို၌ ဥရောပတစ်လွှားနိုင်ငံပေါင်း ၂၄ နိုင်ငံမှ အမျိုးသားအသင်းများပါဝင်ပြီး ပြင်သစ်နိုင်ငံရှိ မြို့ ၁၀ မြို့၌ ပွဲစဉ်ပေါင်း ၅၁ ပွဲ ပြုလုပ်မည်ဖြစ်သည်။ လွန်ခဲ့သောနှစ်အတွင်းက ပြင်သစ်နိုင်ငံ၌ လူအများ မယုံကြည်နိုင်လောက်ဖွယ် အကြမ်းဖက်တိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး မတ်လအတွင်း၌လည်း ဘရပ်ဆဲလ်မြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

ဘောလုံးပွဲစဉ်များ၌ အကြမ်းဖက်ခြိမ်းခြောက်မှုအန္တရာယ်ရှိနေခြင်းသည် ပြင်သစ်နိုင်ငံအတွက် ထူးဆန်းသည့်ကိစ္စတော့မဟုတ်ချေ။ လွန်ခဲ့သောနှစ် နိုဝင်ဘာ ၁၃ ရက်က ပထမဆုံး အသေခံဗုံးခွဲတိုက်ခိုက်မှုသည် ပါရီမြို့အပြင်ဘက် Stade de France၌ ဖြစ်ပွားခဲ့သည်။ ယင်းနေရာ၌ ပြင်သစ်နှင့်ဂျာမနီမှအားကစားသမားများ ဘောလုံးယှဉ်ပြိုင်ကစားလျက်ရှိပြီး ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းလည်း တက်ရောက်ခဲ့သည်။ အားကစားပြိုင်ပွဲများသည် အကြမ်းဖက်သမားများ မျက်စိကျရာနေရာဖြစ်လာသည်ဟု ၁၉၇၂ ခုနှစ်မှ ၂၀၀၄ ခုနှစ် အထိ အားကစားပြိုင်ပွဲရဲဌာနမှ အကြမ်းဖက်တန်ပြန်တုံ့ပြန်ရေးအကြီးအကဲဟောင်းရစ်ချက်ဝေါလ်တန်က ပြောသည်။ အကြမ်းဖက်သမားများ ၂၀၁၆ ယူရိုအားကစားပြိုင်ပွဲများ၌ တိုက်ခိုက်ခံရမှု ၁၆၈ ခုဖြစ်ပွားခဲ့ကြောင်း လန်ဒန်မြို့ မက်ထရိုပိုလီတန်၌ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နိုင်သည်ဟူသော စိုးရိမ်ကြောင့်ကြမှုများ ပေါ်ထွက်လာရခြင်းမှာ မိုဟာမက်အဘရီနီကြောင့်ပင်ဖြစ်သည်။ ၎င်းသည် ပါရီနှင့် ဘရပ်ဆဲလ်တိုက်ခိုက်ခံရမှု၌ ပါဝင်၍ အဖမ်းခံရသူတစ်ဦးဖြစ်သည်။ ၎င်းတို့အုပ်စုသည် အားကစားပြိုင်ပွဲများ ကျင်းပရာ၌ ပြင်သစ်နိုင်ငံကို ပစ်မှတ်ထားတိုက်ခိုက်ရန် ရည်ရွယ်ထားကြောင်း ပြောခဲ့သည်။

အကြမ်းဖက်မှုတန်ပြန်တုံ့ပြန်ရေးနှင့် လုံခြုံရေးအရာရှိများက ယခုလက်ရှိ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်သို့မဟုတ် နယူးယောက်မြို့တိုင်းမ်စကွဲယား၌ နယူးရီးယားည လုံခြုံရေးဆောင်ရွက်မှုများနှင့် နှိုင်းယှဉ်ပြခဲ့သည်။ ပြင်သစ်နိုင်ငံ၏ ပွဲရိပ်နှင့် လုံခြုံရေးမှာ စွန့်စားရသော ကိစ္စပင်ဖြစ်သည်ဟု ပါရီမြို့ရှိ အပြည်ပြည်ဆိုင်ရာနှင့် မဟာဗျူဟာဆက်ဆံရေး အင်စတီကျူမှ ညွှန်ကြားရေးမှူး ပါစကယ်ဘိုနီဖေဆီက ပြောသည်။ အကယ်၍ အားကစားပြိုင်ပွဲကြီး လုံခြုံစိတ်ချစွာဖြင့် အဆုံးသတ်နိုင်ခဲ့လျှင် ပြင်သစ်နိုင်ငံအတွက် ကြီးမားသော အောင်မြင်မှုဖြစ်လာမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံအတွင်း လုံခြုံစိတ်ချရမှုသည် ပြင်သစ်နိုင်ငံအတွက် လက်ရှိအခြေအနေ၌သာ အရေးပါသည်မဟုတ်။ အနာဂတ်နှင့်လည်း များစွာသက်ဆိုင်သည်။




၂၀၁၆ ယူရိုအားကစားပြိုင်ပွဲအတွက် အကြမ်းဖက်တိုက်ခိုက်မှုမှ ရှောင်ရှားနိုင်ရေး အစမ်းလေ့ကျင့်မှုများပြုလုပ်စဉ်

ကမ္ဘာ့ခရီးသွားလာရေးကောင်စီ၏ ဖော်ပြချက်အရ ပြင်သစ်နိုင်ငံ၏ စုစုပေါင်း ထွက်ကုန်နှင့် ဝန်ဆောင်ခတန်ဖိုး ၉ ရာခိုင်နှုန်းမှာ ခရီးသွားလုပ်ငန်းမှ ရရှိသည်။ လူပေါင်း ၁၃၀ သေဆုံးစေခဲ့သည့် အကြမ်းဖက်တိုက်ခိုက်ခံရမှုပြီးနောက် ယင်းဖြစ်ရပ်သည် ခရီးသွားလုပ်ငန်းကို ခြိမ်းခြောက်လာသည်။

အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ် တိတိကျကျဖော်ပြနိုင်ခြင်း မရှိသေးသော်လည်း ရရှိထားသည့် သတင်းအချက်အလက်များမှာ အန္တရာယ်အရိပ်အငွေ့များသန်းနေကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးက ပြောသည်။ အားကစားပြိုင်ပွဲ အကြိုကာလ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အားကစားရုံများ၊ အများပြည်သူများအသုံးပြုသည့် သယ်ယူပို့ဆောင်ရေးဂိတ်များ၊ ခရီးသွားများနှစ်ခြိုက်စွာ သွားရောက်လည်ပတ်သည့် နေရာများ၌ အရေးပေါ်ဆေးကုသရေးအဖွဲ့များနှင့် ရဲတပ်ဖွဲ့ဝင်များ ချထားခဲ့သည်။ ၁၉၇၂ ခုနှစ် မြူးနစ်အိုလံပစ်၌ အစ္စရေးအိုလံပစ်အားကစားအဖွဲ့ တိုက်ခိုက်ခံရပြီးသည့်အချိန်မှစ၍ အားကစားအဖွဲ့များအား နေရာချထားမှုကို ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့သည်။ နိုင်ငံပေါင်း ၂၄ နိုင်ငံမှ အားကစားအဖွဲ့များ၏ နေရာချထားပေးမှုမှာလည်း အာရုံစိုက်ဖွယ်ပင်ဖြစ်သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ စိုးရိမ်သည့်နောက်ထပ်ကိစ္စတစ်ရပ်မှာ နိုဝင်ဘာလအတွင်းက ပါရီမြို့ Bataclan ဂီတခန်းမ၌ အသေခံဗုံးခွဲအင်္ကျီများ ဝတ်ဆင်ထားသော တိုက်ခိုက်ရေးသမားများက လူ ၉၀ ကျော်ကို ပစ်သတ်ခဲ့သကဲ့သို့ အလားတူဖြစ်ရပ်မျိုး ထပ်မံ၍ ဖြစ်ပွားမည်ကို စိုးရိမ်ခြင်းဖြစ်သည်။

အယ်လ်ခိုင်ဒါများနှင့် အိုင်အက်စ်တိုက်ခိုက်ရေးသမားများသည် လူအုပ်ကြားအတွင်း အတင်းဝင်ရောက်တိုက်ခိုက်သည့် နည်းလမ်းမျိုးကို အသုံးပြုကြကြောင်း ထောက်လှမ်းရေး သုတေသနညွှန်ကြားရေးမှူး ဟင်နရီ ဝေလ်ကင်ဆန်က ပြောသည်။ ၎င်းသည် ၂၀၁၆ ယူရို၌ လုံခြုံရေးဆိုင်ရာ အကဲဖြတ်မှုများ ပြုလုပ်သည့် ဗြိတိသျှကုမ္ပဏီမှဖြစ်သည်။ အဓိကပြဿနာမှာ ထိရောက်စွာပူးပေါင်းဆောင်ရွက်နိုင်ရေးပင်ဖြစ်သည်ဟု ပုဂ္ဂလိကလုံခြုံရေးအေးဂျင့်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အိုလီမာဒူရမ်က ပြောသည်။ ပုဂ္ဂလိကမှ လုံခြုံရေးအေးဂျင့် ၁၃၀၀၀ မှာလည်း အားကစားပြိုင်ပွဲ၌ လုံခြုံရေးကိစ္စများ ဆောင်ရွက်ရာတွင် အထောက်အကူပြုလျက်ရှိသည်။

နောက်ထပ်ပြဿနာတစ်ခုမှာ အားကစားရုံများနှင့် အများပြည်သူများ သွားရောက်လည်ပတ်ရာနေရာများ၌ ဝင်ရောက်ခွင့်ရရေးဝင်ပေါက်များတွင် တန်းစီစောင့်ဆိုင်းသည့် လူတန်းကြီးရှည်လျားလာသည့်အခါ လုံခြုံရေးတပ်ဖွဲ့ဝင်များ အခက်ကြုံလာသည်။ စောင့်ဆိုင်းသည့် လူတန်းကြီးရှည်လာသည့်အတွက် အမြန်ရွေ့လျားနိုင်ရေး ဆောင်ရွက်ပေးရာ၌ လူတစ်ဦးချင်းစီကို သေချာစွာရှာဖွေရန်မှာ မစွမ်းနိုင်တော့ပေဟု မစ္စတာဒူရမ်က ပြောသည်။

အဆိုးဆုံးကိစ္စမှာ အားကစားပြိုင်ပွဲများ၌ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပါက ပုဂ္ဂလိကလုံခြုံရေးအေးဂျင့်များနှင့် ရဲတပ်ဖွဲ့တို့ကြား ဆက်သွယ်ရေးလမ်းကြောင်းများ မရှိခြင်းပင်ဖြစ်သည်။ ချိတ်ဆက်ဆက်သွယ်မှု၌ အင်္ဂလန်နှင့်ပြင်သစ်တို့သည် ရှေ့တန်းမှပြေးနေသော်လည်း ပြင်သစ်နိုင်ငံအတွက်မူအစပျိုးရုံမျှသာဖြစ်သည်ဟု မစ္စတာဒူရမ်က ဆက်ပြောသည်။

ဖိလစ်ပီဂျူမင်သည် ပါရီမြို့ Pompidou ဆေးရုံမှ အရေးပေါ်ကုသရေးအဖွဲ့ခေါင်းဆောင်ဖြစ်ပြီး နိုဝင်ဘာလတိုက်ခိုက်ခံရမှုအတွင်း ထိခိုက်ခံရမှုအတွက် ထိခိုက်ဒဏ်ရာရရှိသူများကို ကုသရာ၌ ပါဝင်ခဲ့သူလည်းဖြစ်သည်။ ၎င်းကဆေးရုံများ၌ အရေးပေါ်ဆေးကုသရေးဝန်ထမ်းများနည်းပါးသည်ဟု ဝေဖန်ထောက်ပြခဲ့သည်။

ပြင်သစ်အရာရှိများက ၎င်းတို့သည် ကြိုတင်သတိပေးမှုများပြင်ဆင်မှုများပြုလုပ်ထားပြီးဖြစ်သော်လည်း လုံခြုံရေးကိစ္စကို ပေါ့ပေါ့တန်တန် သဘောမထားဘဲ အလေးနက်ထားကြောင်းပြောခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ပြင်သစ်အစိုးရသည် ယူရို၂၀၁၆ ပြိုင်ပွဲကြီးကို ထိခိုက်ပျက်စီးမှုနည်းအောင်၊ ဖျက်ဆီးခံရမှုမှရှောင်ရှားနိုင်အောင် အတိတ်ကဖြစ်ပေါ်ခဲ့သောအကြောင်းအရာများကို သင်ခန်းစာယူဆောင်ရွက်နေသည်။ ယူရို ၂၀၁၆ ပြိုင်ပွဲကြီးသည် နိုင်ငံ၏အရေးပါသည့်ပုံရိပ်တစ်ခုဖြစ်သကဲ့သို့ ပြင်သစ်နိုင်ငံမှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပုဂ္ဂလိကလုံခြုံရေးအေးဂျင့်များ၏ စွမ်းရည်ကို စောင့်ကြည့်ရတော့မည့်ပွဲလည်း ဖြစ်ပေတော့သည်။

**ကိုးကား-သည်နယူးယောက်တိုင်းမ်**

**ကျွန်တော်တို့ ပြင်သစ်ပြည်သူတွေကို လက်တွေ့ကျတဲ့ အမှန်တရားကို ပြောပြချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘာမှကြိုတင်ကာကွယ်မှုတွေ လုပ်မထားဘူးဆိုရင် ထိခိုက်ပျက်စီးမှုကတော့ ၁၀၀ ရာခိုင်နှုန်းပါပဲ။ ကြိုတင်ကာကွယ်မှုတွေ ရာနှုန်းပြည့်လုပ်ထားမယ်ဆိုရင်တောင် ပျက်စီးဆုံးရှုံးမှုရာခိုင်နှုန်းကို လုံးဝမရှိနိုင်ဘူးလို့တော့ မျှော်လင့်ထားလို့မရပါဘူး**

## အင်ဒိုနီးရှား၌ ဖုံးခွဲတိုက်ခိုက်ရန် ကြံစည်မှုဖြင့် လူသုံးဦးဖမ်းဆီး

**ဂျကာတာ ဇွန် ၁၀**

အင်ဒိုနီးရှားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ဆာရာဘာရာ၌ ဗုံးခွဲတိုက်ခိုက်ရန်ကြံစည်မှုဖြင့် လူသုံးဦးကို အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် အိုင်အက်စ်အုပ်စု၏ လွှမ်းမိုးမှုရှိသည်ဟု ရဲများက ပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကြာသပတေးနေ့၌ ရဲတပ်ဖွဲ့က သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ ၎င်းတို့သည် ရဲစခန်း၊ အစိုးရရုံးနှင့် လူစည်ကားရာ နေရာများကို ပစ်မှတ်ထားတိုက်ခိုက်ရန် ကြံရွယ်ခဲ့သည်ဟု ဖမ်းဆီးခံထားရသူများက ပြောသည်။

ဗုံးပြုလုပ်သည့်ပစ္စည်းများ၊ ဖောက်ခွဲရေးကိရိယာများ၊ ရိုင်ဖယ်နှင့် သေနတ်များကို ပြစ်မှုကျူးလွန်သူ၏အိမ်မှ ရဲများက သိမ်းဆည်းခဲ့သည်။ ပြစ်မှုကျူးလွန်သူသုံးဦးအနက်မှ တစ်ဦးမှာ ဆီးရီးယားရှိ အိုင်အက်စ်တိုက်ခိုက်ရေးသမားတစ်ဦးဖြစ်သူ အင်ဒိုနီးရှားအမျိုးသားနှင့် အဆက်အသွယ်ရှိသည်ဟု ၎င်းတို့ကပြောသည်။

ဇန်နဝါရီလက ဂျကာတာ၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးခဲ့သည်။ အိုင်အက်စ်အုပ်စုသည် ၎င်းတို့ရန်သူဟု ရှုမြင်ထားသည့်နိုင်ငံများ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန် အဖွဲ့ဝင်များစုဆောင်းလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# သီပေါ - နမ့်ဆန်လမ်း၌ အနက် ပေ ၃၀၀ ကျော်ရှိ ချောက်ထဲသို့ ယာဉ်ထိုးကျမှုဖြစ်ပွား

**သီပေါ ဇွန် ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် သီပေါ-နမ့်ဆန် ကားလမ်း မိုင်တိုင်အမှတ် (၂၅/၂)တွင် ဇွန် ၈ ရက်က သီပေါမြို့နယ် မိုးတေ ကျေးရွာအုပ်စု ကုန်းရမ်းကျေးရွာ ရွာဦးကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ ကောသလ(၅၈ နှစ်) သည် ပရိုဘောက်လူစီးယာဉ် ၁ခ/---- ကို မောင်းနှင်ပြီး နမ့်ဆန်မြို့နယ် လီလု ကျေးရွာ ဘုန်းကြီးကျောင်း ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲသို့ သွားရောက်ရာ မော်တော်ယာဉ်မှာ အရှိန်လွန်ပြီး ပေ ၃၀၀ ကျော်ရှိ ချောက်ကြီးအတွင်းသို့ ထိုးကျသွား၍ ယာဉ်မောင်းသူ ဆရာတော်နှင့် သီပေါမြို့နယ် မိုးတေကျေးရွာအုပ်စု နားကျကျေးရွာမှ သံဃာတော် ဘဒ္ဒန္တ စန္ဒိမာနှင့် ဘွဲ့အမည်မသိ သံဃာတော် တစ်ပါး အခင်းဖြစ်နေရာ၌ ပျံလွန်တော်မူခဲ့သည်။

အဆိုပါ မော်တော်ယာဉ်ပါ ဘွဲ့အမည်မသိ သံဃာတော်တစ်ပါးမှာလည်း ဒဏ်ရာပြင်းထန်၍ လားရှိုးတိုင်းဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီး ကျန်သံဃာတော်သုံးပါးကို ဝမ်းမောလူမှုကူညီရေး မော်တော်ယာဉ်ဖြင့် တင်ဆောင်ကာ သီပေါမြို့ပြည်သူ့ဆေးရုံ၌ အတွင်းလူနာအဖြစ် ကုသလျက်ရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နမ္မတူမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**



ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ်

# ထီးချိုင့်မြို့နယ် နေပူတောင်အဆင်း ယာဉ်တစ်စီးတိမ်းမှောက်၊ နှစ်ဦးသေဆုံး

**ထီးချိုင့် ဇွန် ၁၀**

ထီးချိုင့်မြို့နယ် နေပူတောင်အဆင်း၌ ဇွန် ၉ ရက် ညနေ ၅ နာရီခန့်က ယာဉ်တစ်စီးတိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ထီးချိုင့်မြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးကြည့်ရှုခဲ့သည်။

စစ်ဆေးချက်အရ ထီးချိုင့်မြို့နယ် ပြင်တဲကြီးဝိုင်း နေပူတောင်အဆင်း ရွှေဘို-မြစ်ကြီးနား ကားလမ်းမပေါ် မိုင်တိုင်အမှတ် (၁၁၃/၅) အနီး ရွှေဘိုမှ မြစ်ကြီးနားသို့ အောင်ဆန်း(၂၅ နှစ်)ညောင်ကန်ကျေးရွာ ဘုတလင်မြို့နယ်နေသူ မောင်းနှင်ပြီး ဘိလပ်မြေအိတ်များ တင်ဆောင်လာသည့် ယာဉ်အမှတ် MDY H1/---- နစ်ဆန်း အမျိုးအစား ၁၂ ဘီးယာဉ်သည် ကားလမ်း၏ ဝဲဘက်(အနောက်ဘက်)ချောက်ထဲသို့ အရှိန်လွန်ထိုးကျကာ ချောက်ကမ်းပါးရှိ သစ်ပင်နှင့်တိုက်မိကာ ကန့်လန့်ဖြတ်အနေအထားဖြင့် တိမ်းမှောက်ရပ်တန့်နေကြောင်း စစ်ဆေးတွေ့ရှိရသည်။ **(ယာပုံ)**

အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်၏ဦးခေါင်းပိုင်းချိုင့်ဝင် ပျက်စီးသွားခဲ့ပြီး ယာဉ်၏ခေါင်းခန်းမှ လိုက်ပါလာသူ ယာဉ်မောင်းအောင်ဆန်းနှင့် ယာဉ်နောက်လိုက် အောင်သိုက် ညောင်ကန်ကျေးရွာ ဘုတလင်မြို့နယ်နေသူတို့မှာ ယာဉ်အတွင်း သေဆုံးလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

ယာဉ်တိမ်းမှောက်မှုနှင့်စပ်လျဉ်း၍ အောင်ဆန်းကို ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**



# ရေကျော်နေသောချောင်းကို လူနှစ်ဦး ဆိုင်ကယ်ဖြင့်ဖြတ်ကူးစဉ် မျောပါသေဆုံး

**ဝန်းသို ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် သင်တောကျေးရွာအနီး (၇)မိုင်ချောင်းအတွင်း လူနှစ်ဦး ရေနစ်သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၉ ရက် နံနက် ၇ နာရီခန့်က ဝန်းသိုရဲစခန်းမှ ရဲအုပ်သီဟစိုးသည် ဝန်းသိုမြို့နယ် သင်တောကျေးရွာအနီး လူနှစ်ဦး ရေနစ်သေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ဝန်းသိုမြို့နယ် (၈)မိုင်ထာဝရရွှေ ကုမ္ပဏီမှ ရွှေလုပ်သား ဇော်ထက်နှင့် ဖြိုးဝေအောင်တို့ဖြစ်ပြီး ၎င်းတို့သည် ယင်းနေ့ နံနက် ၃ နာရီခန့်တွင် ဝန်းသိုမြို့မှ ထာဝရကုမ္ပဏီသို့ ပြန်လာစဉ် (၇)မိုင်တံတားအနီး ရေကျော်နေသော ချောင်းကို ဆိုင်ကယ်ဖြင့် ဖြတ်သန်းစဉ် ရေစီး၌ မျောပါ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအမှုအား ဝန်းသိုရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# အရှိန်မထိန်းနိုင်သည့် မော်တော်ယာဉ်နှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ၍ နှစ်ဦးသေဆုံး

**မုဒုံ ဇွန် ၁၀**

မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်မြို့ ရပ်ကွက်(၂) စိန်တောင်ရွာချင်းဆက် ကားလမ်းမပေါ်၌ ဇွန် ၉ ရက် ည ၁၀ နာရီခန့်က မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တစ်ဖက် ယာဉ်ကြောမှ မောင်းနှင်လာသော ဆိုင်ကယ်အား မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူနှင့် နောက်မှ စီးနင်းသူ နှစ်ဦးစလုံး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကမာဝက်မြို့ ရပ်ကွက်(၂) စိန်တောင်ရွာချင်းဆက် ကားလမ်းမပေါ်၌ စိန်တောင်ဘက်မှ ဖယ်ဒိုရွာဘက်သို့ အညဲ(၃၀ နှစ်)ကမာဝက်မြို့နေသူ မောင်းနှင်ကာ အောင်မိုး(၄၉ နှစ်)ကမာဝက်မြို့နေသူ လိုက်ပါလာသည့် နံပါတ်မပါ HONDA WAVE 100 ဆိုင်ကယ်နှင့် ရပ်ကွက်(၂)ကမာဝက် မြို့ယာဉ်မောင်း ကျော်ဇေယျာလင်း(ခ)အလင်း(၂၅ နှစ်)မောင်းနှင်လာသည့် 3E/ ---- SURF အမျိုးအစား ယာဉ်တို့ အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်တိုက်မိရာ အောင်မိုးမှာ ဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး အညဲမှာ ဒဏ်ရာများရရှိသဖြင့် ကမာဝက်မြို့ တိုက်နယ်ဆေးရုံသို့တင်ပို့စဉ် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဇေယျာလင်း(ခ)အလင်းအား ကမာဝက်မြို့ရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မုဒုံ-မောင်မောင်**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၀**

မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၉ ရက်က လွိုင်လင် မြို့နယ် ပင်လုံ-လဲချား သွားလမ်းမပေါ်(၁၈)လုံးအိမ်တန်းအနီးတွင် မျိုးဆက်သစ်ယာဉ်လိုင်းမှ ယာဉ်အမှတ် EE/---- ပရိုဘောက် ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ခရီးသည် စိုင်းဦး **(ယာပုံ)** တင်ဆောင်လာသည့် ခရီးဆောင် အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။



အလားတူ ဇွန် ၈ ရက်က နယ်မြေခံတပ်မှ မုံးစီးမြို့နယ် ပန်ဟုတ်ရွာနှင့် မန်ကန်ရွာကြားတွင် လီရင်ဆော့ မောင်းနှင်ပြီး ရှီလိုင်ဝမ်လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀ ကို လည်းကောင်း၊ တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့နယ် နန်းဟောင်ကျေးရွာအုပ်စု ဘန့်ကွဲကျေးရွာအနီး၌ ဆိုင်ကယ်ဖြင့်တွေ့ရှိသူ မျိုးမင်းကိုအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀ ကို လည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ဇွန် ၉ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးသွား ကားလမ်း မိုင်တိုင်အမှတ် (၈၀/၄)တွင် နိုင်ဝင်းမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉၂ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


စင်ကာပူနိုင်ငံမှ ခွဲစိတ်အထူးကုဆရာဝန်ကြီးသည်
ဇွန်လ (၂၄) ရက်နေ့တွင် ရန်ကုန်မြို့သို့
လာရောက်မည်ဖြစ်ပါ၍ စုံစမ်းနိုင်ပါသည်။
MASCOTS Healthcare
36 B, Manawhari Street, Dagon Township, Yangon
Helpline 09 430 99993, 09 9771 99991


**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**မန္တလေးတိုင်းဒေသကြီး**
**မန္တလေးမြို့**

**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ မန္တလေးတိုင်းဒေသကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ခရိုင်/မြို့နယ်များတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်း (၂၀)ခုအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါများကို အောက်ပါအတိုင်းရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနရုံး ဖုန်း-၀၂-၃၃၆၁၉၊ ၀၂-၆၀၂၆၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) **လျှောက်လွှာရောင်းချမည့်ရက်** - ၁၃-၆-၂၀၁၆ရက်
(ခ) **လျှောက်လွှာပိတ်မည့်ရက်** - ၁၂-၇-၂၀၁၆ရက်
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၂၀-၇-၂၀၁၆ရက်
(ဃ) **လျှောက်လွှာရောင်းချမည့်နေရာ** - မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံး

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့**



Official University Partners
ROBINSON Business School
Victoria University
UNIVERSITY of INFORMATION TECHNOLOGY and MANAGEMENT in Rzeszow, POLAND
DUAL Masters MBA / MIM
Master of Business Administration
Master of International Management
Yangon Campus: 206-E, Level-2, La Pyayt Wun Plaza, Dagon Township, Yangon Nay Pyi Taw Campus: No. 59, Tharaphy Street, Tha Pyay Gone Quarter, Zabu Thiri Township, Nay Pyi Taw
Call us: 09 43196211(YGN)/ 09 4200 53536(YGN)/ 09 4544 33711(NPT) Robinson Business School enquiry@rbsmm.com www.rbsmm.com



# ကိုယ့်အားကိုယ်ကိုး လိမ်ပင်ချောင်းတံတားသစ်ကြီး တည်ဆောက်ပြီးစီး၍ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေ

**ညောင်လေးပင် ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရေဖြူကန်ကျေးရွာအုပ်စု ကျူချောင်း လိန်ပင် ချောင်းတံတားသည် ယခင်က ယိုယွင်းပျက်စီးပြီးသွားလာ၍ အဆင်မပြေသဖြင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်ပို့ဆောင်ရေးများ အခက်အခဲများစွာကြုံတွေ့ခဲ့ရသည်။

ထို့နောက် အလှူရှင်ဖြစ်သော ညောင်လေးပင်မြို့နေ ဦးရန်နိုင်မိုးနှင့် ဆရာကြီး ဦးတင်ဝင်းတို့ဦးဆောင်၍ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ရေဖြူခံကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးကဝိန္ဒထံသို့ RC ကွန်ကရစ် သံပေါင်တံတား တည်ဆောက်ရန် အလှူကိုလက်ခံ၍ အနောက်ကျောင်း ဆရာတော်၊ အောင်လံ တရားဆရာတော်၊ ဒလဆိပ် ဆရာတော်တို့နှင့် ညှိနှိုင်း တိုင်ပင်ပြီး နာယကအဖွဲ့ အကျိုးတော် ဆောင်အဖွဲ့ကို ဖွဲ့စည်း၍ တံတားတည်ဆောက်ရေး လုပ်ငန်းကို စတင်ခဲ့သည်။

တံတား တည်ဆောက်နေစဉ်ကာလအတွင်း အလှူရှင်များ၊ ဒေသခံပြည်သူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့များ၊ မြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ နယ်မြေခံခြေမြန်တပ်ရင်းမှ အရာရှိ အရာခံ အကြပ်စစ်သည် မိသားစုဝင်များစုပေါင်း၍ လုပ်အားဒါနများ ပြုခဲ့သဖြင့် တံတားသစ်ကြီးကို မေလကုန်ခန့်တွင် တည်ဆောက်ပြီးစီးခဲ့ပြီးအသုံးပြုနိုင်ခဲ့သည်။

အဆိုပါ ရေဖြူကန်ကျေးရွာ ကျူချောင်း လိန်ပင်ချောင်းတံတားသစ်သည် RC ကွန်ကရစ် သံပေါင်ကွန်ကရစ်ခင်းတံတားအမျိုးအစားဖြစ်ပြီး အရှည်ပေ ၈၀၊ အကျယ် ၁၅ ပေ၊ အမြင့်ပေ ၂၀ ရှိပြီး ကုန်ကျငွေကျပ် သိန်း ၄၀၀ ခန့်ဖြင့် ကိုယ့်အားကိုယ်ကိုး စုပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တံတားသစ်ကြောင့် ရေဖြူကန်ကျေးရွာအုပ်စု၊ ဒလဆိပ်ကမ်းကျေးရွာအုပ်စု၊ ငွေးကုန်းကျေးရွာအုပ်စုရှိ ကျူချောင်းအရှေ့ရွာ၊ အနောက်ရွာ၊ အလယ်ရွာ၊ မောလေးစု၊ ဆုံကုန်း၊ ဆုံပွဲ၊ ရဲလှကုန်း၊ ရေဖြူကန်၊ ငွေးကုန်း၊ ချုံအင်း၊ အင်းကျိုက်၊ အင်းပဝါ၊ ကောက်မယ်သူ၊ မိုးခိုကျေးရွာများရှိ ဒေသခံပြည်သူများ ရာသီမရွေး သွားလာနိုင်မည်ဖြစ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ ကုန်စည်စီးဆင်းရေးအတွက် အကျိုးပြုလျက်ရှိကာ ဒေသခံပြည်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိကြကြောင်း သိရသည်။

**သတင်း-နေလင်း(ညောင်လေးပင်)**
**ဓာတ်ပုံ-ကိုထွေး(ညောင်လေးပင်)**



## မြန်မာ့လူမှုဘဝတိုးတက်မြင့်မားရေးအသင်းမှ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုး

**ဒလ ဇွန် ၁၀**

ဒလမြို့နယ် စိမ်းလန်းစိုပြည်ရေးအတွက် မြန်မာ့လူမှုဘဝ တိုးတက်မြင့်မားရေး အသင်းကကြီးမှူး၍ သစ်ပင်စိုက်ပျိုးခြင်းကို ရာဇသင်္ကြန်ရပ်ကွက်ရှိ အမက (၂၃)နှင့် ကျန်စစ်သားရပ်ကွက်ရှိ အမက (၂၄)တို့တွင် ဇွန် ၈ ရက် နံနက်က ပြုလုပ်ခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြန်မာ့လူမှုဘဝ တိုးတက်မြင့်မားရေးအသင်းမှ ဦးနေမျိုးဇင်က စိုက်ပျိုးပြီး သစ်ပင်များကို ရှင်သန်ကြီးထွားအောင် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ပေးစေလိုကြောင်း ပြောကြားသည်။

အဆိုပါအသင်းမှ ရာဇသင်္ကြန်ရပ်ကွက်အမက (၂၃)တွင် အရိပ်ရသစ်ပင် ၁၀၀ ကို စိုက်ပျိုးပေးခဲ့ပြီး ကျောင်းအတွက် လိုအပ်လျက် ရှိသော ရေဂါလန် ၁၅၀၀ ဆံ့ ဖိုက်ဘာရေတိုင်ကီ တစ်လုံး၊ ဗလာစာအုပ် ငါးဒါဇင် နှင့် KG တန်း ကျောင်းသားကျောင်းသူလေးများအတွက် ပလတ်စတစ် ထိုင်ခုံ (အသေး) အလုံး ၁၆၀လှူဒါန်းပေးခဲ့သည်။

**မောင်ယဉ်ဦး(ဒလ)**

## အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပမည်

**မန္တလေး ဇွန် ၁၀**

အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းများကို ပြည်သူများပိုမိုသိရှိလာစေရန်၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန် စံချိန်စံညွှန်းမီ ထုတ်ကုန်များ တိုးတက် ထုတ်လုပ်လာစေရန်၊ ပြည်တွင်းသာမက ပြည်ပဈေးကွက်သို့ ထိုးဖောက်ဆောင်ရွက်နိုင်ရန် စသော ရည်ရွယ်ချက်များဖြင့် ပြုလုပ်သော အသေးစား စက်မှုလက်မှုထုတ်ကုန်ပစ္စည်း ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး၌ ကျင်းပမည်ဖြစ်ကြောင်း ဇွန် ၈ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူး ဦးဆွေတင့်က ပြောသည်။

ဆက်လက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မန္တလေးတိုင်းဒေသကြီးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သင်းက ဈေးရောင်းပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး MRCCI ဒုတိယဥက္ကဋ္ဌ၊ SMEs ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဝေဒွေးက SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မီဒီယာများနှင့် လုပ်ငန်းရှင်များက သိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## လားရှိုးမြို့၌ စားသုံးသူကာကွယ်ပေးရေးဆိုင်ရာ ဟောပြော

**လားရှိုး ဇွန် ၁၀-** ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့၌ စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇွန် ၇ ရက်က လားရှိုးမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းအားကစားခန်းမ၌ အစားအသောက်များအကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အောင်ကျော်မြင့်(လားရှိုး)**

### သတင်းတိုများ

## ကွန်ပျူတာ ၊ အင်တာနက်၊ နည်းပညာပြန့်ပွားရေးသင်တန်းဖွင့်

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်သူ့အတွက် ပထမရက် ၁၀၀ စီမံချက်ဖြင့်အကောင်အထည် ဖော်ဆောင်ရွက်သော ကျေးလက်လူငယ်ကွန်ပျူတာ၊ အင်တာနက်၊ နည်းပညာ ပြန့်ပွားရေးသင်တန်းဖွင့်ပွဲကို သူကြီးပတုပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇွန်လပထမပတ်က ကျင်းပရာအခမ်းအနားတွင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းနိုင်က အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၄၀ တက်ရောက်လျက်ရှိပြီး သင်တန်းနည်းပြများက အခြေခံကွန်ပျူတာ၊ နည်းပညာများကို တစ်လကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## စက်ရေတွင်း၊ အဝီစိတွင်းများ တူးဖော်ပေး

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဗျိုင်းသစ်ကျေးရွာတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဆောင်ပြီး မြို့နယ်များမှ အင်ဂျင်နီယာအဖွဲ့ဝင်များ ပူးပေါင်းကာ စက်ရေတွင်း၊ အဝီစိတွင်းများကို ဇွန်လပထမပတ်မှစ၍တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## ကြက်ခြေနီသင်တန်းဖွင့်မည်

ရှေးဦးပြုစုခြင်း နည်းပညာကို အခြေခံမှစ၍ နည်းစနစ်မှန်ကန်စွာ သိရှိလိုက်နာ ကူညီစောင့်ရှောက်နိုင်ရေးရည်ရွယ်ကာ မုဒုံမြို့နယ်ဘိုးဘွားရိပ်သာ၊ မေတ္တာစံအိမ်သက်ကြီးရွယ်အိုနေ့ပိုင်း စောင့်ရှောက်ရေးအဖွဲ့နှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ ကြီးမှူး၍ ကြက်ခြေနီသင်တန်းကို ဇွန် ၁၃ရက် မွန်းလွဲ ၁ နာရီမှစတင်ကာ တစ်ကြိမ်လျှင် သင်တန်းသား ၄၀ ဖြင့် မြို့နယ်ဘိုးဘွားရိပ်သာ၌ ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် ဦးဝမ်းကြည်(ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးမှူး) ဖုန်း-၀၅၇ -၇၀၂၀၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ကိုချစ်**

## မူးခင်းကြိုတင်ကာကွယ်ရေးနှင့် ကျဆင်းရေးဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ရက် ၁၀၀ စီမံချက်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးခင်းကြိုတင်ကာကွယ်ရေး၊ မူးခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးဖမ်းဆီးရမိရေးအတွက် ဇွန်လပထမပတ်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့မရဲစခန်းစခန်းမှူး ဒုတိယရဲမှူးမြင့်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်းပြီး လှည့်ကင်းမြို့အဝင်အထွက် မောင်းတံဂိတ်များ၌ မော်တော်ဆိုင်ကယ် / မော်တော်ယာဉ်များအား ရှာဖွေစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

## ယာဉ်မောင်းသင်လိုင်စင်များထုတ်ပေး

**ရန်ကုန် ဇွန် ၁၀**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲကို ဇွန် ၇ ရက် နံနက်က ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) သရဖီဆောင်၌ ပြုလုပ်သည်။

အခမ်းအနားတွင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဒုတိယ ပါမောက္ခချုပ်(စီမံ) ဦးမြတ်သူရက နှုတ်ခွန်းဆက်စကားပြောကြားပြီး အရှေ့ပိုင်းခရိုင် ဦးစီးမှူးဦးဆန်းယုက အသိပညာပေးဟောပြောခဲ့သည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပထမရက် ၁၀၀ စီမံချက်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပွဲများကို ယခင်ကထက်အကြိမ်ရေပိုမိုများပြားစွာဆောင်ရွက်ခြင်းနှင့် Chip ပါ Smart Card လိုင်စင်များကို အခက်အခဲမရှိအဆင်ပြေစွာ ထုတ်ပေးနိုင်သည့်အပြင် ယာဉ်မောင်းလိုင်စင်ဖြေဆိုရာတွင် အဓိကအခြေခံလိုအပ်ချက်ဖြစ်သည့် အမောင်းသင်လိုင်စင်များကို ယခုကဲ့သို့သော ဟောပြောပွဲများ၌ ချက်ချင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



## KG သင်ကြားမှု အဆင်ပြေလွယ်ကူရေးဆောင်ရွက်

**ကော့သောင်း ဇွန် ၁၀**

အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်နေပြီဖြစ်ရာ KG သင်ကြားရေးစနစ် အထောက်အကူပြုနိုင်ရန် လုပ်ငန်းများကို ဇွန် ၆ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ အောင်သုခရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း၌ ပြည်သူ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းကာ ပျက်စီးယိုယွင်းနေသော စာသင်ခုံများပြင်ဆင်ပေးခြင်း၊ ကျောင်းသား ကျောင်းသူများ ရောဂါဘယကင်းဝေးစွာသောက်သုံးနိုင်ရန် သောက်ရေသန့်ဘူးများ ဖြည့်ဆည်းပေးခြင်း၊ ကျောင်းအခန်းအတွင်းနှင့် ကျောင်းဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ကျောင်းကြမ်းပြင်၌ ကောဇောများခင်းပေးခြင်း၊ ဟောင်းနွမ်းညစ်ပေသည့် ကျောင်းနံရံများ ဆေးသုတ်ခြင်း စသည့်လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## လုပ်သားရှားပါးခြင်းနှင့် မိုးအဆက်မပြတ်ရွာခြင်းကြောင့် နွေနှမ်းရိတ်သိမ်းသည့်တောင်သူများ အခက်အခဲဖြစ်နေ

**စဉ့်ကိုင် ဇွန် ၁၀**

စဉ့်ကိုင်မြို့နယ်အတွင်း နွေသီးနှံအဖြစ် စိုက်ပျိုးခဲ့သော နွေနှမ်းများကို ရိတ်သိမ်းချိန်တွင် မိုးအဆက်မပြတ်ရွာသွန်းနေခြင်းနှင့် ရိတ်သိမ်းရန် လုပ်သားရှားပါးနေခြင်းကြောင့် နွေနှမ်းစိုက်ပျိုးခဲ့သော တောင်သူများမှာ သီးနှံများ အောင်မြင်ဖြစ်ထွန်းသော်လည်း အခက်ကြုံနေရကြောင်း သိရသည်။

နွေနှမ်းကို အဓိကနွေသီးနှံအဖြစ် စိုက်ပျိုးခဲ့သော တောမကျေးရွာမှ တောင်သူ ဦးမောင်အေးက "တောမရွာနဲ့ ပတ်ဝန်းကျင်က ကျောက်ဆည်တက္ကသိုလ်နယ်မြေဖြစ်နေတော့ အလုပ်သမားရှားပါးပါတယ်။ အလုပ်သမားတွေကို မုံပင်ရွာအထိ သွားခေါ်ရပါတယ်။ တစ်နေ့လုပ်ခ ငါးထောင်နှုန်းပေးရတယ်။ နွားလှည်းက တစ်နေ့ ခြောက်ထောင်နှုန်းပေးရပါတယ်။ အလုပ်သမားရတဲ့ရက်ကို ရက်ရာဇာလို့သတ်မှတ်ပြီး အလုပ်လုပ်နေရတော့ မိုးလေဝသအခြေအနေကို သတိမပြုမိဘူး။ မိုးက အခုရက်ပိုင်းမှာ နေ့စဉ်လိုလို နည်းနည်းစီရွာနေတော့ ရိတ်သိမ်းတဲ့နေရာမှာ အခက်အခဲအမျိုးမျိုးတော့ တွေ့ရပါတယ်။ အားလုံးရိတ်သိမ်းပြီးမှပဲ သက်ပြင်းချနိုင်တော့မှာပါ"ဟု အခက်အခဲကြုံတွေ့ရပုံများကို ပြောသည်။

စဉ့်ကိုင်မြို့နယ်မှာ နွေသီးနှံအဖြစ် စပါးစိုက်ပျိုးရန် ဆည်မြောင်းဦးစီးဌာနက စိုက်ပျိုးရေရောက်အောင် မပေးနိုင်သော ဒေသဖြစ်၍ အဓိက နွေသီးနှံအဖြစ် နွေနှမ်းနှင့် ပဲတီစိမ်းများကိုသာ စိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် စဉ့်ကိုင်မြို့နယ်အတွင်း မိုးသီးကြွေခဲ့သော ဒေသအချို့မှအပ နေရာအများအပြားတွင် နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းလည်းကောင်းမွန်ကြောင်း၊ အနည်းဆုံး ၁၅ ဧကမှ ဧက ၂၀ ခန့်အထိ ထွက်ရှိနိုင်ကာ စိုက်ပျိုးမှုကုန်ကျစရိတ်လည်း နည်းပါးခဲ့ကြောင်း၊ ယခုရက်ပိုင်းတွင် ရိတ်သိမ်းသည့် ကုန်ကျစရိတ်ကို ရိတ်သိမ်းပြီးမှသာ သိရှိနိုင်မည်ဖြစ်ပြီး ရာသီဥတုအခြေအနေပေါ်မူတည်၍ ရိတ်သိမ်းရမည်ဖြစ်သော်လည်း လုပ်သားရှားပါးမှုကြောင့် အလုပ်သမားငှား၍ ရသည့်အချိန်တွင် ရိတ်သိမ်းနေရကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

**အောင်မင်း(စဉ့်ကိုင်)**

## အထူးကုန်စည်ခွန် ဥပဒေနှင့် အခွန်အကောက်ဆိုင်ရာ ရှင်းလင်း

**ပွင့်ဖြူ ဇွန် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် အခွန်ဦးစီးဌာနရုံး၏ ရက် ၁၀၀ စီမံချက်ဖြင့် အခွန်ထမ်းပြည်သူများအား အထူးကုန်စည်ခွန်ဥပဒေနှင့် အခွန်အကောက် ဥပဒေဆိုင်ရာ ရှင်းလင်းပွဲကို ဇွန်လပထမပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအတွင်းရှိ ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။ အဆိုပါရှင်းလင်းပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးမှူးက စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန မကွေးတိုင်းဒေသကြီး ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ပွင့်ဖြူ-ခင်မောင်ဌေး**

## အလက(ဝင်းပ)၌ မိဘဆရာပူးပေါင်း၍ KG ပညာရေး ဆွေးနွေးပွဲကျင်းပ



**သုဝဏ္ဏဝတီ ဇွန် ၁၀**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ဝင်းပကျေးရွာအုပ်စု အခြေခံပညာ အလယ်တန်းကျောင်း(ဝင်းပ)၌ ဇွန် ၈ ရက် နံနက် ၁၀ နာရီက KG ပညာရေးအတွက် ဆွေးနွေးပွဲကို မိဘဆရာများ ပူးပေါင်းကျင်းပခဲ့သည်။

KG (သူငယ်တန်း) ပညာရေးကို ချဉ်းကပ်နည်းသုံးခုဖြစ်သည့် ကလေးဗဟိုပြုချဉ်းကပ်နည်း ကစားခြင်းဖြင့် သင်ယူနည်း အကြောင်းအရာ အခြေပြုချဉ်းကပ်နည်းတို့နှင့် ဆက်စပ်သင်ကြားမည်ဖြစ်ကြောင်း၊ ကစားနည်းများကို ဦးစားပေး သင်ကြားမည်ဖြစ်ကြောင်း၊ မြန်မာစာအရေးအဖတ်ကို နိုဝင်ဘာလမှ စတင်သင်ကြားမည်ဖြစ်ကြောင်း၊ မိဘများကလည်း မိမိ၏သားသမီးများအား ကျောင်းမှန်မှန်တက်ရန်ဂရုစိုက်ပေးရန်နှင့်ပံ့ပိုးပေးရန် လိုအပ်နေကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းဦးက ပြောသည်။

အဆိုပါကျောင်းသည် ယခင်နှစ်က အလယ်တန်းအဆင့် တိုးမြှင့်သတ်မှတ်ခဲ့ပြီး ယခုနှစ်တွင် စတင်သင်ကြားပေးသည့် KG ပညာရေးအတန်းတွင် ကျောင်းသား ကျောင်းသူ ၄၃ ဦးနှင့် မူကြိုအဆင့် ကျောင်းသား ကျောင်းသူ ၃၅ ဦးကို သင်ကြားပေးနေပြီး သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသားကျောင်းသူ ၄၈၀ ဦး တက်ရောက်သင်ကြားနေကြောင်း သိရသည်။ KG ပညာရေးသည် ပထမတန်းသို့ ကူးပြောင်းရာတွင် လွယ်ကူစေရန်အတွက် ကလေးများအား သင့်တော်သော နည်းလမ်းများကို အသုံးပြု၍ ကဗျာသီချင်း၊ ကစားစရာပစ္စည်းများကို သင်ပြကိုယ်လက်လှုပ်ရှား ကစားစေခြင်းကြောင့် KG ကျောင်းသား ကျောင်းသူကလေးငယ်များ ပျော်ရွှင်စွာ ကျောင်းတက်နေကြကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ မူကြိုကျောင်းသစ်ဖွင့်

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ဆောက်လုပ်လှူဒါန်းသည့် ထန်းတပင်မြို့နယ် မိခင်နှင့်ကလေးအသင်းရုံးနှင့် အသင်းပိုင် မူကြိုကျောင်းသစ်ဖွင့်ပွဲကို ဇွန် ၈ ရက် နံနက် ၉ နာရီက သဇင်လမ်း အမှတ်(၂)ရပ်ကွက်၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါက်တာဒေါ်နုနုသာ၊ ဒုတိယဥက္ကဋ္ဌ ဒေါ်မူမူဆွေ၊ တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်အဖွဲ့ ဥက္ကဋ္ဌဒေါ်အေးအေးမြင့်တို့က အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့် ကလေးအသင်း(ဗဟို)ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌက ကလေးများ၊ ဆရာမများအတွက် ကျောင်းဝတ်စုံ၊ သင်ထောက်ကူပစ္စည်းများ၊ ဝတ်စုံများပေးအပ်ပြီး ဥက္ကဋ္ဌ ဒေါ်နုနုသာနှင့်အဖွဲ့ဝင်များက ကလေးများအား ကစားစရာနှင့် မုန့်များ ပေးဝေကြသည်။

ထန်းတပင်မြို့နယ် မိခင်နှင့်ကလေး အသင်းရုံးနှင့် အသင်းပိုင်မူကြိုကျောင်းသစ်ကို တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ငွေကျပ်သိန်း ၂၅၀ မတည်လှူဒါန်းခဲ့ပြီး အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ငွေကျပ်သိန်း ၅၆၀ ခန့်တန်ဖိုးရှိ အလျား ၃၅ ပေ၊ အနံပေ ၄၀ အာရ်စီနှစ်ထပ် အဆောက်အအုံဖြစ်ကာ ယခုကျောင်းအပါအဝင် မူကြို ၁၄ ကျောင်း ဆောက်လုပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## HIV ပိုး ကူးစက်မှုကာကွယ်ရေး(PMCT) သင်တန်းဖွင့်

**ထန်တလန် ဇွန် ၁၀**

ထန်တလန်မြို့နယ် ပြည်သူ့ဆေးရုံတွင် ဇွန် ၇ ရက် နံနက်က မိခင်မှကလေးသို့ HIV ပိုး ကူးစက်မှုကာကွယ်ရေး (PMCT- Prevention of Mother to Child Transmission) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပရာ ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာ နင်းပပခိုင်က အမှာစကားပြောကြားပြီး အမျိုးသားခုခံအားကျဆင်းမှုနှင့် ကာလသားရောဂါ ကာကွယ်တိုက်ဖျက်ရေးစီမံချက်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မို့မို့စိမ်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ၂၀၀၉ ခုနှစ် ခန့်မှန်း တွက်ချက်မှုများအရ HIV/AIDS အသစ်ထပ်မံ ကူးစက်မှုအများစုမှာ အိမ်ထောင်ရှင် အမျိုးသားများမှတစ်ဆင့် ၄င်းတို့၏ ဇနီးအမျိုးသမီးများထံသို့ ကူးစက်မှုဖြစ်ကြောင်း၊ ယခုအကောင်အထည်ဖော်ဆောင်ရွက်သည့် မိခင်မှကလေးသို့ HIV ပိုးကူးစက်မှုကာကွယ်ရေးလုပ်ငန်းကို မဟာဗျူဟာလေးခုနှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်က HIVပိုး ရှိမရှိကို မြို့နယ်ပြည်သူ့ဆေးရုံတွင်သာ စစ်ဆေးခွင့်ရရှိရာမှ ယခုအခါ ကျေးရွာကျန်းမာရေးဝန်ထမ်းများက စစ်ဆေးခွင့်ရရှိပြီဖြစ်ရာ Test Kid များကိုလည်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ HIV ပိုးရှိသူများအနေဖြင့် ART ဆေးများကို ပုံမှန်သောက်သုံးပါက AIDS ရောဂါနှင့်မသေဘဲ သက်တမ်းစေ့ အသက်ရှင်နိုင်ကြောင်း၊ ART ဆေးနှင့် HIV ပိုးရှိမရှိ စစ်ဆေးစမ်းသပ်ခြင်းအတွက် အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဒုတိယဦးစီးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးတို့၏ ပြောကြားချက်အရ သိရသည်။

**(မြို့နယ် ပြန် / ဆက်)**

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲကျင်းပ

**ခင်ဦး ဇွန် ၁၀**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၁၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲကို ဇွန် ၉ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးနိုင်က အမှာစကားပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူတို့က မူးယစ်ဆေးဝါးကြောင့်ဖြစ်တတ်သော ကျန်းမာရေးအကြောင်း လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေအကြောင်း သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

**ခင်ဦးစိုးဝေ**

## ပြင်ဦးလွင်အတက်လမ်း ၂၁ မိုင်၌ လမ်းချဲ့၊ တံတားများ ပြုပြင်

**မန္တလေး ဇွန် ၁၀**

မန္တလေး-သီပေါ- ကျောက်မဲ- လားရှိုး- မူဆယ် အဝေးပြေးကားလမ်းအတွင်း ပါဝင်သော မန္တလေး- ပြင်ဦးလွင် ၂၁ မိုင် အတက်လမ်းတွင် မိုးရာသီအတက်ယာဉ်များ အဆင်ပြေပြေမောင်းနှင်သွားလာနိုင်ရေးအတွက် မူလနှစ်လမ်းသွားမှ လေးလမ်းသွားချဲ့ခြင်းလုပ်ငန်းကို အိုရီရမ်တယ် ဟိုင်းဝေးကုမ္ပဏီက စက်ယန္တရားကြီးများဖြင့် ဇွန်လပထမပတ်မှစတင်၍ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အိုရီရမ်တယ်ဟိုင်းဝေးကုမ္ပဏီသည် ပြည်သူ့အတွက် ရက် ၁၀၀ စီမံကိန်းဖြင့် မန္တလေး-ဝက်ဝံ-သီပေါ-ကျောက်မဲ-လားရှိုး- မူဆယ်- မိုင်းယု-ကြူကုတ်-သိန်းနီ-ကွမ်းလုံ-ချင်းရွှေဟော် လမ်းပေါ်ရှိ လမ်းတံတားများအဝင်/အထွက် ချောမွေ့စေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါလမ်းများ၏ စီမံကိန်းတာဝန်ခံ ဦးတင်ကိုကပြောသည်။

အဆိုပါကုမ္ပဏီသည် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မန္တလေး-လားရှိုး-မူဆယ်-နမ့်ခန်းကားလမ်း (မိုင် ၂၉၀၊ ၃ဖာလုံ)သိန်းနီ- ကွမ်းလုံ- ချင်းရွှေဟော် ကားလမ်း ၆၆ မိုင်၊ မိုင်းယု-ကြူကုတ် မိုင် ၁၂၀၊ ရန်ကုန်-ပဲခူး-မိတ္ထီလာကားလမ်း (ရေတာရှည်- ပျဉ်းမနား-ရမည်းသင်း) အပိုင်းနှစ်ပိုင်း (၈၅ မိုင်၁ ဖာလုံခွဲ)၊ မြစ်ငယ်-ထုံးဘို-ပြင်ဦးလွင် (၉ မိုင် ၃ ဖာလုံ)၊ ပုသိမ်-ငွေဆောင်(၂၉ မိုင် ၅ ဖာလုံ)၊ ရန်ကုန်-ပုသိမ် (၁၁၃ မိုင်)၊ အောင်ဇေယျတံတား ချဉ်းကပ်လမ်း (၃ မိုင် ၂ ဖာလုံ)၊ ရွှေပြည်သာတံတားအတိုင်း ညောင်တုန်းလမ်းနှင့်ဆုံရာအထိ (၄ မိုင် ၆ ဖာလုံ)၊ မအူပင်-ဆားမလောက် (၂၁ မိုင် ၃ ဖာလုံ) စုစုပေါင်း ၆၄၃ မိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ B.O.T ယူ၍ဆောင်ရွက်လျက်ရှိသည်။



**ခရမ်းစိုးမြင့်**

# မြန်မာနိုင်ငံ ကြံသီးနှံစိုက်ပျိုးမှုနှင့် သကြားထုတ်လုပ်မှုအနာဂတ်အလားအလာ

**ခင်မောင်ညွန့် (ကြံသီးနှံ)**

စက်မှုကုန်ကြမ်းဖြစ်သော ကြံသီးနှံမှ သကြားအပါအဝင် အခြား (By Product , Value Added) အနေဖြင့် စုစုပေါင်း ၂၈ မျိုး ထုတ်လုပ်နိုင်သည်ဟု လေ့လာမှတ်သားရပါသည်။

တရုတ်နိုင်ငံ သကြားစက်ရုံများတွင် ပိုလျှံကြံဖတ်များမှ တစ်ဆင့် စက္ကူထုတ်လုပ်သောလုပ်ငန်းသည် အိမ်တွင်းမှုလုပ်ငန်းကို များစွာအထောက်အကူပေးပြီး ၎င်းအပြင် အဓိကကြံမြှုပ်ချေး မြေသြဇာ၊ Ethanol၊ Gasohol အပါအဝင် များစွာဝင်ငွေရနိုင်သောလုပ်ငန်းများကို ဆောင်ရွက်နိုင်သော သီးနှံဖြစ်ပါသည်။

တရုတ်နိုင်ငံသည် ကြံစိုက်ပျိုးမှု၊ သကြားထုတ်လုပ်မှု များပြားသော်လည်း နှစ်စဉ် သကြားလိုအပ်ချက်တန်ချိန် တစ်သန်းကျော်ရှိပြီး ယူနန်ပြည်နယ်မှလည်း မြန်မာနိုင်ငံမှ သကြားများကို တရားမဝင်နည်းလမ်းဖြင့် များစွာဝယ်ယူနေပါသည်။ တရုတ်ပြည်၏ ကြံဝယ်ယူသောစနစ်မှာ အချိုရည်ပါဝင်မှုတိုင်းတာဝယ်ယူသော စနစ်ဖြစ်ပြီး ကြံဈေးနှုန်းမှာ မြန်မာငွေဖြင့် တွက်ချက်ပါက တစ်တန်လျှင် ငွေကျပ် ၅၅၀၀၀ ခန့်ရှိကြောင်း သိရပါသည်။ တရုတ်နိုင်ငံတွင် သကြားလိုအပ်မှုများသော်လည်း တရားဝင်ဝယ်ယူမှုမရှိခြင်းမှာ ၎င်းနိုင်ငံသား ကြံစိုက်တောင်သူများ၏ အကျိုးစီးပွားကိုကာကွယ်ရန်နှင့် ၎င်းတို့၏ စီးပွားရေး မဟာဗျူဟာကို ထိခိုက်မှုမရှိစေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကြံစိုက်ပျိုးမှုကို အေဒီ ၈ ရာစု မတိုင်မီကပင် စတင်ခဲ့ပြီး သကြားစက်တည်ထောင်ထုတ်လုပ်မှုကို ၁၈၄၀-၄၂ ခုနှစ်မှစ၍ လုပ်ဆောင်ခဲ့ကြပါသည်။

၁၉၀၁ ခုနှစ်တွင် ဧက ၁၅၀၀၀ ဧရိယာအထိ တိုးချဲ့စိုက်ပျိုးပြီး ၁၉၅၃ ခုနှစ်တွင် နိုင်ငံတကာအဆင့်မီ လူတစ်ဦးချင်း သကြားစားသုံးမှုဖူလုံရေး၊ စက်မှု/လက်မှုလုပ်ငန်း တိုးတက်ရေးအတွက် စက်မှုဝန်ကြီးဌာနမှ သကြားစက်များ ထူထောင်ခဲ့ပါသည်။ ၁၉၅၄ ခုနှစ်တွင် မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းမှ ကြံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းအား စီမံကိန်းချမှတ်အကောင်အထည်ဖော်ခဲ့ပါသည်။

မြန်မာမင်းများလက်ထက်တွင်လည်း ကြံစိုက်ပျိုးထုတ်လုပ်မှုမှာ ကြီးမားကျယ်ပြန့်ခြင်းမရှိသော်လည်း ကြံသကာ၊ သကြားခဲ၊ တင်လဲရည်ထုတ်လုပ်မှုမှာ မင်းစိုးရာဇာများအတွက်လည်းကောင်း၊ မင်းခမ်းမင်းနားများတွင်လည်းကောင်း၊ ဘုရားပုထိုးတည်ရာတွင် တင်လဲမှအင်္ဂတေပြုလုပ်၍လည်းကောင်း၊ ဆေးဝါးဖော်ထုတ်ခြင်းဖြင့်လည်းကောင်း၊ သရေစာစားသုံးရန်အတွက်လည်းကောင်း စိုက်ပျိုးခဲ့ကြပါသည်။

ရှေ့ပြေးသကြားလုပ်ငန်းအနေဖြင့် အင်္ဂလိပ်-မြန်မာ(ပထမ) စစ်ပွဲဖြစ်ပွားပြီးနောက် ၁၈၄၀ ပြည့်နှစ်တွင် ကျိုက္ခမီမြို့၌ ပထမဆုံးသကြားစက်ရုံ တည်ထောင်ခဲ့ပါသည်။ အဆိုပါ သကြားစက်ရုံတည်ထောင်ခဲ့သောအချိန်တွင် မြန်မာလူမျိုးတို့သည် ဆန်ကိုမောင်းထောင်းစားသော အဆင့်တွင်ပင်ရှိသေးပြီး၊ ဆန်စက်၊ သစ်စက်၊ ဆီစက်များမှာ သကြားစက်ထက်များစွာ နောက်ကျပြီးမှ တည်ထောင်ခဲ့ကြပါသည်။

၁၉၄၈ လွတ်လပ်ရေးရပြီးအချိန်မှ မြန်မာနိုင်ငံတွင် ကြံစိုက်ပျိုးမှုကို လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ လက်အောက်တွင်စိုက်ပျိုးခဲ့ပါသည်။ ၁၉၅၀ ပြည့်နှစ်တွင် ပြည်တော်သာစီမံကိန်းအနေဖြင့်လည်း ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၂ ခုနှစ် ဆိုရှယ်လစ်ခေတ်တွင်လည်း လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာနမှ ကြံစိုက်ပျိုးရေးတာဝန်ယူ၍ စက်မှုဝန်ကြီးဌာနမှ သကြားထုတ်လုပ်ရေးတာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ ဆောင်ရွက်ခဲ့ရာတွင် စက်ရုံများမှ သတ်မှတ်စီမံကိန်းလျာထားချက်အတိုင်း သကြားကြိတ်ဝါးမှု မဆောင်ရွက်နိုင်သောအခါတွင် စိုက်ပျိုးရေးဝန်ကြီးဌာနဘက်မှ စိုက်ဧက စိုက်ပျိုးမှုမရှိခြင်း၊ တစ်ဧကအထွက်နှုန်း သတ်မှတ်ချက်လျာထားသည့်အတိုင်း ထွက်ရှိမှုမရှိခြင်း စသည်ဖြင့် စိုက်ပျိုးရေးဝန်ကြီးဌာနဘက်သို့ ပြောဆိုခဲ့ပါသည်။

စိုက်ပျိုးရေးဝန်ကြီးဌာနကလည်း စက်မှုဝန်ကြီးဌာန၊ စက်ရုံများ၏ ကြံစိုက်တောင်သူများကိုပေးသော ကြံဈေးနှုန်း၊ ဝယ်ယူရေး၊ သယ်ယူရေး၊ ကြိတ်ဝါးရေး ဟန်ချက်ညီအောင် ဆောင်ရွက်နိုင်ခြင်းမရှိခြင်းကြောင့် ကြံတောင်သူများစိတ်ပျက်၍ စိုက်ဧကများ လျော့နည်းခြင်းဖြစ်ကြောင်း ပြန်လည်ပြောဆိုခဲ့ပါသည်။

ထိုကဲ့သို့ အခြေအနေများကြောင့် ၁၉၉၄ ခုနှစ်တွင် မြန်မာ့ကြံလုပ်ငန်းအမည်ဖြင့် စတင်၍စိုက်ပျိုးရေးနှင့် စက်ရုံလုပ်ငန်းကို ဟန်ချက်ညီဆောင်ရွက်နိုင်ရန် ဌာနကြီးတစ်ခုတည်းမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများရရှိခဲ့ပါသည်။

၂၀၁၁ ခုနှစ် ဒီမိုကရေစီအစိုးရတက်လာချိန်တွင် ပုဂ္ဂလိကအခန်းကဏ္ဍ တိုးတက်မြင့်မားရေးရည်ရွယ်ချက်ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပိုင် စက်ရုံများအပါအဝင် အစိုးရပိုင်စက်ရုံများကို ပုဂ္ဂလိကကုမ္ပဏီများသို့ ငှားရမ်းခဲ့ပါသည်။ အဆိုပါငှားရမ်းခဲ့သော ကုမ္ပဏီများအနေဖြင့် သကြားစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်နေသောကုမ္ပဏီများရှိသကဲ့သို့ ရည်ရွယ်ချက်အမျိုးမျိုး၊ အကြောင်းအမျိုးမျိုးဖြင့် ငှားရမ်းခဲ့သောကုမ္ပဏီများ ပါရှိလာပါသည်။

အထူးသဖြင့် ၂၀၁၅-၂၀၁၆ ကြံစိုက်ရာသီတွင် သကြားစက်ရုံများ၏ သကြားထုတ်လုပ်မှု၊ ကြံစိုက်တောင်သူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ခဲ့ခြင်းမရှိဘဲ ထိုင်း၊ အိန္ဒိယ သကြားများကို တရားဝင်၊ တရားမဝင်နည်းလမ်းများဖြင့် (Re-export) အကြောင်းပြချက်ဖြင့် ပေးသွင်းခဲ့မှုကြောင့် ပြည်တွင်းသကြားစက်ရုံများတွင် ထိခိုက်မှုများရှိခဲ့ပြီး ကြံဈေးနှုန်းမတည်ငြိမ်ခဲ့ခြင်း၊ ကြံစိုက်တောင်သူတို့၏ဝင်ငွေကို ထိခိုက်နစ်နာမှုများရှိခဲ့ပါသည်။ တစ်နည်းအားဖြင့် အခြေခံလူတန်းစားဖြစ်သော တောင်သူတို့၏ အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်ခြင်း မရှိခဲ့ပါ။

ယခုအခါ ကြံစိုက်ပျိုးသကြားထုတ်လုပ်မှုထက် ပြည်ပသကြားကို တရားဝင်၊ တရားမဝင်နည်းလမ်းများဖြင့် တင်သွင်းရောင်းချခြင်းသည် ပိုမိုအကျိုးရှိသည့်အတွက် ရေရှည်ကြံသကြား ဖွံ့ဖြိုးတိုးတက်မှုအား များစွာအခက်အခဲများ ကြုံတွေ့နိုင်သည့် အခြေအနေရှိနေပါသည်။

မြန်မာနိုင်ငံကဲ့သို့ လျှပ်စစ်ဓာတ်အားအခက်အခဲရှိသော နိုင်ငံများတွင် သကြားစက်ရုံများသည် တည်ဆောက်ပုံနှင့် ထုတ်လုပ်မှုစနစ်အရ မိမိလိုအပ်သော လျှပ်စစ်ကိုမိမိစက်ရုံမှ ပြန်လည်ထုတ်လုပ်အသုံးပြုပါသည်။ အချို့နိုင်ငံများတွင် မိမိစက်ရုံမှထွက်ရှိသော လျှပ်စစ်ကို ကြံရာသီအချိန်တွင် နိုင်ငံတော်သို့ ပြန်လည်ရောင်းချသောအခြေအနေများ ရှိပါသည်။

ကမ္ဘာ့သကြားထုတ်လုပ်သော နိုင်ငံပေါင်း ၁၂၂ နိုင်ငံတွင် မြန်မာနိုင်ငံသည် အဆင့် ၅၆ ရှိသော်လည်း လက်ရှိအခြေအနေအရ အခြားသကြားထုတ်လုပ်သော နိုင်ငံများကဲ့သို့ (Sugar Act and Sugar Law) များမရှိသည့်အတွက် ကြံစိုက်ပျိုးထုတ်လုပ်သော တောင်သူများအပေါ်တွင် ကာကွယ်ပေးနိုင်မှုအားနည်းခြင်း၊ စားသုံးသူများ၊ ထုတ်လုပ်သူများအပေါ်တွင် ကာကွယ်ပေးနိုင်ခြင်းမရှိခြင်းကြောင့် ရေရှည်တွင် ကြံသကြားထုတ်လုပ်မှုလုပ်ငန်းနှင့် ကြံစိုက်တောင်သူများသည် ယခုထက်အခက်အခဲများ ကြုံတွေ့နိုင်မည်ဖြစ်သဖြင့် ကုစားဆောင်ရွက်ပေးစေလိုပါကြောင်း ရေးသားလိုက်ရပါသည်။



> ကြံစိုက်ပျိုးသကြားထုတ်လုပ်မှုထက် ပြည်ပ သကြားကို တရားဝင်၊ တရားမဝင်နည်းလမ်းများဖြင့် တင်သွင်းရောင်းချခြင်းသည် ပိုမိုအကျိုးရှိသည့်အတွက် ရေရှည်ကြံသကြားဖွံ့ဖြိုးတိုးတက်မှုအား များစွာအခက်အခဲများ ကြုံတွေ့နိုင်သည့် အခြေအနေရှိနေ

## သမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အစုပေါ် အကျိုးဝေစုငွေများပေးအပ်ပွဲကျင်းပ

**သဲကုန်း ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် မြို့နယ်သမဝါယမအသင်းစု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှင့်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၉ ရက် နံနက် ၉ နာရီက မြို့နယ်သမဝါယမရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌဦးသိန်းထွဋ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၊ တိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန ဦးစိန်လှ၊ တိုင်းအသင်းစုချုပ် ဦးအောင်မြိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းနှင့် မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ဝင်းနီတို့က အမှာစကားပြောကြားခဲ့ကြသည်။

ထို့နောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမှုဆောင်ကော်မတီလုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းအား ဖတ်ကြားတင်ပြပြီး အစုပေါ်အကျိုးဝေစုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အသေးစား စက်မှုလက်မှုထုတ်ကုန်ပြပွဲ မန္တလေး၌ ကျင်းပမည်

**မန္တလေး ဇွန် ၁၀**

ရက် ၁၀၀ အတွင်း အသေးစားစက်မှုလက်မှု ထုတ်ကုန်များဖွံ့ဖြိုးတိုးတတ်လာစေရန် ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပမည့် အသေးစား စက်မှုလက်မှုထုတ်ကုန်ပြပွဲနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို မန္တလေး အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး၌ ဇွန် ၈ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန နေပြည်တော်(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးတင့်ဆွေက အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲကို ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တွင် မင်္ဂလာမန္တလေး၌ ပြုလုပ်သွားမည်ဖြစ်ကာ မြန်မာပြည် အသေးစားစက်မှုလက်မှုလုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများသည် ဘေးအန္တရာယ်ကင်းပြီး နိုင်ငံခြားအရည်အသွေးကိုလည်း ပြည့်မီကြောင်း လက်တွေ့ပြမည့်ပွဲကြီးလည်းဖြစ်ကြောင်း ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သင်းကလည်း ပြပွဲတွင် ဆိုင်ခန်းပေါင်း ၆၀ ကျော်ပါဝင်မည်ဖြစ်ကြောင်း၊ ပြပွဲသို့လာရောက်သူများနှင့် စိတ်ပါဝင်စားသူများအတွက် အသိပညာပေးဟောပြောပွဲများ၊ ဖျော်ဖြေပွဲ အစီအစဉ်များကိုလည်း ထည့်သွင်းထားကြောင်း ပြောကြားသည်။

အဆိုပါပြပွဲတွင် အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ဖွင့်လှစ်ထုတ်လုပ်လျက်ရှိသော ကုန်ထုတ်လုပ်ငန်းများက ထုတ်လုပ်သည့် စားသောက်ကုန်၊ အလှကုန်၊ ချည်ထည်ပစ္စည်းများ၊ ထုပ်ပိုးမှုဆိုင်ရာ လုပ်ငန်းသုံးစက်ပစ္စည်းများ၊ သွင်းကုန်အစားထိုး စက်မှုဇုန်များရှိ ထုတ်ကုန်ပစ္စည်းများ၊ ပြည်တွင်းပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနေသော ပစ္စည်းများ၊ ပန်း ၁၀ မျိုး လက်မှုအနုပညာပစ္စည်းများ၊ ဆိုလာပစ္စည်းများကဲ့သို့သော ကျေးလက်သုံးပစ္စည်းများ၊ နည်းပညာပေးပြခန်းများကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏ စီးပွားရေးအင်အားတစ်ရပ်ဖြစ်သော အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတတ်လာစေရန်အတွက်လည်းကောင်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများ အချင်းချင်းသို့မဟုတ် အလတ်စားနှင့် အကြီးစားလုပ်ငန်းများနှင့် ချိတ်ဆက်နိုင်ပြီး နည်းပညာနှင့် ငွေကြေးအရင်းအနှီး ပိုမိုရရှိစေရန်လည်းကောင်း၊ မြန်မာ့ရိုးရာ လက်မှုအနုပညာများ တိမ်ကောပပျောက်မှု မရှိစေဘဲ ထိန်းသိမ်းမြှင့်တင်နိုင်ရန်လည်းကောင်း၊ အသေးစားလုပ်ငန်းထုတ်ကုန်ပစ္စည်းများကို ပြည်သူများနှင့် နိုင်ငံတော်က သိရှိလာပြီး အားပေးသုံးစွဲမှုရှိစေရန်လည်းကောင်း၊ စံချိန်စံညွှန်းမီ ထုတ်ကုန်များ၊ ကုန်စည်အမယ်သစ်များ၊ လုပ်ငန်းသစ်များ ပေါ်ထွက်လာစေရန်လည်းကောင်း ရည်ရွယ်ချက်များဖြင့် ပြပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ထူး**

## ရက် ၁၀၀ စီမံချက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အပ်ချုပ်စက်သင်တန်း ပေါက်ခေါင်း၌ဖွင့်

**ပေါက်ခေါင်း ဇွန် ၁၀**

ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ပါလုပ်ငန်းဖြစ်သော အပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို ပေါက်ခေါင်းမြို့နယ် ကင်ပွန်းခြံကျေးရွာအုပ်စု နတ္တလင်းစုကျေးရွာ၌ ဇွန်လပထမပတ်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်မင်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးနှင့်အဖွဲ့ဝင်များ၊ ကင်ပွန်းခြံ၊ ဒွရွာ၊ နတ္တလင်းစု၊ မဲကင်းကုန်း၊ လွန်တပါတ်၊ သေမသောက်နှင့် ရေဖြူကျေးရွာတို့မှ သင်တန်းသူများတက်ရောက်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် “ကျေးလက်ဒေသမှအမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးနှင့် ကျွမ်းကျင်သည့်စက်ချုပ်သမားများ ပေါ်ထွက်လာစေရေး၊ ထိုမှတစ်ဆင့် ကိုယ်ပိုင်လုပ်ငန်းများထူထောင်၍ အမျိုးသမီးငယ်များ အိုးမကွာအိမ်မကွာဘဲ မိသားစုဝင်ငွေ တိုးပွားရရှိအောင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမောင်မောင်ကြည်က ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းတက်ရောက်သူ အမျိုးသမီးငယ်များအား အကျီချုပ်နည်းပညာရပ်များကို သင်တန်းနည်းပြဆရာလေးဦးက တစ်လကြာသင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# လူကုန်ကူးမှုတိုက်ဖျက်ရေး၊ မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်းဆိုင်ရာများ ပညာပေးဆောင်ရွက်




**မကွေး ဇွန် ၁၀**
ရဲတပ်ဖွဲ့၏ ရက် ၁၀၀ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုအဖြစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးလုပ်ငန်းများကို မကွေးတိုင်းဒေသကြီး မကွေးမြို့မဈေးကြီး၌ သက်ဆိုင်ရာရဲတပ်ဖွဲ့များ စုပေါင်း၍ ဇွန် ၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(မကွေး)မှ ရဲအုပ်သိန်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၁) မကွေးမြို့မရဲစခန်းမှ ဒုရဲမှူးစိန်အောင်နှင့်တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၅) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့မှ ဒုရဲမှူး လှစိုးနှင့်တပ်ဖွဲ့ဝင်များ၊ အမှတ်(၄) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲရုံးမှ ဒုရဲအုပ်ကျော်မင်းဦးနှင့် တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က မကွေးမြို့မဈေးကြီးတာဝန်ခံ ဦးအောင်ကျော်ဝေနှင့် ပူးပေါင်းကာ မကွေးမြို့မဈေးကြီးမှ ဈေးသူ ဈေးသားများ၊ ဈေးဝယ်ရန်လာရောက်ကြသူများနှင့် ခရီးသွားပြည်သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ၊ မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုအမျိုးအစားများနှင့် လူစုဆောင်းနေသည့် နည်းလမ်းများ စသည့် လူကုန်ကူးမှုနှင့်ပတ်သက်သည့် အချက်များကို လည်းကောင်း၊ မြို့နယ်အတွင်း မူခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဗ)**

# ဒေသရေမြေ ရာသီဥတုနှင့်ကိုက်ညီသော သီးနှံမျိုးသန့်မျိုးစေ့များဖြန့်ဖြူးရန် စိုက်ပျိုးလျက်ရှိ



**ကန့်ဘလူ ဇွန် ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မျိုးသန့်ခြံ၌ ကျေးလက်ဒေသနေ တောင်သူလယ်သမားများအတွက် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီပြီး သီးနှံအထွက်နှုန်းကောင်းမွန်သော မျိုးသန့်မျိုးပွားမျိုးများကို ဖြန့်ဖြူးပေးသွားနိုင်ရန် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမျိုးသန့်ခြံ ကွင်းစခန်းအမှတ်(၂)တွင် ပဲစင်းငုံ(မုံရွာရွှေဒင်္ဂါး) မျိုးစေ့အဆင့်(RS) မျိုးသန့်မျိုးပွားအဆင့် ဧက ၁၂၀၊ ပဲတီစိမ်း(ရေဆင်း-၁၁) (RS) ၂၀ ဧက၊ နှမ်း(ဆင်းရတနာ-၂) ၁၀ ဧက စုစုပေါင်းမျိုးစေ့ထုတ်ဧက ၁၅၀ ကို မိုးသီးနှံလျာထားခဲ့ရာ ယခုအခါ ပဲစင်းငုံ ဧက ၁၁၀၊ ပဲတီစိမ်းဧက ၂၀ တွင် မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးပြီးစီးပြီး ဇွန် ၈ ရက်တွင် ပဲစင်းငုံ ၁၀ ဧကကို မျိုးစေ့ချကိရိယာဖြင့် ဆက်လက်စိုက်ပျိုးလျက်ရှိသည်။ ၄င်းမျိုးများကို ဒေသတောင်သူလယ်သမားများအတွက် မျိုးသန့်မျိုးပွားမျိုးအဆင့်ရရှိအောင် စိုက်ပျိုးပြီးမှ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း ကန့်ဘလူမျိုးသန့်ခြံတာဝန်ခံ ဦးစီးအရာရှိဦးလှသောင်း၏ ပြောကြားချက်အရ သိရသည်။

“အခု ကျွန်တော်တို့ မျိုးသန့်ခြံက တောင်သူများ လက်တွေ့နယ်ပယ်မှာ ဒေသနှင့်လိုက်လျောညီထွေရှိတဲ့ အရည်အသွေးကောင်း သီးနှံမျိုးစေ့ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်း၊ နည်းပညာသင်တန်းများ၊ ဆွေးနွေးပွဲများ၊ သရုပ်ပြပွဲများကျင်းပပြီး တောင်သူများကို နည်းပညာပေးခြင်း၊ ဒေသနှင့်ကိုက်ညီပြီး တောင်သူများအတွက် စီးပွားရေးတွက်ခြေကိုက်မယ့် သီးနှံပုံစံများ ရှာဖွေဖော်ထုတ်ခြင်းတွေ ဆောင်ရွက်ပြီး ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့အညီ ဒေသရေမြေနဲ့ကိုက်ညီတဲ့ သီးနှံတွေကို စိုက်ပျိုးတဲ့အခါမှာအဆင်ပြေစေဖို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်” ဟု ခြံတာဝန်ခံက ပြောသည်။

ကန့်ဘလူမျိုးသန့်ခြံ၌ စိုက်ပျိုးနေသောမျိုးများသည် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသော မျိုးသန့်မျိုးပွားမျိုးစေ့များဖြစ်ပြီး ကန့်ဘလူမြို့နယ်ပတ်ဝန်းကျင်သည် မိုးကောင်းသောက်လယ်ယာမြေများဖြစ်သဖြင့် ပဲစင်းငုံ၊ ပဲတီစိမ်း၊ နှမ်းစသည့် သီးနှံများကို စိုက်ပျိုးရာတွင် ရေငတ်ခံနိုင်သော မျိုးသန့်မျိုးပွားမျိုးစေ့များကို စိုက်ပျိုးခြင်းဖြင့် တောင်သူလယ်သမားများ၏ သီးနှံများ အောင်မြင် ဖြစ်ထွန်းကာ ဝင်ငွေတိုးတက်ရရှိစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## သတင်းတိုများ

### ပြည်သူ့စာကြည့်တိုက်လုပ်ငန်းဖွံ့ဖြိုးရှင်သန်ရေးကွင်းဆင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပြည်သူ့အကျိုးပြု ရက် ၁၀၀ စီမံချက်အရ မြို့နယ်ဦးစီးမှူး ဒေါ်စန်းယုမော်နှင့်ဝန်ထမ်းများက ပြည်သူ့စာကြည့်တိုက်များဖွံ့ဖြိုးရှင်သန်ရေးအတွက် ကျေးရွာနှစ်ရွာသို့ ဇွန် ၈ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ကုက္ကိုစုကျေးရွာရှိ ဦးဖိုးမှန်စာကြည့်တိုက်နှင့် တောင်ဦးကျေးရွာ အဆန်စာကြည့်တိုက်များသို့ ကွင်းဆင်း၍ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ စာကြည့်တိုက်ကော်မတီတာဝန်ရှိသူများအား တွေ့ဆုံကာ စံငါးရပ်ညီစာကြည့်တိုက်များအဖြစ် ဖွံ့ဖြိုးလာရေးနှင့် ခေတ်အခြေအနေအရ ပြည်သူ့စာကြည့်တိုက်များကို ရပ်ရွာအခြေပြု လူမှုစင်တာများ (Community Library)ဖြစ်လာစေရေးအတွက် ဝန်ဆောင်မှုပိုင်းတွင်လည်းကောင်း၊ အသွင်သဏ္ဌာန်နှင့် အနှစ်သာရအားဖြင့်လည်းကောင်း တိုးမြှင့်ဆောင်ရွက်သွားကြရန် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ပြည်သူများတွေ့ဆုံဆွေးနွေး

ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ်အတွင်းမှ ပြည်သူများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ တွေ့ဆုံပွဲကို ပလက်ဝမြို့ ဆောက်လုပ်ရေးဧည့်ရိပ်သာခန်းမ၌ ဇွန်လပထမပတ်အတွင်းက ပြုလုပ်ခဲ့ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒီမိုကရေစီအခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများတွင် အစိုးရတစ်ခုတည်း၏တာဝန်ဟု မယူဆဘဲ ပြည်သူလူထုကပါ ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများက ဒေသလိုအပ်ချက်များကို တင်ပြဆွေးနွေးကာ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**




**ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းဝေးရေးနှင့် ယာဉ်စည်းကမ်းနှင့်အညီ စနစ်တကျမောင်းနှင်ရေးအတွက် ဆိုင်ကယ်စီးသူများအား စစ်ဆေးအသိပညာပေးမှုများကို မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ဇွန် ၈ ရက်က ဆောင်ရွက်စဉ်။** (ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန်၊ မေးသိုင်းကြိုးတပ်ရန်၊ နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုရန် စသည့်အချက်များကို အဓိကထား၍ စစ်ဆေးပညာပေးခဲ့ပြီး ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များ ပြည့်စုံစွာပါရှိရေးကိုလည်း ပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။)
**နေဝင်းမြင့်(ပြန်/ဆက်)**

# ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြော

**သုံးခွ ဇွန် ၁၀**
ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သုံးခွအနောက်ကျေးရွာအုပ်စု အောင်ဘုံသာကျေးရွာ၌ ငါးရစ်ငါးသန်ကာလအတွင်း ငါးမဖမ်းဆီးရေးနှင့် ငါးသယံ ဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဇွန် ၇ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် သုံးခွမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်သန်းက ရေနေသယံဇာတများ လျော့နည်းလာရသည့် အကြောင်းရင်းများ၊ တားမြစ်ငါးဖမ်းကာလ၊ တားမြစ်ကန့်သတ်ထားသော ငါးဖမ်းနည်းစနစ်များ၊ ပေါက်ကွဲစေတတ်သော ငါးဖမ်းနည်းစနစ်သုံး၍ ငါးဖမ်းခြင်း၏ ဆိုးကျိုးများ၊ ဘတ်ထရီရှော့ခ်တိုက် ကျင်စက်ဖြင့် ငါးဖမ်းခြင်း၏ ဆိုးကျိုးများ၊ ပြဒါးနှင့် ဆိုင်ယာနိုက်များချကာ ငါးဖမ်းခြင်း၏ ဆိုးကျိုးများ စသည့်အချက်များကို ဟောပြောခဲ့ပြီး ယခုလို မိုးဦးကာလ ငါးများရစ်ချိန်နှင့် ငါးသန်များပေါများချိန်တို့တွင် ငါးဖမ်းခြင်းလုပ်ငန်းများကို ခေတ္တရှောင်ရှားကြစေလိုကြောင်း၊ ငါးသယံဇာတ ပေါကြွယ်ဝစေရေးအတွက် မိမိတို့ကိုယ်တိုင်က ထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်ပါကြောင်း၊ ထိုသို့ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ရေရှည်တွင် ငါးသယံဇာတများ ပေါကြွယ်ဝလာမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလည်း အဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်းကိုလည်း မှာကြားသည်။ ထို့နောက် ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ဝေထားသော ငါးသယံဇာတထိန်းသိမ်းရေးနှင့် စပါး-ငါး စိုက်ပျိုးမွေးမြူရေး ပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

# ရေဦးမြို့ ပြည်သူ့ဆေးရုံကြီး၌ ပန်ကာများတပ်ဆင်လှူဒါန်း

**ရေဦး ဇွန် ၁၀**
ရေဦးမြို့နယ် ကျန်းမာရေးဦးစီးဌာန ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၌ လာရောက်ဆေးကုသမှုခံယူကြသည့် လူနာများနှင့် လူနာစောင့်များ အပူဒဏ်သက်သာပြီး အေးချမ်းစွာ ဆေးကုသမှုခံယူနိုင်ရန်အတွက် ညနေရေလှူအသင်းအဖွဲ့နှင့် အလှူရှင်များစုပေါင်း၍ ပန်ကာများကို ဇွန် ၈ ရက်က တပ်ဆင်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်သူ့ဆေးရုံကြီးသို့လှူဒါန်းသည့် ပန်ကာအမျိုးအစားများမှာ Hitathai အမှတ်တံဆိပ် နံရံကပ်ပန်ကာ ၁၃ ခုနှင့် Mira အမှတ်တံဆိပ် မျက်နှာကြက်တပ်ပန်ကာ ၂၀၊ စုစုပေါင်း ကာလတန်ဖိုး ကျပ်သိန် ၂၀ ခန့်ရှိကြောင်း ညနေရေလှူအသင်းအဖွဲ့ခေါင်းဆောင် ဦးအာလူးက ပြောသည်။ ပန်ကာများလာရောက်လှူဒါန်းတပ်ဆင်ပေးမှုနှင့်ပတ်သက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းဌေးက ပြည်သူ့ဆေးရုံကြီးမှာ ပန်ကာများလာရောက်တပ်ဆင်ပေးခြင်းသည် ပြည်သူများ၏ ကျန်းမာရေးကို တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းစောင့်ရှောက်ပံ့ပိုးကူညီပေးခြင်းဖြစ်ကြောင်း၊ ရေဦးမြို့နယ်တွင် လူမှုရေးအသင်းများ ပေါများသလို အပတ်စဉ် သောက်ရေသန့်လှူကြသူ၊ အာဟာရဒါနလာရောက်ကျွေးမွေးကြသူများလည်းရှိကာ ဒေသခံပြည်သူများကလည်း လိုအပ်ချက်များတွင် ပူးပေါင်းပါဝင်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(ပြန်/ဆက်)**

# ယူရို ၂၀၁၆ မှာ နာမည်ကြီး ဂျာမနီတို့ တာထွက်ကောင်းနိုင်ပါ့မလား

**မိုးမြင့်လင်းလက်**



ယူရို ၂၀၁၆ ရဲ့အုပ်စုပွဲစဉ်တွေကို ဇွန် ၁၂ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ အုပ်စု(D)က တူရကီနဲ့ ခရိုအေးရှား၊ အုပ်စု(C)က ပိုလန်နဲ့ မြောက်အိုင်ယာလန်၊ ဂျာမနီနဲ့ ယူကရိန်းတို့ရဲ့ပွဲတွေ ဆင်နွှဲဖို့ရှိနေပါတယ်။ နာမည်ကြီး ဂျာမနီရဲ့ ခြေစွမ်းဟာ ယူရိုဖလားကို ရယူနိုင်ခြင်းရှိ မရှိ အကဲခတ်ခွင့်ရရှိမှာဖြစ်ပြီး ပရိသတ်တွေအတွက်လည်း ပိုလန်၊ ခရိုအေးရှားတို့ရဲ့ လျင်မြန်တဲ့ ကစားအားတွေကို အားပေးခွင့်ရရှိဦးမှာဖြစ်ပါတယ်။

**တူရကီနှင့် ခရိုအေးရှား**

တူရကီအသင်းဟာ ခရိုအေးရှားအသင်းနဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ လေးပွဲမှာတော့ တစ်ပွဲမှအနိုင်မရဘဲ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားပါတယ်။ လက်ရှိခြေစွမ်းအရ ခရိုအေးရှားတို့က တစ်ဦးချင်းရော အသင်းလိုက်ပါ လျင်လျင်မြန်မြန်နဲ့ နားလည်မှုရှိရှိ ကစားနိုင်ပြီး တိုက်စစ်အားလည်းကောင်းမွန်ပါတယ်။ တူရကီအသင်းက တူရန်နဲ့ ခရိုအေးရှားက ရာကီတစ်တို့က ဘာစီလိုနာမှာ ကစားနေကြသူတွေဖြစ်သလို တူရကီက ဟာဘင်နဲ့ ခရိုအေးရှားက ဂျီဗာဂျေတို့က လေဗာကူဆင်မှာ ကစားနေကြသူတွေဖြစ်ပါတယ်။ ခရိုအေးရှားအသင်းဟာ ခြေစစ်ပွဲတွေကစားခဲ့ရာ ခြေစွမ်းကောင်းတွေပြသနိုင်ခဲ့ပြီး ရလဒ်ကောင်းတွေလည်းရရှိခဲ့တဲ့အသင်းဖြစ်ပါတယ်။ ခရိုအေးရှားရဲ့နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် ဆန်မာရီနို၊ မော်လ်ဒိုဗာ၊ အစ္စရေး၊ ရုရှားတို့ကို နိုင်ခဲ့ပြီး ဟန်ဂေရီကို တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပါတယ်။ ဒီပွဲစဉ်တွေမှာ ဆန်မာရီနိုအသင်းကို ၁၀ ဂိုးအထိ သွင်းယူပြီးနိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ တူရကီတို့ကလည်း နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ ဆလိုဗေးနီးယား၊ မွန်တီနီဂရိုး၊ ဩစတြီးယား၊ ဆွီဒင်တို့ကို နိုင်ပြီး အင်္ဂလန်ကိုတော့ ရှုံးထားပါတယ်။ ဒါကြောင့် ဒီပွဲမှာ အကြိတ်အနယ်ပြိုင်ဆိုင်မှုရှိပေမယ့် ခရိုအေးရှားတို့ကပ်ပြီး အနိုင်ရသွားနိုင်ပါတယ်။

**ဂျာမနီနှင့် ယူကရိန်း**

နာမည်ကြီး ဂျာမနီတို့လည်း ခြေစွမ်းမတည်မငြိမ်ဖြစ်နေပါတယ်။ ဂျာမနီရဲ့ လောလောဆယ်ကစားခဲ့တဲ့ ဟန်ဂေရီနဲ့ပွဲမှာ နှစ်ဂိုးပြတ်အနိုင်ရခဲ့ပေမယ့် ခြေစွမ်းက အားရစရာတော့မရှိသေးပါဘူး။ ပြီးခဲ့တဲ့လက ဆလိုဗက်ကီးယားနှင့်ပွဲမှာ ဂျာမနီတို့ သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးထားခဲ့တာမို့ အခုပွဲမှာ သတိကြီးစွာထားပြီး အမှားအယွင်းနည်းအောင် ကြိုးစားရပါလိမ့်မယ်။ ယူကရိန်းတို့ကတော့ နောက်ဆုံးကစားခဲ့တဲ့ အယ်လ်ဘေးနီးယားနဲ့ပွဲမှာ သုံးဂိုး-တစ်ဂိုးနဲ့နိုင်ခဲ့သလို ရိုမေးနီးယား၊ ဝေလ်၊ ဆိုက်ပရပ်စ်အသင်းတွေနဲ့ ကစားတဲ့အခါမှာလည်း နိုင်ပွဲတွေဆက်တိုက်ရရှိခဲ့ပါတယ်။ ယူကရိန်းတို့က တိုက်စစ်ပိုင်းမှာ ထိုးဖောက်နိုင်စွမ်းရှိပေမယ့် အဆုံးသတ်ဂိုးသွင်းမှုအပိုင်းမှာ လွဲချော်မှုတွေရှိနေဆဲဖြစ်ပါတယ်။ ဒါပေမယ့် အသင်းလိုက် နားလည်မှုရှိရှိနဲ့ ကွင်းလယ်ကစားအား၊ တောင်ပံတိုက်စစ်တွေရဲ့အားနဲ့ ဂျာမနီကို အခက်တွေ့အောင်ကစားပါလိမ့်မယ်။ ဒီပွဲက သရေပွဲဖြစ်သွားနိုင်ပြီး ဂျာမနီတို့နိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

**ပိုလန်နှင့် မြောက်အိုင်ယာလန်**

အုပ်စု(C)မှာတော့ ခြေရည်တူနှစ်သင်းဖြစ်ပါတယ်။ ပိုလန်ရဲ့ အားသာချက်က ခံစစ်ပိုင်းဖြစ်ပြီး နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ နှစ်ဂိုးသာပေးခဲ့ရတာမို့ မြောက်အိုင်ယာလန်တိုက်စစ်မှူးတွေ ခက်ခဲပါလိမ့်မယ်။ ပိုလန်ရဲ့ ကစားအားကိုကြည့်ရင် ချက်၊ ဆားဘီးယား၊ ဖင်လန်အသင်းတွေကို နိုင်ပွဲတွေရအောင် ကစားနိုင်ပြီး လစ်သူယေးနီးယားကို ဂိုးမရှိသရေကစားကာ နယ်သာလန်ကိုတော့ ရှုံးထားပါတယ်။ မြောက်အိုင်ယာလန်တို့ကလည်း ခြေစွာနေပြီး နောက်ဆုံးငါးပွဲကစားခဲ့ရာ ရှုံးပွဲမရှိခဲ့ပါဘူး။ ခံစစ်တောင့်တင်းတဲ့ မြောက်အိုင်ယာလန်တို့က ပြိုင်ဘက်တိုက်စစ်မှူးတွေကို ဟန့်တားရာမှာ အမှားအယွင်းနည်းသူတွေဖြစ်ပြီး ကောင်းကောင်းထိန်းချုပ်နိုင်သူတွေဖြစ်ပါတယ်။ ဒီပွဲဟာ သရေပွဲဖြစ်သွားမယ့်ပွဲပါပဲ။ ။

# ယူရို ၂၀၁၆ မှာ ဝင်ငွေအကောင်းဆုံးဖြစ်လာတဲ့ နည်းပြရွှိုင်ဟော့ဆန်




အင်္ဂလန်နည်းပြ ရွှိုင်ဟော့ဆန်ဟာ ပြင်သစ်နိုင်ငံမှာ ကျင်းပတဲ့ ယူရို ၂၀၁၆ မှာတော့ နည်းပြတွေထဲမှာ ဝင်ငွေအကောင်းဆုံးနည်းပြလို့ ဆိုပါတယ်။ သူဟာ တစ်နှစ်ကို ပေါင် ၃ ဒသမ ၅ သန်းရနေတဲ့ နည်းပြဖြစ်ပါတယ်။ ချယ်လ်ဆီးနည်းပြသစ် ဖြစ်လာတဲ့ ကွန်တီးကတော့ တစ်နှစ်ပေါင် ၃ ဒသမ ၁၅ သန်းပဲရပါတယ်။ ဥရောပမှာ နည်းပြ ၂၄ ဦးအထက်ရှစ်ဦးဟာ တစ်နှစ်ကို ပေါင် တစ်သန်းလောက်ပဲရပါတယ်။ နည်းပြတစ်ဦးဖြစ်တဲ့ ခရစ်ကိုးမန်းရဲ့ တစ်နှစ်ဝင်ငွေဟာ ဂါးရက်ဘေးလ်ရဲ့ တစ်ပတ်ဝင်ငွေလောက်တောင်မရှိဘူးလို့ ဆိုပါတယ်။ ဒီအထဲမှာ ရွှိုင်ဟော့ဆန်ကတော့ ဝင်ငွေအကောင်းဆုံးနည်းပြဖြစ်ပါတယ်။ ရွှိုင်ဟော့ဆန်ဟာ ပြီးခဲ့တဲ့ ဘရာဇီးလ်နိုင်ငံမှာကျင်းပတဲ့ ကမ္ဘာ့ဖလားမှာလည်း ဒုတိယ ဝင်ငွေအကောင်းဆုံးနည်းပြ ဖြစ်ခဲ့ပါတယ်။ သူဟာ ကာပယ်လိုရဲ့ ဝင်ငွေထက်များခဲ့ပါတယ်။

# အကောင်းဆုံးနောက်တန်းကစားသမား ဖြစ်လာမယ်ဆိုတဲ့ ဘေလီ

ဗီလာရီးရဲအသင်းမှ ပေါင်သန်း ၃၀ နဲ့ခေါ်ယူလိုက်ပြီဖြစ်တဲ့ နောက်တန်းကစားသမား အဲရစ်ဘေလီဟာ အကောင်းဆုံးနောက်တန်းကစားသမားဖြစ်လာလိမ့်မယ်လို့ မန်ယူနည်းပြသစ် မော်ရင်ဟိုက ချီးကျူးပြောဆိုလိုက်ပါတယ်။ အဲရစ်ဘေလီဟာ မော်ရင်ဟိုလက်ထက်မှာ မန်ယူက ပထမဆုံးခေါ်ယူခဲ့တဲ့ ကစားသမားဖြစ်ပါတယ်။ ကျွန်တော်ရဲ့ အိပ်မက်တွေဟာ တကယ်ဖြစ်လာပါပြီ။ မော်ရင်ဟိုအနေနဲ့ ကျွန်တော့်ကို ကူညီပေးမယ်လို့ ယုံကြည်ပါတယ်လို့ မန်ယူကစားသမားဖြစ်လာတဲ့ ဘေလီက ဆိုပါတယ်။ ဘေလီဟာ ကြေးစားပြိုင်ပွဲ ၄၀ ကျော် ကစားခဲ့ပြီးတဲ့နောက် ထိပ်တန်းဗဟိုခံစစ်မှူး အဖြစ်လူသိများလာခဲ့ပါတယ် ။ အိုင်ဗရီကို့စ်နိုင်ငံသား ဘေလီကို မန်စီးတီးက ခေါ်ယူဖို့ကြိုးစားနေချိန်မှာ ပြိုင်ဘက်မန်ယူက အရခေါ်ယူခဲ့ခြင်းဖြစ်ပါတယ်။ အသက် ၂၂ နှစ်အရွယ်ရှိတဲ့ နောက်တန်းကစားသမား ဘိုင်လီဟာ ဗီလာရီးရဲမှာ အကောင်းဆုံးကစားသမားတစ်ဦးဖြစ်ပါတယ်။ ဘေလီကို မန်ယူက လေးနှစ်စာချုပ်နဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဘေလီဟာ ငယ်ရွယ်ပြီး အကောင်းဆုံးနောက်တန်းကစားသမားဖြစ်လာဖို့ ရှိပါတယ်။






# မော်ရင်ဟိုပစ်မှတ်ထားနေတဲ့ ကစားသမားသုံးဦး

မန်ယူနည်းပြသစ် မော်ရင်ဟိုက လာမယ့်ရာသီမှာ မန်ယူအသင်းကို အကောင်းဆုံးအသင်းတစ်သင်းဖြစ်လာဖို့ ကြိုးစားနေပါတယ်။ အိုင်ဗရီကို့စ်နောက်တန်းကစားသမား ဘေလီကို ပေါင်သန်း ၃၀ နဲ့ခေါ်ယူခဲ့ပြီးနောက် ကစားသမားသုံးဦးကို ခေါ်ယူသွားဖို့ ပစ်မှတ်ထားနေတာပါ။ မော်ရင်ဟိုအနေနဲ့ နောက်တန်းမှာ အကောင်းဆုံးကစားသမားတစ်ဦးကိုခေါ်ယူလိုက်ပြီးတဲ့နောက် အလယ်တန်းနဲ့ တိုက်စစ်အတွက် ခေါ်ယူဖို့ ကြိုးစားနေတာပါ။ မော်ရင်ဟိုထပ်ခေါ်ဖို့ အလားအလာရှိနေတဲ့ ကစားသမားတွေကတော့ ပီအက်စ်ဂျီတိုက်စစ်မှူး အီဘရာဟီမိုဗစ်၊ ဗလင်စီယာ ကွင်းလယ်ကစားသမား အင်ဒရီဂိုမက်ဇ်နဲ့ ချယ်လ်ဆီးမှ မာတစ်တို့ပဲဖြစ်ပါတယ်။ ဂိုမက်ဇ်နဲ့ မာတစ်တို့ဟာ ကွင်းလယ်ကစားသမားတွေဖြစ်သလို အီဘရာဟီမိုဗစ်ကလည်း ဂိုးသွင်းသေချာတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူတို့ကိုသာ စုစည်းနိုင်မယ်ဆိုရင်တော့ လာမယ့်ရာသီမှာ မန်ယူဟာ ထိပ်သီးအသင်းအဖြစ် ပြန်လည်ရောက်ရှိလာဖို့ ရှိနေပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ပီတိကိုစား အားရှိပါ၏

**ဖြူပြာဝင်း(မော်ကွန်းတိုက်)**

၁၉၉၉ခုနှစ် ဧပြီလမှာ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်၊ စီမံရေးရာဌာနခွဲမှာ ကျွန်မ ဒုဦးစီးမှူးရာထူးနဲ့ စတင်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်မ ဒီအလုပ်ကို စတင်လျှောက်ခဲ့စဉ်တုန်းကတော့ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဟာ ဘာလုပ်တဲ့အလုပ်မှန်း မသိခဲ့ပါဘူး။ အစိုးရအလုပ် လုပ်စေချင်တဲ့ မိဘတွေရဲ့ဆန္ဒအရ အစိုးရအလုပ်ဖြစ်ရင်ပြီးရောဆိုပြီး လျှောက်ခဲ့တာပါ။ အလုပ်စဝင်တဲ့အချိန် ငယ်ရွယ်စဉ်တုန်းကတော့ ကျွန်မရဲ့အစ်မက သူမရဲ့မိတ်ဆွေ နိုင်ငံခြားသားတွေနဲ့ မိတ်ဆက်ပေးတိုင်း Archivist ဆိုတာနဲ့ သူတို့တွေက ကျွန်မရဲ့အလုပ်ကို အရမ်းအထင်ကြီးပြီး Good Job လို့ ပြောပါတယ်။ ကျွန်မရဲ့စိတ်ထဲမှာ ဘာ Good Job လဲ၊ ငါ့မှာတော့ တစ်နေ့တစ်နေ့ စာတွဲပုံတွေကြားထဲမှာပဲ လုပ်နေရတာ၊ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့တွေ့လို့ မော်ကွန်းတိုက်မှာ အလုပ်လုပ်နေတယ်လို့ပြောတိုင်း မော်ကွန်းတိုက်ဆိုတာ မသိလို့ ရှင်းပြရတာအကြိမ်ကြိမ်လို့အတွေးဝင်မိခဲ့ဖူးတာကို မရှက်ဘဲဝန်ခံပါရစေ။

အလုပ်သာလုပ်နေတယ်၊ ကိုယ်လုပ်နေတဲ့ဌာနရဲ့ အဓိကလုပ်ငန်းဟာ ဘာမှန်းမသိခဲ့ပါဘူး။ အလုပ်ဝင်ပြီး လအနည်းငယ်အကြာ ဌာနကဖွင့်လှစ်တဲ့ အခြေခံမော်ကွန်းမှတ်တမ်းသင်တန်း တက်ရောက်ပြီးတဲ့အခါကျမှ လုပ်ငန်းအကြောင်း အနည်းငယ်သိရှိလာခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ ကျွန်မဟာ မော်ကွန်းဌာနခွဲသို့ တာဝန်ချထားခြင်းခံရပြီးတဲ့ အချိန်မှစလို့ မော်ကွန်းထိန်းတစ်ဦးရဲ့တာဝန်ဟာ ဘယ်လောက်အရေးကြီးမှန်း၊ ကျွန်မတို့ရဲ့ဌာနကြီးဟာလည်း တိုင်းပြည်ရဲ့ အဖိုးမဖြတ်နိုင်တဲ့ စစ်မှန်တဲ့ရတနာများကို စနစ်တကျ သိမ်းဆည်းထားတဲ့ အရေးပါတဲ့ ဌာနကြီးတစ်ခုဖြစ်တယ်ဆိုတာ သိရှိလာခဲ့ပါတယ်။ ကျွန်မ ဘာမှန်းမသိဘဲ ရွေးချယ်ခဲ့တဲ့ မော်ကွန်းထိန်းအလုပ်က ပြည်သူလူထုနဲ့ မိမိတိုင်းပြည်ကို အကျိုးပြုနိုင်ပြီး တန်ဖိုးရှိတဲ့ အလုပ်တစ်ခုဖြစ်တယ်ဆိုတာ နားလည်သဘောပေါက်လာခဲ့ပါတယ်။

မော်ကွန်းဌာနခွဲမှာ တာဝန်ထမ်းဆောင်တာ ကြာလာတာနဲ့အမျှ နိုင်ငံတိုင်းနိုင်ငံတိုင်းမှာ မော်ကွန်းတိုက်သည် မရှိမဖြစ်အရေးပါကြောင်းနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သည်လည်း တစ်ထောင့်တစ်နေရာမှနေ၍ အုတ်တစ်ချပ်သဲတစ်ပွင့် သွယ်ဝိုက်ပါဝင်ဆောင်ရွက်နေပါတယ်ဆိုတာ ဒီဆောင်းပါးမှတစ်ဆင့် တင်ပြလိုပါတယ်။

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနမှာ သိမ်းဆည်းထားသည့် မော်ကွန်းစာတွဲ စုစုပေါင်း ၂၀၀၀၀၀ ကျော်ခန့်ရှိပြီး စာတွဲအများစုဟာ Case File များဖြစ်ကာ အကျုံးဝင်ကာလကတော့ ၁၈၃၅ ခုနှစ်မှ ယနေ့အထိ ဖြစ်ပါတယ်။ စာတွဲအများစုဟာ ဗြိတိသျှအစိုးရလက်ထက်နဲ့ ခေတ်အဆက်ဆက်အုပ်ချုပ်ခဲ့တဲ့ အစိုးရတို့ရဲ့အထွေထွေအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စီးပွားရေးနှင့် စစ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး စာချုပ်ချုပ်ဆိုရန် ဆွေးနွေးချက်ဆိုင်ရာကိစ္စရပ်များ၊ နယ်ခြားဆန့်ကျင်ရေးလှုပ်ရှားမှုများ၊ သံတမန်ဆက်သွယ်ခြင်းဆိုင်ရာ ကိစ္စများ၊ တတိယ အင်္ဂလိပ်-မြန်မာစစ်ဆိုင်ရာ ကိစ္စရပ်များ၊ တော်လှန်ရေးကောင်စီ၊ တော်လှန်ရေးအစိုးရနဲ့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီတို့လက်ထက် လုပ်ဆောင်ချက်များ စသည်တို့ဖြစ်ပါတယ်။ မော်ကွန်းအုပ်စုများကို လွတ်လပ်ရေးမရမီခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ တော်လှန်ရေးအစိုးရခေတ် စသည်ဖြင့် ခေတ်အလိုက် ခွဲခြားထားတဲ့အပြင် ဝန်ကြီးဌာနများအလိုက်လည်း ခွဲခြားကာ မော်ကွန်းစာတွဲများကို သက်ဆိုင်ရာ မော်ကွန်းအုပ်စုများအောက်တွင် စနစ်တကျ သိမ်းဆည်းထားပါတယ်။

တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် စီမံကိန်းနဲ့ စီမံချက်တွေ ရေးဆွဲတဲ့အခါပဲဖြစ်ဖြစ်၊ ခေတ်အဆက်ဆက် အစိုးရလက်ထက်မှာ ထုတ်ပြန်ခဲ့တဲ့ဥပဒေများ၊ နည်းဥပဒေများနဲ့ လုပ်ဆောင်ချက်များကို ကိုးကားလိုတဲ့အခါပဲဖြစ်ဖြစ် သက်ဆိုင်ရာ အစိုးရဌာနများနဲ့ ဌာနဆိုင်ရာသုတေသီတွေ လိုအပ်သော အထောက်အထားများကို မော်ကွန်းတိုက်ဝန်ထမ်းများက ရှာဖွေပေးရပါတယ်။ အဲဒီလိုအချိန်တိုင်း ကျွန်မတို့ မော်ကွန်းတိုက်ဝန်ထမ်းများဟာ ထမင်းမေ့ ဟင်းမေ့ လိုချင်တဲ့အချက်အလက်တွေ မရမချင်း ရှာဖွေပေးပါတယ်။ သုတေသီတွေ ကိုးကားလိုတဲ့ အထောက်အထားတွေ မတွေ့ခဲ့တဲ့အချိန်မှာ စိတ်ပင်ပန်း လူပင်ပန်းဖြစ်ခဲ့ရတာလည်း အကြိမ်ကြိမ်ပါ။

(ကြုံတုန်း ကျွန်မတစ်ခုလောက် တင်ပြချင်ပါတယ်။ တချို့ဌာနတွေက သူတို့ကိုးကားလိုတဲ့ အချက်အလက်တွေ မရရှိခဲ့လျှင် ပြစ်တင်ပြောဆိုကြပါတယ်။ သက်ဆိုင်ရာအစိုးရဌာနအသီးသီးဟာ ၎င်းတို့ဌာနများမှာ သိမ်းဆည်းထားတဲ့ မှတ်တမ်းများကို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ကို လွှဲပြောင်းပေးခဲ့မှသာ ကျွန်မတို့ဆီမှာ ဌာနအသီးသီးက ကိုးကားလိုတဲ့မှတ်တမ်းများ ရှိမှာဖြစ်ပါတယ်။ ကျွန်မတို့ မော်ကွန်းတိုက်အနေနဲ့ အစိုးရဌာနတွေက လွှဲပြောင်းပေးတဲ့ စစ်မှန်ပြီး တန်ဖိုးရှိတဲ့ မှတ်တမ်းမှတ်ရာများကို စနစ်တကျမှတ်ပုံတင်ပြီး တစ်စုတစ်စည်းတည်း သိမ်းဆည်းထားတဲ့အပြင် နည်းပညာများဖြင့်လည်း သိမ်းဆည်းထားလျက်ရှိပါတယ်)

သုတေသီများကိုးကားလိုတဲ့ အချက်အလက်အထောက်အထားများ တွေ့ရှိခဲ့လျှင်တော့ ကျွန်မအပါအဝင် လုပ်ဖော်ကိုင်ဖက်တွေအကုန်လုံး ပျော်ရွှင်ခဲ့ရပါတယ်။ အဲဒီအချိန်တိုင်း ကျွန်မစဉ်းစားမိတာကတော့ ဆရာ ဆရာမတွေအတွက်က တပည့်မရှား တပြားမရှိ၊ ပီတိကိုစား အားရှိပါ၏ လို့ ဆိုပါတယ်။ ကျွန်မတို့ Archivist တွေကတော့ တိုင်းပြည်အတွက် အရေးပါတဲ့ အခန်းကဏ္ဍကနေ မိမိတတ်နိုင်သလောက် ပါဝင်ထမ်းဆောင်နေပါလားလို့ တွေးမိရင်း ပီတိဖြစ်ခဲ့ရပါတယ်။

အထက်မှာဖော်ပြခဲ့တဲ့ အစိုးရဌာနများနဲ့ ဌာနဆိုင်ရာ သုတေသီများအတွက်သာမက ပြည်တွင်း၊ ပြည်ပမှ ကျောင်းသားသုတေသီများကိုလည်းကောင်း၊ ကျွန်မတို့ဌာနရဲ့သမိုင်းတန်ဖိုး၊ မော်ကွန်းတန်ဖိုး၊ အထောက်အထားတန်ဖိုးနဲ့ အုပ်ချုပ်ရေးတန်ဖိုး အစရှိတဲ့ တန်ဖိုးရှိသည့် မော်ကွန်းမှတ်တမ်းများကို Reference ပြုလုပ်လိုသော ပြည်တွင်း၊ ပြည်ပမှ ပုဂ္ဂလိကသုတေသီများကိုလည်းကောင်း ကျွန်မတို့ရဲ့အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဝန်ထမ်းများမှ ကူညီရှာဖွေ အထောက်အကူပြုပေးလျက်ရှိပါတယ်။ ဒါ့အပြင် သုတေသီများ စာရှာရာမှာ လွယ်ကူချောမွေ့စေရန်ရည်ရွယ်ပြီး မော်ကွန်းထိန်းများအနေနဲ့ စာရှာအကူများဖြစ်တဲ့ တိုက်ပိုင်စာရင်းများ၊ သရုပ်ဖော်စာတမ်းများ၊ မော်ကွန်းအုပ်စု လမ်းညွှန်များ အစရှိသည်တို့ကို ပြုစုရေးသားခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်သည် မှတ်တမ်းရယူရေးအနေဖြင့် တိုင်းပြည်၏ တန်ဖိုးရှိသော မှတ်တမ်းမှတ်ရာများကို အစိုးရဌာနများမှသာမက ပုဂ္ဂလိက အလှူရှင်များထံမှပါ စုဆောင်းသိမ်းဆည်းလျက် ရှိသည့်အပြင် ပြည်တွင်းမှ ပညာရှင်များ၊ အထင်ကရပုဂ္ဂိုလ်များ၏ Oral History များကိုလည်း ရယူသိမ်းဆည်းလျက်ရှိပါတယ်။ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနတွင် သိမ်းဆည်းထားသော တန်ဖိုးရှိသည့် အထောက်အထားများကို သုတေသီများ ပိုမို၍ မှီငြမ်းကိုးကားစေလိုရန်ရည်ရွယ်ပြီး စီမံချက်များလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် သုတေသီဖတ်ရှုခွင့်ကာလကို ၁၉၄၈ ခုနှစ်အထိသာ ဖတ်ရှုခွင့် ပေးခဲ့ရာမှ ယခုအခါ ၁၉၆၃ ခုနှစ်အထိ တိုးမြှင့်ခဲ့ပြီးဖြစ်ပါတယ်။ ထပ်မံ၍လည်း သုတေသီဖတ်ရှုခွင့်ကာလ တိုးမြှင့်ရေးကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာနသည် တိုင်းပြည်တစ်ပြည်၏ စစ်မှန်၍ တစ်ခုတည်းရှိပြီး အဖိုးမဖြတ်နိုင်သည့် တန်ဖိုးရှိသော ရတနာများကို စနစ်တကျထိန်းသိမ်းထားသော ဌာနကြီးတစ်ခုဖြစ်သည့်အားလျော်စွာ ဌာနဆိုင်ရာများမှလည်း မိမိတို့ဌာနတွင် သိမ်းဆည်းထားသော မှတ်တမ်းမှတ်ရာများကို အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာနသို့ လွှဲပြောင်းပေးစေလိုပါကြောင်းနဲ့ ပြည်တွင်းပြည်ပသုတေသီများကိုလည်း လှိုက်လှဲပျူငှာစွာ ကြိုဆိုပါကြောင်း ဒီဆောင်းပါးမှတစ်ဆင့် ပြောကြားလိုပါတယ်။ မော်ကွန်းတိုက်ဝန်ထမ်းများအနေနှင့်လည်း မိမိတို့၏တာဝန်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကျရာနေရာကနေ ကျေပွန်စွာထမ်းဆောင်လျက်ရှိပြီး ပီတိကိုစား အားရှိလျက် ရှိနေပါကြောင်း မိတ်ဆက်တင်ပြလိုက်ပါတယ်။ ။

**အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနမှာ သိမ်းဆည်းထားသည့် မော်ကွန်းစာတွဲ စုစုပေါင်း ၂၀၀၀၀၀ ကျော်ခန့်ရှိပြီး စာတွဲအများစုဟာ Case File များဖြစ်ကာ အကျုံးဝင်ကာလကတော့ ၁၈၃၅ ခုနှစ်မှ ယနေ့အထိ ဖြစ်ပါတယ်။ စာတွဲအများစုဟာ ဗြိတိသျှအစိုးရလက်ထက်နဲ့ ခေတ်အဆက်ဆက်အုပ်ချုပ်ခဲ့တဲ့ အစိုးရတို့ရဲ့ အထွေထွေအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ**

## လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး ဆောင်ရွက်မှုများရှင်းလင်း

**ကံမ ဇွန် ၁၀**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်အရ ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၇ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်လွင်က ရက် ၁၀၀ စီမံချက်ဖြင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများကို စနစ်တကျတိုးမြှင့်ဆောင်ရွက်ခဲ့ပုံများ၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ပြီး ပြည်သူလူထုအပေါ် နွေးထွေးပျူငှာစွာဆက်ဆံရန်၊ ဌာနဆိုင်ရာများ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဥပဒေကိုလေးစားလိုက်နာသော လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်သွားကြရန် စသည်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

**ကျော်ဇေယျဝင်း(ကံမ)**

## ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာများ ဆွေးနွေး

**မိုင်းဖြတ် ဇွန် ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးစီမံချက်အဖွဲ့(ရှမ်း/ရှေ့)မှ ကြီးမှူး၍ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် တိုင်းရင်းသားများ ငြိမ်းချမ်းရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၈ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်က အမှာစကားပြောကြားပြီး ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးရေးစီမံချက်(ရှမ်း/ရှေ့)မှ စီမံချက်ဒါရိုက်တာ ဒေါက်တာဦးမြင့်အောင်က ငြိမ်းချမ်းရေး၊ ပြန်လည်သင်မြတ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာများကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် လက်ထောက်စီမံချက်မန်နေဂျာ ဒေါ်အိသန္တာအောင်က ပြည်သူ့အတွက်အကျိုးပြုစေမည့် ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့သည်။ **သန်းထွန်းအေး(ပြန်/ဆက်)**

## မိတ္ထီလာစက်မှုလယ်ယာဗဟိုသင်တန်းကျောင်းသို့ သင်ထောက်ကူပြု ထွန်စက်နှစ်စီးလှူဒါန်း

**မိတ္ထီလာ ဇွန် ၁၀**

မိတ္ထီလာမြို့နယ်ရှိ စက်မှုလယ်ယာဗဟိုသင်တန်းကျောင်းတွင် သင်ထောက်ကူပြုအဖြစ် အသုံးပြုရန်အတွက် Sonalika အမျိုးအစား 70 HP Cut Section ထွန်စက်တစ်စီးနှင့် 90 HP Cut Section ထွန်စက်တစ်စီးကို အိန္ဒိယနိုင်ငံ International Tractor Limited မှ ဇွန် ၈ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက လှူဒါန်းသည့် ထွန်စက်နှစ်စီးဖြင့် သင်တန်းသားများအနေဖြင့် လက်တွေ့သင်ကြားမှုနယ်ပယ်တွင် စနစ်တကျ လေ့လာသင်ယူနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ ထို့နောက် ထွန်စက်နှစ်စီးနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မိတ္ထီလာစက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီးဦးအောင်စိုးထံသို့ International Tractor Limited မှ Mr.Gaurav Saxena က လွှဲပြောင်းပေးအပ်ပြီး စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစိုးလှိုင်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ထို့နောက် ထွန်စက်သစ်များကို မိတ္ထီလာစက်မှုလယ်ယာဗဟိုသင်တန်းကျောင်းမှ သင်တန်းသားများက လက်တွေ့မောင်းနှင်လေ့ကျင့်နေမှုများကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။ **ချမ်းသာ(မိတ္ထီလာ)**

## ကျေးရွာများ ရေရရှိရေးအတွက် ရေတွင်းများ တူးဖော်ပေးနေ

**မြဝတီ ဇွန် ၁၀**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများ သောက်ရေနှင့် သုံးရေအခက်အခဲမရှိစေရေးအတွက် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ ပြည်သူ့အကျိုးပြုစီမံချက်အရ ကျေးရွာရှစ်ရွာ၌ ရေတွင်း(လက်တူးတွင်း)များကို တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

ရေတွင်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုငွေဖြင့် တူးဖော်ပေးခြင်းဖြစ်ပြီး တစ်တွင်းလျှင် ကျပ် ၄၅ သိန်းနှုန်းဖြင့် ရှစ်ရွာအတွက် စုစုပေါင်း ကျပ်သိန်းပေါင်း ၃၆၀ အကုန်ကျခံ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရေတွင်းတူးဖော်လျက်ရှိသည့် ကျေးရွာများမှာ အေးသုခ၊ ဘထ၊ ဒဗလျူခို့ခီး၊ ပွင့်လင်းအေးမြိုင်၊ ဖလူးကြီး၊ ဇရပ်ဖြူကုန်း၊ လူ့ဘောနှင့် သဲပုံကျေးရွာများဖြစ်ကြောင်း၊ အဆိုပါ ရေတွင်းရှစ်တွင်းအနက် ဇရပ်ဖြူကုန်းကျေးရွာနှင့် သဲပုံကျေးရွာရှိ ရေတွင်းများမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကာ ကျန်ခြောက် ရွာတွင် ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာနှစ်ရွာတွင် ရေတွင်းတူးဖော်ပြီးစီးမှုအခြေအနေနှင့် ကျန်ခြောက်ရွာတွင် တူးဖော်နေသော ရေတွင်းများ အမြန်ဆုံးပြီးစီးရေးအတွက် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးငွေစိုးနှင့် ဝန်ထမ်းများက ဇွန် ၈ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**



## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲ ကျင်းပ

**ပုလဲ ဇွန် ၁၀**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၆ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်သည်။ ဟောပြောပွဲတွင် ပုလဲမြို့မရဲစခန်းမှူး ဒုရဲမှူးထွန်းကျော်က ရှောင်လေဝေးဝေးမူးယစ်ဆေး ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါး၏ အန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမြင့်သိန်းစိုးက မူးယစ်ကင်းစင်ကျောင်းတော်တစ်ခွင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရဲအုပ်သက်ဇော်လတ်က လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ် ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြသည်။

ထို့နောက် ပုလဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက ကျောင်းစာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးအတွက် သုတရသ စာအုပ်မျိုးစုံ အုပ်ရေ ၁၀၀ ကို ကျောင်းအုပ်ဆရာကြီး ဦးပိုက်ရွှေထံ ပေးအပ်လှူဒါန်းခဲ့သည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မုန့်မျိုးစုံနှင့် မြန်မာအစားအစာသင်တန်း ဖွင့်လှစ်

**မန္တလေး ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (င)ရပ်ကွက်၌ ရပ်ရွာအခြေပြု အိမ်တွင်းမှု အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သက်မွေးပညာသင်တန်းတစ်ခုအဖြစ် မုန့်မျိုးစုံနှင့် မြန်မာ့အစားအစာသင်တန်းကို မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနက မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

လူမှုဝန်ထမ်းဦးစီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော ပြည်သူ့အကျိုးပြု ရက် ၁၀၀ စီမံချက်တွင် ပါဝင်သည့် အနေဖြင့် သင်တန်းကို ဇွန် ၆ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် မန္တလေးအိမ်တွင်းမှုကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက ကြီးကြပ်၍ နည်းပြဒေါ်မြမြနှင့် ဆရာမများက သင်ကြားပေးကာ သင်တန်းသူ ၂၀ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဇွန် ၁၁ ရက်အထိဖြစ်ကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အဆိုပါ မုန့်မျိုးစုံနှင့် မြန်မာ့အစားအစာသင်တန်းအပြင် ဒေသခံပြည်သူများ အသက်မွေးပညာများ တတ်မြောက်ကာ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများကိုလည်း ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## သောက်သုံးရေနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်အတွင်းမှ သောက်သုံးရေပြတ်လပ်နေသော ကျေးရွာများသို့ သောက်သုံးရေများနှင့် သောက်ရေကန်တူးဖော်ရန် အလှူငွေ၊ ကျေးရွာဘုန်းတော်ကြီးကျောင်းအတွက် အလှူငွေများကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ကုသလရောင်တော်ဖွင့်နှင့် ကုဋ္ဌိသန့်ရှင်းရေးအသင်းက ဇွန် ၈ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

သောက်သုံးရေ ပြတ်လပ်နေသော တော်ကဆော့ကျေးရွာ၊ တော်ကေးကျေးရွာ၊ အရှေ့စွယ်တော်ကျေးရွာနှင့် အနောက်စွယ်တော်ကျေးရွာများမှ ပြည်သူများအား သောက်ရေသန့်ဘူးများကို အိမ်တိုင်ရာရောက် လှူဒါန်းခဲ့သည့်အပြင် တော်ကဆော့ကျေးရွာတွင် သောက်ရေကန်တူးဖော်ရန် အလှူငွေကျပ်တစ်သိန်း၊ တော်ကေးကျေးရွာ ဘုန်းတော်ကြီးသင်ကျောင်းအတွက် အလှူငွေကျပ်တစ်သိန်းတို့ကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ရွှေတိဂုံစေတီတော် ကုသလရောင်တော်ဖွင့်နှင့် ကုဋ္ဌိသန့်ရှင်းရေးအသင်းသည် ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်အတွင်းမှ သောက်သုံးရေပြတ်လပ်သော ကျေးရွာများသို့ သောက်ရေသန့်များကို ပြီးခဲ့သည့် မေလအတွင်းကလည်း နှစ်ကြိမ်တိုင် သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ခင်မောင်သော်**

## မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးနေ

**မြိတ် ဇွန် ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ မြိတ်မြို့၊ ကျွန်းစုမြို့၊ တနင်္သာရီမြို့နှင့် ကော့သောင်းခရိုင်အတွင်းရှိ ကော့သောင်းမြို့နှင့် ဘုတ်ပြင်းမြို့များမှ မိုးစပါးစိုက်ပျိုးမည့်တောင်သူများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြိတ်ဘဏ်ခွဲမှ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ဇွန် ၉ ရက်တွင် မြိတ်မြို့တုံးဗျောကျေးရွာအုပ်စုမှ တောင်သူ ၁၂၇ ဦးပိုင် လယ်မြေ ၈၂၉ ဧကအတွက် ချေးငွေ ကျပ်သိန်းပေါင်း ၁၂၄၃ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း၊ ချေးငွေထုတ်ချေးပေးရာတွင် ယခင်နှစ်က အတိုးငါးရာခိုင်နှုန်းဖြင့် လယ်တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်း ချေးငွေထုတ်ပေးခဲ့ပြီး ယခုနှစ်တွင် အတိုးရှစ်ရာခိုင်နှုန်းဖြင့် လယ်တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်း ချေးငွေထုတ်ချေးပေးလျက်ရှိကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတာဝန်ခံမန်နေဂျာက ပြောသည်။

အဆိုပါချေးငွေများကို မြိတ်ဘဏ်ခွဲမှ မေ ၂၄ ရက်က စတင်ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကာ ဇွန် ၉ ရက်အထိ မြိတ်မြို့ရှိ ကျေးရွာများမှ လယ်မြေ ၄၀၂၁ ဧကအတွက် ချေးငွေကျပ် ၆၀၃၁ သိန်းကျော်ကိုလည်းကောင်း၊ ကျွန်းစုမြို့နယ် ကျေးရွာများမှ လယ်မြေ ၂၉၄ ဧကအတွက် ချေးငွေကျပ် ၄၄၁ သိန်းကိုလည်းကောင်း ထုတ်ချေးပေးထားခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသေးသော ကျေးရွာများမှ တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေးနှင့် ဇီကာဗိုင်းရပ်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲများကျင်းပ

**သံဖြူဇရပ် ဇွန် ၁၀**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ပညာပေးအစီအစဉ်တစ်ရပ်အဖြစ် သွေးလွန်တုပ်ကွေးနှင့် ဇီကာဗိုင်းရပ်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲများကို မြို့နယ်ကုသရေးဦးစီးဌာနက သံဖြူဇရပ်မြို့ အထက(၁)နှင့် အထက(၂) ကျောင်းများ၌ ဇွန် ၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။



ဟောပြောပွဲတွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်ဌေးက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရခြင်းအကြောင်းရင်း၊ ရောဂါဖြစ်ပွားမှုလက္ခဏာ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရောဂါဖြစ်ပွားပါက ဆေးရုံတွင်ကုသစေခြင်းစသည့် အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းမှတစ်ဆင့် ဖြစ်ပွားနိုင်သည့် သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာများနှင့် လက္ခဏာချင်းဆင်တူသော ဇီကာဗိုင်းရပ်စ် ရောဂါအကြောင်းကိုလည်း ဟောပြောခဲ့သည်။

သံဖြူဇရပ်မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်း လျော့နည်းကျဆင်းစေရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနသည် မြို့နယ်ကျန်းမာရေးကော်မတီ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် အခြေခံကျသော ခြင်နှိမ်နင်းရေးလုပ်ငန်းဖြစ်သည့် ပိုးလောက်လမ်းပေါက်ပွားမှုမရှိစေရန် ဖုံးသွန်လဲစစ် စစ်ဆေးခြင်းလုပ်ငန်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည့်အပြင် သွေးလွန်တုပ်ကွေးရောဂါအကြောင်းကို ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ သိရှိစေရေးအတွက် အသိပညာပေးဟောပြောခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

## သောက်သုံးရေရှားပါးခက်ခဲသောကျေးရွာသို့ ရေများသွားရောက်ဖြန့်ဝေ

**မြင်းခြံ ဇွန် ၁၀**

မြန်မာနိုင်ငံအနှံ့တွင် မိုးများစတင်ရွာသွန်းနေပြီဖြစ်သော်လည်း ရေပြတ်လပ်နေဆဲဖြစ်သော မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ ညောင်ဝန်းကျေးရွာမှ ပြည်သူများအတွက် သောက်သုံးရေများကို မြင်းခြံခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က ဇွန် ၇ ရက်တွင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးချမ်းမြေ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးသက်လွင်အောင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုအဖွဲ့များ ပူးပေါင်းအဖွဲ့က သောက်သုံးရေများကို ဖြန့်ဝေပေးခဲ့ပြီး ကျေးရွာရှိ ရေကန်ကို ပြုပြင်တူးဖော်ထားမှုနှင့် ရေကန်အတွင်းရေဝင်ရောက်မှုအခြေအနေများကိုလည်း ကြည့်ရှုခဲ့သည်။

ညောင်ဝန်းကျေးရွာရှိ ရေကန်မှာ ပြီးခဲ့သည့်နှစ် မိုးရာသီအတွင်းက မိုးရွာသွန်းမှုနည်းသဖြင့် ကန်အတွင်းရေဝင်ရောက်မှုမရှိခဲ့သောကြောင့် နွေရာသီတစ်လျှောက်လုံးတွင် ရေပြတ်လပ်ခဲ့ကြောင်း၊ ရေတွင်းတူးသော်လည်း ရေငန်နှင့် ရေခါးများသာထွက်ရှိ၍ ကန်ရေကိုသာ ချွေတာသုံးစွဲနေရကြောင်း၊ မြို့နယ်မှ တာဝန်ရှိသူများနှင့် အလှူရှင်များက နှစ်ရက်ခြားတစ်ခါ၊ သုံးရက်ခြားတစ်ခါ လာရောက်လှူဒါန်းနေကြခြင်းကြောင့်သာ သောက်သုံးရေအတွက် ပူပန်စရာမလိုခြင်းဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသသည် ပူပြင်းခြောက်သွေ့ပြီး မိုးရွာသွန်းမှုနည်းပါးသဖြင့် ကျေးရွာအချို့မှာ နွေရာသီတွင် သောက်သုံးရေပြတ်လပ်ရှားပါးမှုကို နှစ်စဉ်တွေ့ကြုံရပြီး နိုင်ငံတော်အစိုးရကလည်း သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးသော်လည်း အချို့ကျေးရွာများမှာ ရေတွင်းတူးဖော်ပါက သောက်သုံး၍မဖြစ်သော ရေငန်၊ ရေခါးများသာ ထွက်ရှိခြင်းတို့ကြောင့် မိုးရွာသွန်းမှုနည်း၍ ရေကန်များခန်းခြောက်ပါက သောက်သုံးရေရှားပါးပြတ်လပ်မှုများကို တွေ့ကြုံနေရဆဲဖြစ်သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပညာပေးဟောပြောပွဲများ ကျင်းပ



**ဆားလင်းကြီး ဇွန် ၁၀**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲများကို စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပန်းမြတ်သဇင်ခန်းမ၌ ဇွန် ၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဆားလင်းကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိုးရီက အမှာစကားပြောကြားပြီး ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းသန်းက မူးယစ်ဆေးဝါး အလွဲသုံးမှု၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ချက်များ၊ ကျောင်းသားလူငယ်များအကြား မူးယစ်ဆေးဝါး စိမ့်ဝင်မှုမရှိစေရေး၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများဖြစ်သော လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း ရှင်းလင်းဟောပြောခဲ့သည်။ ဆားလင်းကြီးမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲများလည်း ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# ကွမ်းစားသုံးမှု လျှော့ချရေးဆောင်ရွက်မှု နိုင်ငံတော်သမ္မတရုံးဝက်ဘ်ဆိုက်တွင် ဆန္ဒပေးနိုင်

**ရန်ကုန် ဇွန် ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးဝက်ဘ်ဆိုက် http://www.president-office.gov.mm တွင် ကွမ်းစားသုံးမှု လျှော့ချရေးနှင့် ကွမ်းတံတွေး စည်းကမ်းမဲ့ထွေးမှု ပပျောက်ရေး ဆောင်ရွက်မှုနှင့်ပတ်သက်၍ လူထုသဘောထားတောင်းခံခြင်း (Poll)အစီအစဉ်ကို ပြုလုပ်ထားပြီး အင်တာနက်သုံးသူများအနေဖြင့် ဝင်ရောက်၍ ဆန္ဒပေးနိုင်ကြောင်း သိရသည်။

ဆန္ဒသဘောထားပေးမှုများအနေဖြင့် (၁)လုံးဝထောက်ခံပါသည်။ (၂)မထောက်ခံပါ။ (၃)မူဝါဒကို ထောက်ခံသည်။ သို့သော် လုပ်နည်း မထောက်ခံပါ။ (၄) ကွမ်းနှင့်အတူ လောင်းကစား၊ မူးယစ်ဆေးဝါး၊ အရက်သေစာများကို ထိထိရောက်ရောက် ထိန်းချုပ်ပေးစေလိုပါသည်။ (၅) ထောက်ခံ၊ မထောက်ခံ မှတ်ချက် မပေးလိုပါဟု ငါးမျိုးပါဝင်သည်။




ဇွန် ၈ ရက်က စတင်ပြုလုပ်ခဲ့သော အဆိုပါ ဆန္ဒသဘောထားပေးမှုတွင် ဇွန် ၉ ရက် ညနေ ၆ နာရီအထိ ဆန္ဒပေးထားသည့် အရေအတွက် ၄၉၃၀ ရှိနေသည်။ ဆန္ဒပေးထားမှုအရ 'လုံးဝ ထောက်ခံပါသည်'ဆိုသည့် အချက်မှာ သဘောထား ၁၁၅၂ ခုဖြင့် ၂၃ ရာခိုင်နှုန်းရှိပြီး 'မထောက်ခံပါ' ဆိုသည့်အချက်မှာ သဘောထား ၁၂၅ ခုဖြင့် ၃ ရာခိုင်နှုန်းသာ ရှိနေသည်။ 'မူဝါဒကို ထောက်ခံသည်။ သို့သော် လုပ်နည်း မထောက်ခံပါ' ဆိုသည့် အချက်မှာ သဘောထား ၁၂၇၇ ခုဖြင့် ၂၆ ရာခိုင်နှုန်းအထိရှိနေပြီး ထောက်ခံပါသည်ဆိုသည့် သဘောထားထက် ပိုများနေသည်။

'ကွမ်းနှင့်အတူ လောင်းကစား၊ မူးယစ်ဆေးဝါး၊ အရက်သေစာများကို ထိထိရောက်ရောက် ထိန်းချုပ်ပေးစေလိုပါသည်' ဆိုသည့်အချက်မှာ သဘောထားပေးမှု အများဆုံးဖြစ်ကာ ၂၃၆၀ အထိ ရရှိထားပြီး ရာခိုင်နှုန်းအားဖြင့် ၄၈ ရာခိုင်နှုန်းအထိ ရရှိထားသည်။ 'ထောက်ခံ၊ မထောက်ခံ မှတ်ချက် မပေးလိုပါ'ဆိုသည့်အချက်ကိုမူ သဘောထားပေးထားသူ ၁၆ ဦးသာ ရှိကာ အနည်းဆုံးဖြစ်သည်ကို တွေ့ရသည်။

အဆိုပါ အစီအစဉ်တွင် အင်တာနက်သုံးသူ ပြည်သူတိုင်းအနေဖြင့် မိမိတို့၏ သဘောထားကို ဝင်ရောက်၍ ဆန္ဒပြုနိုင်ပြီး အဆိုပါ ပြည်သူလူထုသဘောထား ဆန္ဒတောင်းခံသည့် အစီအစဉ်မှာ နိုင်ငံတော်သမ္မတရုံး ဝက်ဘ်ဆိုက်အနေဖြင့် ပထမဆုံးအကြိမ်ပြုလုပ်သော လူထုဆန္ဒတောင်းခံသည့် အစီအစဉ်ဖြစ်သည်ကိုလည်း တွေ့ရသည်။

**သူရဖြိုး**

## New Product

## မင်မိုရီပမာဏ အများဆုံးပါတဲ့ Gionee M5 Plus



Gionee M5 Plus ဟာ Gionee ရဲ့ Marathon စီးရီးစ်ထဲက နောက်ဆုံးထွက်ဖုန်းတစ်လုံးဖြစ်ပြီး တန်ဖိုးမြင့်မော်ဒယ်တစ်ခုလည်း ဖြစ်ပါတယ်။မျက်နှာပြင်က ခြောက်လက်မရှိလို့ အရွယ်အစားကြီးမားတဲ့ဖုန်းမျိုးကို ကြိုက်သူတွေ အဆင်ပြေမှာဖြစ်ပြီး Resolution က 1080x1920 pixels ရှိပါတယ်။ ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်ပြီး နက်ဝက်ကတော့ GSM နက်ဝပ်ဖြစ်ပါတယ်။ ကင်မရာပိုင်းမှာတော့ ၅ မဂ္ဂါပစ်ဇယ်ရှိတဲ့ရှေ့ကင်မရာနဲ့ ၁၃ မဂ္ဂါပစ်ဇယ်ရှိတဲ့ နောက်ကင်မရာတွေ ပါဝင်ပြီး နောက်ကင်မရာဟာ 1080P ဗီဒီယို ရိုက်ကူးနိုင်ပါတယ်။

အန်းဒရွိုက်ဗားရှင်းက 5.1(Lollipop)ကို သုံးထားပြီး CPU က Octa-core Cortex-A53 ကို သုံးထားပါတယ်။ မင်မိုရီပိုင်းမှာတော့ RAM က 3GB အထိ ပါဝင်သလို အင်တာနယ်မင်မိုရီ 64GB ပါဝင်တာက Gionee M5 ရဲ့ဘယ်ဖုန်းနဲ့မှ မတူတဲ့ အားသာချက်ဖြစ် ပါတယ်။ ဒါ့ထက်ပိုပြီး စိတ်ဝင်စားစရာအချက်ကတော့ မင်မိုရီကတ်ကို ထပ်စိုက်သုံးမယ်ဆိုရင် 256 GB အထိ ထပ်တိုးနိုင်အောင် ထောက်ပံ့ပေးထားတာပဲဖြစ်ပါတယ်။ ဘက်ထရီပိုင်းမှာတော့ 5020 mAh Li-Po ဘက်ထရီကို သုံးထားလို့ အသင့်အနေအထားမှာ တစ်လကျော်အထိ ထားနိုင်မှာဖြစ်သလို တစ်ဆက်တည်းဖုန်းပြောချိန် နှစ်ရက်ခွဲလောက်ရမယ်လို့ ဆိုပါတယ်။ **သူရဖြိုး**

# ITPEC အောင်လက်မှတ်ပေးအပ်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၁၀**

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က စစ်ဆေးခဲ့သော (Information Technology Professionals Examination Council-ITPEC) စာမေးပွဲများ၏ အောင်လက်မှတ်ပေးအပ်ပွဲကို ရန်ကုန်မြို့ MICT Park ၌ ဇွန် ၁၁ ရက်(ယနေ့) နံနက် ၉ နာရီမှ စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အောင်လက်မှတ်ပေးအပ်ပွဲတွင် ၂၀၁၅ ခုနှစ် ဧပြီလနှင့် အောက်တိုဘာလအတွင်းက စစ်ဆေးခဲ့သော ITPEC စာမေးပွဲမှ တစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိပြီး(Top Gun)ဆုရရှိသူနှစ်ဦးနှင့် FE စာမေးပွဲတွင် အကောင်းဆုံးဆုရရှိသူနှစ်ဦးကို ဆုများချီးမြှင့်ပြီး ၂၀၁၅ ခုနှစ် ဧပြီလ၊ အောက်တိုဘာလနှင့် ၂၀၁၆ ခုနှစ် ဧပြီလအတွင်းက စစ်ဆေး ခဲ့သော FE Exam နှင့် IT Passport Exam တို့တွင် အောင်မြင်ခဲ့သူများကို အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ITPEC သည် မြန်မာ၊ ဂျပန်၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ မွန်ဂို၊ ဖိလစ်ပိုင်နှင့် ဘင်္ဂလားဒေ့ရှ် ရှစ်နိုင်ငံမှ အဖွဲ့အစည်းများ ပူးပေါင်းဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ပြီး အိုင်တီပညာရှင်များ၏ နည်းပညာဆိုင်ရာ အရည်အချင်းကို သတ်မှတ်ရန် စာမေးပွဲများ စစ်ဆေးပေးလျက်ရှိသည်။ မြန်မာနိုင်ငံအတွက် ITPEC အသိအမှတ်ပြုစာမေးပွဲများအဖြစ် IT Passport(IP)၊ Fundamental IT Engineer(FE)နှင့် Apply IT Engineer(AP)စာမေးပွဲသုံးမျိုးကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ကြီးမှူး၍ နှစ်စဉ် ဧပြီလနှင့် အောက်တိုဘာလတွင် စစ်ဆေးပေးလျက်ရှိသည်။

**သူရဖြိုး**

# Facebook Plus အစီအစဉ်ကို အော်ရီဒူးမိတ်ဆက်

**ရန်ကုန် ဇွန် ၁၀**

အော်ရီဒူးသုံးစွဲသူများအနေဖြင့် အော်ရီဒူးဖုန်းအချင်းချင်းအခမဲ့ခေါ်ဆိုခွင့်၊ အခြားအော်ပရေတာများသို့ တစ်မိနစ်လျှင် ၂၀ ကျပ်နှုန်းဖြင့် ခေါ်ဆိုခွင့်နှင့် Facebook ကို 1MB လျှင် တစ်ကျပ်နှုန်းဖြင့် အသုံးပြုနိုင်ခွင့်များ ပူးပေါင်းပါဝင်သည့် Facebook Plus အစီအစဉ်သစ်ကို အော်ရီဒူးက စတင်မိတ်ဆက်ပေးထားပြီဖြစ်ကြောင်း သိရသည်။

ဖေ့စ်ဘွတ်စ်ပလပ်စ်အစီအစဉ်ကို နေ့စဉ်သုံးအစီအစဉ်နှင့် အပတ်စဉ်သုံး အစီအစဉ်အဖြစ် ရယူနိုင်မည်ဖြစ်ပြီး နေ့စဉ်သုံးအစီအစဉ်ကို ရယူရန်အတွက် နံပါတ် *4441# ကို ခေါ်ဆို၍ဖြစ်စေ၊ 4441 သို့ FB1 ဟု SMS ပေးပို့၍ ဖြစ်စေ ရယူနိုင်ပြီး အပတ်စဉ်သုံးအစီအစဉ်ကို ရယူရန်အတွက် *4442# ကို ခေါ်ဆို၍ဖြစ်စေ၊ 4442 သို့ FB7 ဟု SMS ပေးပို့၍ဖြစ်စေ ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၂)လမ်းအထူးအဖွဲ့(၇)မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်(ငွေလုံးငွေရင်း/ပြင်ထိန်း) ရန်ပုံငွေဖြင့် ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်(၂၉/၄မှ ၆၈/၅)မိုင်အတွင်းတွင် မြေသားလုပ်ငန်းများ ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူးရုံး၊ လမ်းအထူးအဖွဲ့(၇)၊ ကလေးဝမြို့တွင် ၁၀-၆-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၃-၆-၂၀၁၆ရက် ၁၆း၃၀နာရီ
**တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၂၄-၆-၂၀၁၆ရက် ၁၃း၀၀နာရီ
**တင်ဒါရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ **လမ်းဦးစီးဌာန၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့။**

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | အသုံးတူပစ္စည်း | ၁၂မျိုး |
| (ခ) | ကျောင်းသုံးပစ္စည်း | ၇မျိုး |
| (ဂ) | အဓိကအားကစားပစ္စည်း | ၁၁မျိုး |
| (ဃ) | အိပ်ရာသုံးပစ္စည်း | ၆မျိုး |
| (င) | အားကစားနည်း(၁၀)မျိုးအတွက် အထောက်အကူပြုပစ္စည်းများ | |

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၁၇-၆-၂၀၁၆ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၄ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုသည့်အချက်အလက်များကို အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)ဖုန်း-၀၉-၂၅၅၉၆၁၃၇၉ တို့သို့ ၁၃-၆-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**
**အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး
## ခုတင် (၂၀၀) ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြောင်းမြခရိုင် ကုသရေးဦးစီးဌာန၊ ခုတင် (၂၀၀)ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော (FDA)အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်မှန်နှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
**စတင်ရောင်းချမည့် ရက်** - ၁၃-၆-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၁၂-၇-၂၀၁၆ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းများ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင် (၂၀၀)ဆေးရုံအုပ်ကြီးရုံး၊ မြောင်းမြမြို့**
**ဖုန်း-၀၄၂-၇၁၂၉၁၊ ၀၉-၇၉၁၂၁၉၉၆၁**

**ဖခင် အမည်မှန်**

ဇန်းမော်မြို့၊ အထက-၁ သတ္တမတန်း(A)မှ မအိအိသွယ်၏ ဖခင်အမည်မှန်မှာ ဦးကျော်လီရွှေ ၇/တငန(နိုင်)၀၄၀၂၉၈ ဖြစ်ပါကြောင်း။ **ဦးကျော်လီရွှေ**




အမှတ် F.2~8 ပထမထပ်၊ အောင်ဆန်းကွင်း မြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း - 09 730 84 840, 09 730 84 841

Building-N, Room # 33,34၊ သီရိရတနာလက်ကားဈေး၊ သုဓမ္မာလမ်း၊ အောင်မင်္ဂလာအဝေးပြေးအနီး၊ မြောက်ဥက္ကလာပ၊ ဖုန်း- 09 79 700 70 88, 09 79 700 70 99

အမှတ် ၁၂၃၇၊ ဇော်ဂျီလမ်း၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း - 09 730 84 844, 09 79 590 0146

**ဖခင်အမည်မှန်**

ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ) ကင်မွန်းချောင်း အဋ္ဌမတန်း(A)မှ မနှင်းနှင်းနွယ်၏ ဖခင်အမည်မှန်မှာ ဦးကြည်မြင့် ၁၀/ကထန(နိုင်)၀၀၁၂၃၅ ဖြစ်ပါကြောင်း။

**ဦးကြည်မြင့်**

**ဖခင်အမည်မှန်**

ပင်လည်ဘူးမြို့နယ်၊ ခေါက်စင်းကျေးရွာ အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်အောင်ဇော်မင်း၏ ဖခင်အမည်မှန်မှာ ဦးအေး ၅/ကလန(နိုင်)၀၁၉၅၁၆ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

ပင်လည်ဘူးမြို့နယ်၊ ခေါက်စင်းကျေးရွာ အထက တက္ကသိုလ်ဝင်တန်း(B)မှ မနှင်းအိထွေး၏ ဖခင်အမည်မှန်မှာ ဦးစိန်သန်း ၅/ကလန(နိုင်)၀၁၄၃၄၂ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မိုးကောင်းမြို့၊ အထက(၂)၊ နဝမတန်း(F)နှင့် ဆဋ္ဌမတန်း(B)မှ မမြနန်စံ၊ မောင်မင်းထက်စံတို့ ဖခင်အမည်မှန်မှာ ဦးဆိုင်းပေါင်းဖု ဖြစ်ပါသည်။

## အမည်ပြောင်း

ဖားကန့်မြို့၊ အထက (မော်စီဆာရွာမ)၊ ပထမတန်းမှ မမေရီခေါန်ဒင့်အား မမေရီဒင့် ဟု ပြောင်းလဲခေါ်ပါရန်။

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ သတ္တမတန်း(F)မှ မဆန်ဂျာနား၏ မိဘအမည်မှန်မှာ ဦးကူမား ၁/မကန(နိုင်)၁၀၇၅၇၆နှင့် ဒေါ်လက်ချ်မီဒေဗီ ၁/မကန(နိုင်)၁၂၅၉၈၉ ဖြစ်ပါသည်။

## အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (ဇီးလွန်)၊ နဝမတန်း ($B_1$)မှ မောင်ရှီးမုန်၏ အမည်မှန်မှာ မောင်ဟဲဆီးမုန် ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်၊ အမှတ်(၅/၁၀၀)နေ (ဘ)ဦးယောဆက်၏သမီး မဆာလဘီနာ၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၂-၁၉၉၆ ဖြစ်ပါသည်။

## နိုင်ငံသားစိစစ်ရေး အမှန်ဖြစ်ကြောင်း

နေပြည်တော်၊ အထက(၇)မှ ဆရာမဒေါ်ချောလဲ့လဲ့မြင့်၏ နိုင်ငံသားစိစစ်ရေးအမှတ်အမှန်မှာ ၁၄/ညတန(နိုင်)၂၂၁၀၇၆ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

နေပြည်တော်ကောင်စီ၊ ဇေယျာသီရိမြို့နယ်၊ ပေါင်းလောင်းရေအား လျှပ်စစ် အခြေစိုက်ဝင်းနေ ဦးမျိုးသန့်၊ ၉/ရမသ(နိုင်)၀၈၈၇၆၆၏သား အထက(၁)နေပြည်တော်၊ ပဥ္စမတန်း(B)မှ မောင်ဟိန်းသန့်စင်အား မောင်ငြိမ်းသန့်ကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ငြိမ်းသန့်ကို**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရှမ်းပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ် အစိုးရ၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ သင်တန်းခန်းမ (၂)လုံး ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး) (၃၀'×၆၀')R"C နှစ်ထပ်(၁)လုံး

(ခ) ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(ကျောက်မဲ) (၃၀'×၆၀')RC နှစ်ထပ်(၁)လုံး

**တင်ဒါပိတ်မည့်ရက်** - ၁၄-၇-၂၀၁၆ ရက် (ကြာသပတေးနေ့)၊ ၁၆း၀၀ နာရီ

**တင်ဒါဖွင့်မည့်ရက်** - ၁၅-၇-၂၀၁၆ ရက် (သောကြာနေ့)၊ ၀၉း၃၀ နာရီ

**တင်ဒါတင်သွင်းရမည့်နေရာ** - ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး၊ တောင်ကြီးမြို့

၂။ တင်ဒါပုံစံများအား ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၁-၂၀၆၈၂၉၊ ၀၉-၄၂၀၇၃၀၁၃၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ပိတောင်ဘေးမဲ့တော၊ မြစ်ကြီးနားမြို့မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ကချင်ပြည်နယ်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရုံးတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်။

| စဉ် | လုပ်ငန်းအမည် | အရေအတွက် | မြို့နယ် |
|---|---|---|---|
| (၁) | ဦးစီးအရာရှိနေအိမ် (၃၀'×၂၄'×၁၁') သံကူကွန်ကရစ် 4 Angle အမိုး | ၁ | မြစ်ကြီးနားမြို့ |
| (၂) | ၂-ခန်းတွဲဝန်ထမ်းနေအိမ် (၄၂'×၃၀'×၁၁') သံကူကွန်ကရစ် 4 Angle အမိုး | ၁ | မြစ်ကြီးနားမြို့ |

| | | | |
|---|---|---|---|
| (က) | **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** | - | ၂၀-၅-၂၀၁၆ရက်၊ ရုံးဖွင့်ချိန်မှ ၁၉-၆-၂၀၁၆ ရက်၊ ၁၄း၀၀နာရီအတွင်း |
| (ခ) | **အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ** | - | ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်ဒါတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိလိုပါက ကချင်ပြည်နယ်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖုန်း-၀၇၄-၂၉၅၁၆၊ ၀၉-၄၀၀၀၄၀၆၁၉

သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ ပိတောင်ဘေးမဲ့တော၊ မြစ်ကြီးနားမြို့ ဖုန်း-၀၉-၈၅၀၀၂၃၄၊ ၀၉-၇၉၀၄၃၀၄၉၉၊ ၀၉-၅၁၃၉၈၈၇တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး-ပုသိမ်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ခုတင်(၅၀၀)အထွေထွေရောဂါကုဆေးရုံကြီးအတွက် လိုအပ်သော ဆေး/ဆေးပစ္စည်းများ (FDAအသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၀-၆-၂၀၁၆ရက် (သောကြာနေ့)

**တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** - ပုသိမ်မြို့ခုတင်(၅၀၀) အထွေထွေရောဂါကုဆေးရုံကြီး ဧရာဝတီတိုင်းဒေသကြီး

**တင်ဒါပုံစံနောက်ဆုံး ပေးသွင်းရမည့်ရက်အချိန်** - ၁၁-၇-၂၀၁၆ရက် (တနင်္လာနေ့)ညနေ၄း၀၀နာရီ

၂။ အသေးစိတ်သိရှိလိုပါက ပုသိမ်ပြည်သူ့ဆေးရုံကြီး ဖုန်း-၀၄၂-၂၁၇၅၀၊ ၀၄၂-၂၅၆၃၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**

**အထွေထွေရောဂါကုဆေးရုံကြီး-ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး**

## လေလံတင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရှိ အသုံးပြုပြီးသော စက်ပစ္စည်းအဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်လေလံတင်ဒါဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် တင်ဒါစည်းကမ်းချက်များနှင့် ဈေးနှုန်းတင်သွင်းလွှာပုံစံများကို ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ၂၂-၆-၂၀၁၆ရက်ထိ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ သိရှိလိုသည့်အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၀၃၁၆သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)**
**နေပြည်တော်**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော ရုံးသုံးစက်ကိရိယာ(၈)မျိုးနှင့် ရုံးသုံးပရိဘောဂ (၁၀)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၆-၂၀၁၆ရက်

**တင်ဒါပိတ်မည့်ရက်** - ၁၂-၇-၂၀၁၆ရက်

**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့တွင်တက်ရောက်ကုသလျက်ရှိသော လူနာများအားကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(၂) **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ထုတ်ယူရမည့်ရက်** - ၁၃-၆-၂၀၁၆ရက် (တနင်္လာနေ့)

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၂-၇-၂၀၁၆ရက်(အင်္ဂါနေ့) ညနေ ၄း၀၀နာရီ

(၃) တင်ဒါလျှောက်လွှာစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို ၁၃-၆-၂၀၁၆ရက်မှ ၁၂-၇-၂၀၁၆ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့၊ ဖုန်း-၀၅၉-၄၂၀၃၃၊ ၀၅၉-၄၁၀၀၅

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ မုံရွာမြို့ (စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနအတွက် ကတ္တရာအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကတ္တရာ(၈၀/၁၀၀) အမျိုးအစား ၄၉၈၆ တန်အား မြန်မာကျပ်ငွေ တန်ဖိုးဖြင့် ဝယ်ယူလိုပါသည်။

